
# ကြောက်စိတ်



**မောင်သစ်ဆင်း**

သင့်ဘဝ မျက်နှာဖုံး ဆောင်းပါးများ

ဘဝခရီးအတွက်
ကြောက်စရာအကောင်းဆုံးအရာဟာ
အကြောက်တရားပါ။
ကလေးငယ်ရဲ့ ရင်ထဲကို
ကြောက်စိတ်သွင်းပေးလိုက်ခြင်းဟာ
အနာဂတ်ကို မြေမြှုပ်သင်္ဂြိုလ်ဖို့
ကျင်းတူးပေးလိုက်တာပါပဲ။

**မောင်သစ်ဆင်း**

# ကြောက်စိတ်

APK
1997

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်
သတ်မှတ်ခြေမှုန်းကြ။

စာမူခွင့်ပြုချက် အမှတ် – [၄၂၈/၉၇ (၇)]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – [၄၂၈/၉၈ (၉)]

●

မျက်နှာဖုံးဒီဇိုင်း
အော်ပီကျယ်

. . . . . . . . . . .

ပုံနှိပ်ခြင်း
ပထမ အကြိမ်
အုပ်ရေ ၁၀၀၀

. . . . . . . . . . .

ထုတ်ဝေခြင်း
၁၉၉၈ – အောက်တိုဘာလ

. . . . . . . . . . .

ကွန်ပြူတာစာစီ
မုံရွေး

. . . . . . . . . . .

စာအုပ်ချုပ် ကိုမြင့်

●

ထုတ်ဝေသူ – ဦးတင်မောင်၊ သင့်ဘဝစာပေတိုက်၊
၁၇၊ မလွှကုန်းလမ်း၊ တာမွေမြို့နယ်။
ပုံနှိပ်သူ – ဦးကျော်ဇင်၊ ခိုင်ရည်မွန် ပုံနှိပ်တိုက်၊
ရေကျော်၊ ဗိုလ်တစ်ထောင်မြို့နယ်။
အဖုံးပုံနှိပ် – ဦးတင်မောင်ဝင်း၊ သင်းလဲ့ဝင်း ပုံနှိပ်တိုက်၊
၁၊ ဗိုလ်ရာညွန့်လမ်း၊ ရန်ကုန်မြို့။

တန်ဖိုး (၂၂၀) ကျပ်

မုံရွေးစာအုပ် (၂၃)

မောင်သစ်ဆင်း

# ကြောက်စိတ်နှင့်၊ သင့်ဘဝ မျက်နှာဖုံးဆောင်းပါးများ

အမှတ် ၂၁၃ - ၂၁၅၊ ဒုတိယထပ်၊ မိုလ်တစ်ထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၇၀၇၂

# မာတိကာ


၁။ သူတို့ကိုယ်တို့ အချိန်ဝလေ့ .......... ၇

၂။ တုတ်တစ်ချောင်း၏ အတ္ထုပ္ပတ္တိ ....... ၂၇

၃။ မုသား .................................. ၅၅

၄။ ပိုက်ဆံနဲ့ ချမ်းမြေ့သုခ ............... ၈၁

၅။ အံသွားနှစ်ချောင်း၏ အတ္ထုပ္ပတ္တိ ...... ၁၁၇

၆။ အပြောင်းအလဲ ........................ ၁၅၇

# ရေးသူ့ထံမှ...

သင့်ဘဝမဂ္ဂဇင်းတွင် ရေးသားခဲ့သမျှ မျက်နှာဖုံး ဆောင်းပါးများအနက်မှ ဤ(၆)ပုဒ်ကို ရွေးချယ် စုစည်း၍ စာအုပ်အဖြစ် ထုတ်ဝေပါသည်။ အချို့ဆောင်ပါးများကို ကျွန်တော့်သားကြီး၏ အမည်ဖြစ်သည့် "ထူးဖေသစ်"အမည်ဖြင့် ရေးသားခဲ့ပါသည်။ သို့ရာတွင် ထိုဒုတိယတန်း ကျောင်းသားကြီးက သူ့အမည်ကို ဆက်လက် သုံးစွဲခြင်းမပြုရန် ကန့်ကွက်လာပါသဖြင့် ယခု စာအုပ်အတွက် "မောင်သစ်ဆင်း"အမည်တစ်ခု တည်းသာ တပ်လိုက်ရပါကြောင်း အစီရင်ခံရ ပါသည်။

သူတို့ကိုယ်တို့
အချိန်ဓလေ့

သို့ရာတွင် "အချိန်သတိ"သည်
ကျွန်တော်တို့၏ အမျိုးသားဗီဇလက္ခဏာတစ်ခု
ဖြစ်မလာသေးပါ။
"မြန်မာတွေ အချိန်တိကျတယ်"ဟူသော စကားမျိုး
ကမ္ဘာ့ပါးစပ်များ၌ ရေပန်းမစားသေးပါ။
မြန်မာ့ပါးစပ်များမှာတော့
"မြန်မာစံတော်ချိန်လေကွာ"ဟူသော
ပြက်လုံးသာ တွင်ကျယ်ခဲ့ပါသည်။

# (၁)

ဆရာမြသန်းတင့်၏ ကျေးဇူးကြောင့် 'ရှားလော့ဟုမ်း' ဝတ္ထုများကို ဖတ်ရသည့်အခါ ထူးထူးခြားခြား သတိပြုမိလာသော အချက်တစ်ခုကို တွေ့ရပါသည်။

"သူတို့ဆီက အချိန်မလေ့" ဖြစ်၏။

ရှုပ်ထွေး နက်နဲ လှသော အမှုတစ်ခုကို ရှားလော့ဟုမ်း ကိုင်တွယ် ဖြေရှင်းရာတွင် ထိုအချက်ကို အမြဲတမ်းလိုလို အသုံးချခဲ့ကြောင်း တွေ့ရသည်။ ရှားလော့ဟုမ်းသည် သူတို့ဆီက တိကျမှန်ကန်လှစွာသော ဆက်သွယ်ရေးစံနစ် (မီးရထား၊ ကြေးနန်း ... စသည်) နှင့် သတ်မှတ်ထားသည့် အချိန် အတိုင်း မလွဲမသွေ ပြုမူလှုပ်ရှား လုပ်ကိုင်လေ့ ရှိကြသည့် သူတို့ လူ့အဖွဲ့အစည်း၏ နေ့စဉ်ဘဝ သဘာဝတို့ကို ထည့်သွင်း အခြေပြု၍ အမှုအပေါ် စဉ်းစားပုံ စဉ်းစားနည်းကို တည်ဆောက်လေ့ ရှိသည်။ အမှုများ အမှုလာဖြစ်စဉ်၊ ယုတ္တိဗေဒ၊ အသေးအဖွဲ့ကလေးများကို မြင်တတ်မှု၊ ဗဟုသုတ ကျယ်ပြန့်မှု အစရှိ

သည်တို့သည် ရှားလော့ဟုမ်း ဝတ္ထုများ၏ ပါဝင်နေကျ အချက်များ ဖြစ်သော်လည်း ရံဖန်ရံခါ၌ 'အချိန်သဘော' သည် အမှု၏ အဓိက ကွင်းဆက်ဖြစ်နေတတ်သည်။ ထိုသဘောကို ရှားလောဟုမ်း ဝတ္ထု (၁၀) ပုဒ်တွင် အနည်းဆုံး သုံးပုဒ်ခန့်၌ တွေ့ရတတ်သည်။

စာပေ၏ တန်ဖိုးများကို အမှတ်စဉ် ရေးထိုးကြည့်မည်ဆိုလျှင် သမိုင်းတန်ဖိုးသည် နောက်ဆုံးနေရာလောက်တွင် ရှိနေနိုင်ပါလိမ့်မည်။ စာပေ အရာမသွင်းကြသော စာအုပ်များ၌ပင် သူ့ခေတ် လူ့အဖွဲ့အစည်း၏ သဘာဝကို အရိပ်အငွေ့မျှလောက်တော့ တွေ့နိုင်တတ်သေး၏။ ရှားလော့ဟုမ်း စုံထောက်ဝတ္ထုများက ဆာအာသာကိုနင်ဒွိုင်းတို့ ရပ်ရွာ၏ အချိန်စနစ်ကို အလိုအလျောက် ပြောပြသည်မှာ သဘာဝကျပါသည်။ သူတို့ဆီက အချိန်စနစ်ဆိုတာ ဒီလိုပါလားဟု သိလိုက်ရ၏။

ရှားလော့ဟုမ်းကို မြန်မာမှုပြုခဲ့သည် ဆရာကြီး ရွှေဥဒေါင်း၏ 'စုံထောက် မောင်စံရှား' ဝတ္ထုများကို ဖတ်ရသည့်အခါတွင်ကား ဆရာကြီးတို့ခေတ်၏ အချိန်စနစ်ကို တွေ့ရပြန်ပါသည်။

⋈ ⋈ ⋈

***"လာချို့ … ကိုသိန်းမောင်၊ သုံးနာရီ နှစ်ဆယ် လော်ကယ်မီသေးတယ်။ ခပ်သုတ်သုတ်လျှောက်ရင် ဘူတာကို နှစ်မိနစ်နဲ့ ရောက်ပါတယ်ဗျ"***

⋈ ⋈ ⋈

"ပါဆယ်ထုပ် ရတာက ကြာသပတေးနေ့မှာ ရတာဆို တော့ ဗုဒ္ဓဟူးနေ့က ပို့လိုက်ဟန် တူပါရဲ့၊ ဒီတော့ နားရွက်တွေ ဖြတ်ခြင်းဟာ တနင်္လာ၊ အင်္ဂါနေ့လောက် ဖြစ်မှာပဲ"

ꕥ ꕥ ꕥ

ရှား ။ ။ (သူ့ခြေထောက်ကို ကြည့်လျက်) "အင်းစိန် ဘက်က လော်ကယ်ရထားနဲ့ လိုက်ခဲ့မှတ်တယ်"

လူငယ် ။ ။ "မှန်ပါတယ်ခင်ဗျာ"

ရှား ။ ။ "ပြီးတော့ လံချား ဆက်စီးခဲ့တယ် ဟုတ်စ"

လူငယ် ။ ။ "ဟုတ်ပါတယ်ခင်ဗျာ"

ရှား ။ ။ ဒီရွှံ့မျိုးဟာ မြေနီကုန်းဘက်နဲ့ အင်းစိန်ဘက်မှာ ရှိတတ်တာပဲ။ အချိန်ကလည်း ရှစ်နာရီဆိုက်တဲ့ အင်းစိန် လော်ကယ် ရထားက ဆင်းပြီး လန်ချားနဲ့ လာရင် ရောက်လောက်တဲ့ အချိန်"

ꕥ ꕥ ꕥ

"အမှုက နက်နဲတဲ့အပိုင်း ရောက်လာတယ် ဆိုပေမယ့် တကယ် သဘာဝကျကျ စဉ်းစားတတ်ရင် သိပ်မခက်လှပေဘူး။ သူ့မျက်နှာကို အဝတ်နက်နဲ့ အုပ်ထားခံရတယ် ဆိုသော်လည်း အသံကိုတော့ ကြားရတာပဲလေ။ တိုင်ကပ်နာရီက ရှစ်နာရီ ထိုးသံကို ကြားတယ်၊ သိပ်မကြာခင်မှာ မနီးမဝေးက ရထားဥသြဆွဲသံ ကြား ရတယ် ဆိုကတည်းက အမှုက ပြီးသွားပြီ၊ သူရောက်နေတာ ဘောက်ထော် ဘူတာနားက အိမ်တစ်အိမ်မှာပဲ ပေါ့။ ရထား အချိန်စာရင်းကို ကျုပ် ကြည့်ပြီးပြီ။ နေရာသိမှတော့ ကျန်တာတွေ က လွယ်သွားပါပြီဗျာ"

ꕥ ꕥ ꕥ

*"ကျုပ်က ကြေးနန်း ကြိုပြီး ရိုက်လိုက်တယ်လေ။ သူ မရောက်ခင် ကြေးနန်းဟာ ကြိုပြီး ရောက်သွားတော့ တရားခံ ဘယ်ပြေးလွတ်လိမ့်မလဲ"*

××× ××× ×××

*"လူသတ်သမားဟာ လက်မှုပညာမှာ အတော်ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်ပေပဲဗျ၊ စားပွဲတင်နာရီကို လူသတ်ကိရိယာအဖြစ် ဖန်တီးထားတာ၊ ကိုဘလှအောင်ဟာ မနက်ရှစ်နာရီ လေးဆယ့်ငါးမိနစ်မှာ ရုံးခန်းကို ရောက်တာ သူသိထားတယ်။ နာရီကို တီထွင်ထားတာက ကိုးနာရီ ထိုးတာနဲ့ နာရီ အံဝက်တံခါးလေး ပွင့်ပြီး ဓပရင်ကန်အားနဲ့ အဆိပ်အပ် ထွက်လာအောင် စီမံထားတာပဲ၊ ကိုဘလှအောင်ဟာ သူ့ရုံးခန်း စားပွဲမှာ ထိုင်ပြီး ဆယ့်ငါးမိနစ်အကြာ ကိုးနာရီတိတိမှာ အဆိပ်အပ်ကြောင့် သေသွားရတာပါ။ တရားခံကတော့ အဲဒီနေ့ မနက်က နာရီကို စားပွဲပေါ် လာထားသွားတဲ့ သူပါပဲ"*

××× ××× ×××

(အခုနေများ ကျွန်တော့်ကို ထိုနည်းလမ်းအားဖြင့် လုပ်ကြံရန် ကြံစည်ခဲ့လျှင်တော့ လူသတ်သမားမှာ နာရီ တီထွင်ရကျိုးနပ်လိမ့်မည် မဟုတ်ပါ။ အဆိပ်အပ် ထွက်ပြီး အနည်းဆုံး လေးဆယ့်ငါးမိနစ် ကြာမှ ကျွန်တော်က ဘုမသိဘမသိဖြင့် ရုံးခန်းသို့ ရောက်ရှိလာလိမ့်မည် ဖြစ်၏။ ဤကား စကားချပ်)

မောင်စံရှား ဝတ္ထုများကို ဖတ်ရင်းနှင့် စိတ်ထဲမှာ တွေးစရာ တစ်ခု ပေါ်လာပါသည်။ 'ရှားလော့ဟုမ်း' တွေထဲက

'အချိန်' အကြောင်းပြု ဝတ္ထုမျိုးတွေကို အရင်းအတိုင်း မြန်မာမှု ပြုခဲ့ခြင်းမှာ အချိန်စနစ်ချင်း တူခဲ့ကြလို့လား။

ရှေ့မီနောက်မီ လူကြီးသူမတစ်ဦးအား အကျိုးအကြောင်း ပြောပြ မေးမြန်းကြည့်ပါသည်။

"အဘတို့တုန်းက အဲဒီလိုပဲ အချိန်မှန်ကြသလား"

"မှန်တာပေါ့ မောင်ရယ်၊ စောင့်ရတယ်ဆိုတာ သိပ်မရှိလှပါဘူး။ ဆက်သွယ်ရေးစနစ်က ကွက်တိ ဖြစ်အောင် လုပ်ထားတာ"

"လူတွေကလည်း သူ့အချိန်နဲ့ သူ ကွက်တိ ဖြစ်ကြသလား"

"တို့တုန်းက လူကြီး လူကောင်းဆိုတာ ဒီလို လူမျိုးတွေပေါ့ကွာ၊ သူ့ဟာနဲ့သူ ကွက်တိဖြစ်အောင် နေကြတာပဲ"

ကွက်တိ ... ကွက်တိ။

ယခုအခါ ထို 'ကွက်တိ' ဘယ်ရောက်သွားပါလိမ့်။

ဆရာကြီး ရွှေဥဒေါင်းသာ ရှိနေသေးလျှင် မောင်စံရှားကို စောစောစီးစီး ရေးခဲ့မိခြင်းအတွက် အလွန်တရာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေမည်လား မသိ။ ယခုအချိန်မှာ ရေးမည်ဆိုလျှင်တော့ 'ခေတ်ပြိုင် ယုတ္တိ' မရှိဟု ဝေဖန်ကြလိမ့်မည် ထင်သည်။

မည်သို့ပင် ဖြစ်စေ တိကျမှန်ကန်စွာ လည်ပတ် လှုပ်ရှားနေသော အချိန်စနစ် တစ်ခုအတွင်း၌ ကျွန်တော်တို့ ဘိုးဘွားများ နေထိုင်ခဲ့ကြဖူးသည်ဟူသော သမိုင်းတစ်ကွက် ရှိခဲ့၏။

✕✕✕ ✕✕✕ ✕✕✕

(၂)

မြန်မာမှု နယ်ပယ်၌ အချိန်၏ တန်ဖိုးနှင့် ပတ်သက်၍ စကားပုံများ၊ ဆုံးမစာများ၊ နီတိများ၊ ဆိုရိုးစကားများ ကြွယ်ဝစွာ ရှိခဲ့ပြီး ဖြစ်သည်။ ဗုဒ္ဓသာသနာ အဆုံးအမ၌ တည်ခဲ့ကြသော ရှေးမြန်မာကြီးများ၏ လက်ဆင့်ကမ်း သတိပေးချက်များ ဖြစ်ပါသည်။

သို့ရာတွင် 'အချိန်သတိ' (Time Conseious) သည် ကျွန်တော်တို့၏ အမျိုးသား ဗီဇလက္ခဏာတစ်ခု ဖြစ်မလာသေးပါ။ အကျင့်စရိုက်တစ်ခု ဖြစ်မလာသေးပါ။ 'မြန်မာတွေ အချိန်တိကျတယ်' ဟူသော စကားမျိုး ကမ္ဘာ့ပါးစပ်ဖျား၌ ရေပန်း မစားသေးပါ။ မြန်မာ့ပါးစပ်ဖျားမှာတော့ 'မြန်မာ စံတော်ချိန်လေကွာ' ဟူသော ပြက်လုံးသာ တွင်ကျယ်ခဲ့ပါသည်။

ဘာကြောင့်များ ဒီလို ဖြစ်ရတာပါလိမ့်။

အချိန်သတိ လျော့နည်းခြင်းသည် လူမျိုး၏ ဗီဇကြောင့်လား။

သို့မဟုတ် လူမျိုး၏ ဘဝကြောင့်လား။

သို့မဟုတ် ထိုနှစ်မျိုးစလုံးကြောင့်လား။

✕✕✕ ✕✕✕ ✕✕✕

(၃)

"သူတို့ဆီမှာ စက်နာရီ အရင်စပေါ်လို့ သူတို့က ကိုယ့်ထက်ပိုပြီး အချိန်မှန်ကြတာလို့တော့ ပြောလို့မရဘူး။ ဗီဇ စရိုက် အရေးကြီးတယ်၊ တို့က ပေါ့တယ်၊ မလေးနက်ဘူး။ မေ့လွယ်ပျောက်လွယ် ရှိတယ်။ ဆင်ခြင် တွေးခေါ်ဖို့ ပျင်းတယ်။

ခံစားမှုနောက်ကိုပဲ အလွယ်တကူ လိုက်တတ်ကြတယ်။ ဒီလို စရိုက်မျိုး ရှိတဲ့လူဟာ အချိန်ပေါ်မှာသာမကဘူး တခြား ဘာ ကိစ္စအပေါ်မှာမှ လေးလေးနက်နက် သဘောထားတတ်မှာ မဟုတ်ဘူး။ ပညာရေးနဲ့ ထိန်းဖို့လိုတယ်" ဟု အငြိမ်းစား ကျောင်းအုပ်ဆရာကြီးတစ်ဦးက ဝေဖန်ပါသည်။

စီးပွားရေး ပညာရှင်တစ်ဦးကတော့ ဤသို့ ရှုမြင်၏။ "ဘဝချင်း မတူကြဘူးဗျ၊ ကျွန်တော်တို့ဆီမှာက လူတစ်ယောက် ရပ်တည်ဖို့ လွယ်ကူခဲ့တယ်။ သူတို့ဆီမှာက ခက်တယ်။ ကျွန်တော်တို့ဆီမှာ ဖြောင့် စည်သံ တညံညံနဲ့ မုဆိုးမတောင် ဘုရားတည်နိုင်ခဲ့တဲ့ အချိန်တုန်းက သူတို့မှာ ပင်လယ်ထဲ ထွက်၊ ပင်လယ်ဓားပြလုပ်ပြီး တိုင်းပြည်ကို ပံ့ပိုးပေးခဲ့ရတဲ့ အခြေအနေ၊ သူတို့က ဘဝနာခဲ့ကြတယ်။ 'အထိနာ' တော့ 'အသိသာ' တာပေါ့ဗျာ။ နောက်ပိုင်း ကိုလိုနီ နယ်ချဲ့ဘဝ ရောက်ရတာပါပဲ၊ စီးပွားရေး သဘောတွေပါ၊ အခုလည်း သူတို့ဆီမှာ ကြည့်၊ လူတွေဟာ သုတ်သုတ် သုတ်သုတ်နဲ့ မအားကြဘူး။ ဆင်မယဉ်သာ ပုံစံမျိုး လုပ်နေရင် ဒုက္ခ ရောက် သွားမယ်၊ သူတို့အတွက်က အချိန်ဟာ ငွေဖြစ်နေတာကိုး၊ အချိန်အတိအကျ မလုပ်ချင်လို့ကို မရဘူး။ ဘဝပုံစံက အဲဒီ လို။ တိုးတက် ဖွံ့ဖြိုးတဲ့ နိုင်ငံတွေမှာ အချိန်ဟာ မက်လုံးဖြစ် သွားတယ်။ ငွေ ဖြစ်သွားတယ်၊ ဘဝက တောင်းဆိုလာတဲ့ အခါ အချိန်ကို မလေးစားချင်လို့ မရ၊ လေးစားလာရတာပဲ၊ ကြာတော့ အကျင့်ဖြစ်သွားရော"

အမှန်တော့ ကျွန်တော့်မှာ ပြဿနာဟောင်းကြီးထဲသို့ ပြန်လည် တိုးဝင် ကြည့်နေခြင်းသာ ဖြစ်ပါသည်။ ဘဝက အသိကို ပြဋ္ဌာန်းသလား၊ အသိက ဘဝကို ပြဋ္ဌာန်းသလားဟူ သော ပြဿနာက အစ၊ ဗီဇနှင့် ပတ်ဝန်းကျင်အလယ်၊ စိတ်

နဲ့ရုပ် ဘယ်ဟာ အဓိကလဲ ဟူသော ပြဿနာဟောင်းကြီး၌ အဆုံး သတ်ရဖွယ် ရှိပါသည်။ ထားလိုက်ကြပါစို့။

"ဗိဇကြောင့်ပဲ ဖြစ်ဖြစ်၊ ဘဝကြောင့်ပဲ ဖြစ်ဖြစ်၊ အချိန် ပြဿနာမှာတော့ ကျွန်တော်တို့မှာ အဲဒီနှစ်မျိုးလုံး အားနည်း ချို့တဲ့ခဲ့တာ အမှန်ပဲ" ဟု သမိုင်းကထိက တစ်ဦးက ဆိုပါ သည်။

✕✕✕ ✕✕✕ ✕✕✕

(၄)

ဩစတေးလျနိုင်ငံ ဆစ်ဒနီမြို့ ကဖေးဆိုင်တစ်ဆိုင်၌ မြန်မာ အမျိုးသားတစ်ဦး ကော်ဖီသောက်နေ၏။ ကော်ဖီ တစ်ငုံသောက်လိုက်၊ စီးကရက် တစ်ရှိုက်ဖွာလိုက်၊ လမ်းမဆီ သို့ ငေးလိုက်နှင့် အတွေးထဲတွင် ကျုံကျုံနစ်မြုပ်နေလေသည်။ အတန်ကြာသော် သူလှုပ်ရှားလာပြီး ကော်ဖီဖိုး ရှင်းရန် စားပွဲထိုး ကို ခေါ်လိုက်၏။ စုစုပေါင်း လေးဒေါ်လာ ကျပါသည်ဟု ဆို သောအခါ သူ မျက်လုံးပြူးသွားလေသည်။

"ဟ ... မနေ့က ငါသောက်ခဲ့ပါသေးတယ်၊ ကော်ဖီ တစ်ခွက် တစ်ဒေါ်လာပါ၊ သုံးဒေါ်လာက ဘယ်က ပိုလာ တာလဲ"

စားပွဲထိုးက စားပွဲဘေးသို့ လက်ညှိုးညွှန်ပြ၏။ သူ ငုံ့ကြည့်လိုက်၏။ စားပွဲဘေး ဘောင်တွင် တပ်ဆင်ထားသည့် အချိန်မှတ် နာရီတစ်လုံး။

"တကတည်း သောက်ကျိုးနည်းဗျာ၊ ကျွန်တော်က ကိုယ်ဆီတုန်းကလို တမေ့တမော ထိုင်ခဲ့မိတာကိုးဗျ၊ သူတို့ ဆီမှာက ကြာတဲ့အချိန်အတွက် အခပေးရတယ်၊ ကိုယ်ထိုင်

နေတဲ့ အချိန်အတွင်း ဂရုစိုက် စောင့်ကြည့်ခတွေ ဘာတွေ ညာတွေနဲ့ ဆိုတော့ လေးဒေါ်လာ ပေးခဲ့ရသဗျို့။ နောက်တော့ ကြာကြာ မထိုင်ရဲတော့ဘူးဗျ" ဟု စာရေးဆရာ ဟိန်းလတ်က ရယ်ရယ်မောမော ပြောပြပါသည်။

ထို့အတူပင် ရေဆင်းတက္ကသိုလ်က ဆရာဦးမောင်မောင်စံ (စာရေးဆရာ ကြည်မင်း၊ ကျော်စောမင်း) ဩစတေးလျသို့ ဘွဲ့လွန်သွားယူခဲ့စဉ်က တစ်နေ့တွင် မြို့ထဲ ထွက်လည်ရာ သူ့မိတ်ဆွေတစ်ဦးရှိသည့် ရုံးဌာနတစ်ခု အနီးသို့ ရောက်လာ၏။ ကြုံတုန်း ဝင်တွေ့ဦးမည့်ဟူသော အတွေးနှင့် ရုံးထဲ ဝင်တွေ့လေသည်။ မစ္စတာ ဘယ်သူဘယ်ဝါနှင့် တွေ့လိုပါကြောင်း ပြောပြပြီး အပြင်ခန်း၌ စောင့်နေသည်။ မကြာမီ သူ့မိတ်ဆွေ ထွက်လာ၏။

"ဟေး ... မစ္စတာ စံ၊ ဘာကိစ္စရှိလဲ"

"အထူးအထွေ မရှိပါဘူး။ ကြုံလို့ ဝင်လာတာပါ"

"မဟုတ်ဘူးလေ၊ ကျွန်တော် ဘာလုပ်ပေးစရာ ရှိသလဲ"

"ဘာမှ မရှိပါဘူး။ ကျွန်တော် ကြုံလို့ ..."

"သြော် ... ကျွန်တော့်ဆီ လာလည်တာ ထင်တယ်"

"အဲ .... ဟုတ်ပါတယ်"

"ဒါဆို ခဏစောင့်ပါဦးနော်"

မဂ္ဂဇင်းစာအုပ် အချို့ ယူပေးကာ အပြင်ခန်း၌ စောင့်ခိုင်းပြီး အထဲ ပြန်ဝင်သွားသည်မှာ တစ်နာရီလည်း ထွက်မလာ၊ နှစ်နာရီကြာလည်း ပေါ်မလာ။ လူတချို့က ကွက်ကြည့်ကွက်ကြည့် လုပ်သွားကြ၏။ နောက်ဆုံး နေ့လယ်စာ စားချိန်ရောက်မှ ကိုယ်တော်ချောက ပြုံးပြုံးကြီး ထွက်တော်မူလာလေသည်။

"လာ ... မစ္စတာစံ၊ ကော်ဖီ သွားသောက်ရအောင်တဲ့"

"အဲဒီကတည်းက ကျွန်တော် ပညာရလိုက်တယ်၊ သူတို့ဆီမှာက ဇာတ်စွ အထူးမရှိဘဲ နဲ့ အလုပ်ခွင်ကို သွားတွေ့လေ့မရှိကြဘူး။ အလုပ်ခွင်မှာ ညှိသည် လာခဲ တယ်။ တစ်ယောက်နဲ့ တစ်ယောက် တွေ့ချင်ရင် ကြိုပြီး ချိန်းကြတာပဲ၊ ဘယ်နေ့ဘယ်နှစ်နာရီမှာ လာတွေ့မယ်ပေါ့၊ အဲဒါလည်း ချိန်းတဲ့အချိန်အတိအကျ သွားရတယ်။ နောက်ကျလွန်းရင် မကြိုက်ဘူး။ စောလွန်းရင်လည်း မကြိုက်ဘူး။ နောက်ကျရင် သူ့အချိန်ကိုကိုယ်က ဖြုန်းပစ်ရာ ရောက်တယ်။ စောလွန်းရင်လည်း ကိုယ့်အချိန် ကိုယ်ဖြုန်းပစ်ရာ ရောက်တယ်။ ကိုယ်က စောင့်နေရတော့မှာကိုး၊ တစ်ခါက ပါမောက္ခချုပ်နဲ့ တွေ့ဖို့ ချိန်းထားတဲ့အခါကျွန်တော် အချိန် အတိအကျ သွားပြီး တံခါးခေါက်လိုက်တယ်။ အထဲက အသံ ထွက်လာတယ်။ "Ok, My son, Mr.San, Come in" တဲ့၊ ဒီအချိန်မှာ တံခါးခေါက်တာ ဘယ်သူဆိုတာသူ သိပြီးသားလေ"

ပြီးခဲ့သည့် မေလထုတ် ကလျာမဂ္ဂဇင်းတွင် ပါရှိသော ပတ္တမြားခင်၏ ဆောင်းပါးတစ်ပုဒ် ဖတ်လိုက်ရာတွင် အမေရိကန်သို့ အလည် ရောက်လာသည့် အဆိုတော် ဒေါ်မာမာအေး၏ အမြင်ကို တွေ့လိုက်ရသည်။

"ကျွန်တော်က (ဒေါ်မာမာအေး) မြန်မာ့အသံမှာ ဝန်ထမ်းလုပ်လာတာဆိုတော့ အချိန်ကို စက္ကန့်ပိုင်းအထိ တိုင်းတာတ်တယ်၊ ဒီမှာက အချိန်ကုန်မြန်လိုက်တာ မမခင်ရာ၊ မြန်မာပြည်မှာတုန်းကလည်း ဒီလက်ပတ်နာရီပဲ ပတ်တာပဲ၊ အမေရိကားမှာလည်း ဒီလက်ပတ်နာရီပဲ ပတ်တာပါပဲ။ ဘာဖြစ်လို့ အချိန်တွေက မြန်နေရတာလဲ လို့ တစ်ခါတစ်ခါ စဉ်းစားမိတယ်၊ မြန်မာပြည်မှာလို လူတွေ ဝတ္တရား မကျေနိုင်ကြတာဟာ အချိန်မပေးနိုင်ကြလို့ဆိုတာ သဘောပေါက်လာတယ်"

ရင်ခေါင်း ခွဲစိပ်ကု ဆရာဝန်ကြီး ဦးခင်မောင်အေးက လည်း အင်္ဂလန် အတွေ့အကြုံကို ပြန်ပြောင်းပြောပြပါသည်။

"ထူးဆန်းတာ တစ်ခုရှိတယ်ဗျ၊ အင်္ဂလန်မှာ ဆောင်းတွင်းကျရင် နာရီ အချိန်တွေကို ပြင်ပစ်တယ်၊ အဲဒါ လေးငါး လလောက် ကြာတယ်၊ ရေဒီယို ရုပ်မြင်သံကြားကနေ ကြေညာပြီး ပြင်တာ၊ ဒီလိုဗျ၊ ဟိုမှာက ဆောင်းတွင်းကျရင် ရှစ်နာရီလောက်ထိ နေမမြင်ရသေးဘူး။ မှောင်နေတုန်းပဲ၊ ညနေကျတော့လည်း နှစ်နာရီလောက်ဆို နေဝင်သွားရော၊ ဒီတော့ သူတို့က နံနက် (၇) နာရီကို ရှစ်နာရီလို့ ပြင်တယ်၊ ညနေလေးနာရီဆိုရင် ငါးနာရီပေါ့ သဘောကတော့ အစောကြီး ထရတယ်လို့ မထင်ရအောင် လုပ်တယ်နဲ့ တူပါတယ်။ တကယ်အလုပ်ချိန်ကျတော့ အတူတူပါပဲ။ စစချင်းတော့ ဆန်းသလိုပေါ့ဗျာ။ နောက်တော့လည်း အသားကျသွားတာပါပဲ"

"ကျွန်တော်နေတဲ့ နေရာနဲ့ ဆေးရုံနဲ့က မဝေးဘူးဗျ၊ လှမ်းမြင်နေရတာပဲ၊ ဒါပေမယ့် ကျွန်တော်က ငါးမိနစ်လောက် နောက်ကျနေတတ်တယ်၊ သူတို့က နောက်ကျလေ့ မရှိဘူး။ လူနာ လှည့်ကြည့်ကြတဲ့ အချိန်မှာ ငါးမိနစ်လောက် နောက်ကျသွားရင် Case တစ်ခုလောက်တော့ လွတ်သွားရော၊ နောက်မကျအောင် ကြိုးစားရတယ်"

"သူတို့က အလုပ်ချိန်မှာ တကယ်အလုပ်လုပ်ကြတယ်၊ နားချိန်မှာ တကယ်နားကြတယ်၊ အလုပ်ချိန် မနက် ခုနစ်နာရီက ညနေ ငါးနာရီအတွင်းမှာ နားချိန် နှစ်ချိန်ရှိတယ်။ အဲဒီအချိန်မှာ အပြည့်အဝ နားကြတာပဲ၊ အလုပ်အကြောင်း မပြောဘူး။ မခိုင်းဘူး။ တစ်ခါတုန်းက နားချိန်မှာ ဆေးရုံဝန်ထမ်းတစ်ယောက်ကို အလုပ်အကြောင်း ကျွန်တော် သွားပြောမိ

တော့ 'ဒါဟာ သူ့ကိုယ်ပိုင်အချိန်ပါ၊ မနှောင့်ယှက်ပါနဲ့' လို့ ပြောတယ်ဗျ၊ အလုပ်ခွင်မှာတော့ အဆင့်ဆင့် လေးစားမှု ရှိပါတယ်၊ နားချိန်မှာတော့ မရဘူး"

"ပြီးတော့ သူတို့က တစ်နှစ်မှာ တစ်လ ခွင့်ပေးထားတယ်။ မယူချင်လို့ မရဘူး။ ယူကိုယူရတာ၊ အဲဒီ အချိန်မှာ သွားချင်ရာသွား၊ လည်ချင်ရာလည်၊ လုပ်ချင်ရာလုပ်၊ ဆေးရုံနဲ့ လူနာတွေအကြောင်း ခေါင်းထဲ မထည့်နဲ့၊ လုံးဝ မေ့ထားလိုက်တော့၊ သူတို့ အယူအဆက အလုပ်တစ်ခုကို ကြာရှည်လုပ်နေရရင် ငြီးငွေ့ပြီး စွမ်းရည် ကျသွားတတ်တယ်။ ဒါကြောင်း အပြောင်းအလဲသဘော ကိုယ်လုပ်ချင်တာ၊ စိတ်ဝင်စားတာ တစ်ခုခု ပြောင်းလုပ်စေချင်ကြတယ်"

**"Change of work is rest"** ဟူသော နပိုလီယံ၏ စကားတစ်ခွန်းကို သတိရမိပါသည်။ သို့သော် ယခုအချိန် ကျွန်တော့်အား "မောင်မင်း ရုံးတာဝန်တွေနဲ့ ပင်ပန်း ငြီးငွေ့နေပြီ၊ အလုပ်ခွင် စွမ်းရည် ပြန်တက်လာအောင် ခရီးထွက်ပြီး အနားယူချေပါ" ဟု ခွင့်ပြု တိုက်တွန်းလာမည်ကိုတော့ စိုးရိမ်မိပါသည်။ အကြောင်းမှာ ပြည်တွင်းခရီး သွားရမည်ကို ကျွန်တော် လွန်စွာ ကြောက်ရွံ့နေ၍ ဖြစ်ပါသည်။ ခရီးထွက်ခြင်းသည် အပန်းဖြေခြင်းဟု မယုံကြည်တော့သည်မှာလည်း ကြာပါပြီ။ အပန်းမပြေရုံမက ရှိစုမဲ့စု အားတွေပင် ကုန်လာနိုင်ပါသေးသည်။

သူတို့ဆီက ဆက်သွယ်ရေးစနစ်မှာ ချောမွေ့အောင်၊ အချိန်မကုန်အောင် စီမံထားကြောင်းကို ကြုံရသူများက တညီတညွတ်တည်း ပြောကြသည်။ ဘတ်စ်ကားတွေ၊ ရထားတွေ အချိန်မှန်ပုံ၊ လူ့ဂုဏ်သိက္ခာနှင့်အညီ စီးရပုံ၊ စနစ်ကျပုံများကို ပြောပြသည်မှာ နားထောင်ကောင်းလှပါသည်။

"ဂျပန်မှာ ရုံးတက် ကျောင်းတက်နဲ့ လူစည်ကားတဲ့ အချိန်ဆိုရင် ရထားတွေက သုံးမိနစ်တစ်စီး ထွက်ပေးတယ်၊ လူမတက်ကြဘူး။ တန်းစီးပြီး တက်သွားကြတာပဲ၊ လုတက်စရာ လည်း မလိုဘူးလေ။ သုံးမိနစ်လောက် စောင့်လိုက်ရင် ရထား တစ်စင်း ထပ်ဝင်လာတာကိုး၊ ခရီးဝေးတွေမှာဆိုရင် ဥပမာ အိုဆာကာနဲ့ နာဂိုရာ ဆိုပါတော့၊ မိုင် လေးငါးရာလောက် ခရီးဝေးတွေမှာ ငါးမိနစ်တစ်စီး ထွက်တယ်။

"ပြီးတော့ လက်မှတ်စစ်တာက အဆင့်မြင့်တယ်၊ ဘူတာ အဝင်ဝက လက်မှတ်စစ်တဲ့ အပေါက်လေးထဲကို လက်မှတ် ထိုးထည့်လိုက်၊ တံခါးပွင့်သွားမယ်၊ လက်မှတ်က ဟိုဘက်မှာ ပြန်ထွက်လာတယ်။ ဒါကိုမြင်တော့ ကိုယ်က 'လူနှစ်ယောက် လက်မှတ်တစ်စောင်နဲ့ ဝင်သွားရင် ဘယ်နှယ်လုပ်မလဲ" ဆိုတော့ သူတို့က 'ဝင်ကြည့်လေ' တဲ့၊ ဝင်ကြည့်တော့ မရဘူးဗျ၊ ခေါင်းလောင်းတွေ မြည်ပြီး ဘူတာရဲတွေ ပြေးလာကြတယ်၊ ကိုယ်ကလည်း မကျေနပ်တာနဲ့ 'ဒါဖြင့် လူနှစ်ယောက် ကုန်း ပိုးပြီး ဝင်မယ်ဗျာ' ဆိုတော့ သူတို့က ရယ်လိုက်တာလေ၊ မလုပ်ပါနဲ့တော့တဲ့၊ သူတို့ဆီမှာ လက်မှတ်တစ်စောင်အတွက် လောက်နဲ့ ဒီလောက် မလုပ်ကြပါဘူးတဲ့ဗျာ"

မီးရထားဝန်ကြီးဌာန ကုန်စည်ဌာနမှ ဦးသန့်ဇင်မောင်၏ ဂျပန်လေ့လာရေး အတွေ့အကြုံတစ်ကွက် ဖြစ်ပါသည်။

(၅)

"စည်းကမ်းကြီးတာ၊ ကိုယ်ကျင့်သိက္ခာ စောင့်စည်းတာ၊ ခံစားမှုကို ထိန်းချုပ်နိုင်တာ၊ အချိန်ကို ရိုသေ လေးစားတာတွေ

မှာတော့ ကမ္ဘာမှာ အင်္ဂလိပ်တွေက နာမည်အကြီးဆုံးပဲ၊ အမေရိကန်တို့ ဘာတို့က ဒီလောက် မဟုတ်ဘူး။ ဒါတောင် အင်္ဂလိပ်တွေလည်း အခုတော့ နည်းနည်းလျှော့လာကြပြီ ထင်ပါရဲ့။ တကယ်တော့ဗျာ ကျွန်တော်တို့ ဗုဒ္ဓအဆုံးအမမှာလည်း အချိန်ရဲ့ တန်ဖိုးကို အများကြီး ဟောပြောထားတာပါ" ဟု ဆရာတက်တိုးက ပြောပြပါသည်။

စဉ်းစားဖွယ် ကောင်းပါသည်။ ကျွန်တော်တို့သည် ပုဂံခေတ်ကတည်းက ဗုဒ္ဓဘာသာ အဆုံးအမအောက်တွင် နေထိုင်ကြီးပြင်းလာခဲ့ကြသည်။ အချိန်နှင့် ပတ်သက်သော ဘာသာရေးအဆုံးအမများကိုလည်း တမြည်မြည် သင်အံ့ခဲ့ကြရသည်။ ထို့ပြင် သမိုင်းတကွေ့၌ စနစ် စည်းကမ်းကြီး၍ အချိန်တိကျလှသည်ဟု နာမည်ကြီးသော အင်္ဂလိပ်နှင့်လည်း နှစ်ပေါင်းတစ်ရာခန့် နေထိုင်ခဲ့ကြဖူးသည်။ သို့ပါလျက်နှင့် ကျွန်တော်တို့၏ 'အချိန်သတိ' မှာ မည်သို့ ဖြစ်နေလေသနည်း။ အဘယ့်ကြောင့် 'မြန်မာစံတော်ချိန်' ဟူသော ကိုယ့်ကိုယ်ကို ပြန်သရော်ရသည့် ပြက်လုံးတစ်ခု ပေါ်ပေါက်ခဲ့ရပါသနည်း။

"ဒီလိုဗျ ကျွန်တော်တို့က မိရိုးဖလာ ဗုဒ္ဓဘာသာ အနေနဲ့ပဲ နေလာခဲ့ကြတာ၊ ဗုဒ္ဓ အဆုံးအမကို ခြေခြေမြစ်မြစ်၊ နက်နက်ရှိုင်းရှိုင်း လေ့လာ ဆည်းပူးခဲ့တာက လူနည်းစုပဲ ဖြစ်ခဲ့တယ်၊ အများစုကတော့ အပေါ်ယံကြောလောက်နဲ့ပဲ ပြီးနေကြတာကိုး၊ နတ်တွေ၊ တန်ခိုးရှင်တွေနဲ့ပဲ ရောထွေးပြီး အချိန်ကုန်ခဲ့ကြတာ၊ ဒါက တစ်ကြောင်း၊ နောက်တစ်ကြောင်းက အင်္ဂလိပ်နဲ့ အတူနေခဲ့ရပေမယ့် အင်္ဂလိပ်ဆီက ကောင်းတဲ့အကျင့်တွေကို မရခဲ့ကြဘူးဗျ၊ ဘာဖြစ်လို့လည်းဆိုတော့ မယူခဲ့ကြလို့၊ ယူနိုင်စွမ်း မရှိခဲ့ကြလို့ ကျွန်တော်တို့က အင်္ဂလိပ်ကို မုန်း

တာကိုး၊ လူကိုလည်း မုန်းတယ်၊ သူတို့ရဲ့ တိကျတဲ့ စည်းကမ်းတွေကိုလည်း မုန်းတယ်၊ အင်္ဂလိပ်နဲ့ ပတ်သက်တာ အားလုံးကို မုန်းတာပဲ၊ အမုန်းကို ကျော်လွှန်ပြီး မကြည့်နိုင်ကြတော့ သူတို့ မြင်သလို ကျွန်တော်တို့ မမြင်နိုင်ခဲ့ကြဘူး။ ဒါကြောင့် ရန်သူ့ဆီက ကောင်းတဲ့ အချက်တွေကို မရလိုက်ကြတာပါပဲ။ ရခဲ့တဲ့ လူတွေကိုလည်း ဘိုဆန်တယ်၊ ကိန်းကြီးခန်းကြီးနိုင်တယ် ဘာညာနဲ့ ကျွန်တော်တို့ မကြိုက်နိုင်ခဲ့ကြဘူးလေ"

အမုန်းကို ကျော်လွှန်ပြီး မကြည့်နိုင်ခဲ့ကြဘူးတဲ့၊ ရင်ထဲမှာ စိမ့်ခနဲ ဖြစ်သွားရပါသည်။ ထိုစကားသည် နယ်ပယ်တိုင်းနှင့် သက်ဆိုင်လိမ့်မည် ထင်သည်။ တစိမ့်စိမ့် စဉ်းစားနေရင်းက ဆရာမကြီး ဒေါ်ခင်မျိုးချစ် ပြောပြခဲ့ဖူးသည့် ဖြစ်ရပ်လေးတစ်ခု ခေါင်းထဲ ဝင်လာပြန်သည်။

စစ်မဖြစ်မီ အချိန်က ဖြစ်သည်။ ရုံးတစ်ရုံး၌ စာရေးတစ်ဦးသည် စားပွဲတွင် စာအုပ်ထူကြီး တစ်အုပ်နှင့် အလုပ်ရှုပ်နေ၏။ ထိုစာအုပ်ကြီးမှာ ကားလ်မာ့ခ်၏ 'အရင်း' ကျမ်းကြီးဖြစ်လေသည်။ သူသည် ထိုကျမ်းကြီးကို အပတ်တကုတ် ဘာသာပြန်ဆိုနေ၏။ ထိုစဉ်ခိုက်တွင် အထက်အရာရှိ အင်္ဂလိပ်ကြီးသည် ထိုစာရေး၏ စားပွဲဘေးသို့ လာ၍ရပ်သည်။ စာအုပ်ကြီးကို တစ်ချက်ကြည့်သည်။ ဘာသာပြန် စာမူများကို တစ်ချက်ကြည့်သည်။ စာရေးက မော့ကြည့်လိုက်ချိန်မှာတော့ ဘာတစ်ခွန်းမှ မပြောဆိုဘဲ ရုံးခန်းဆီသို့ လှမ်းသွားပြီဖြစ်၏။ စာရေးက လုပ်မြဲအလုပ်ကို ဆက်လုပ်နေလိုက်၏။

ခဏကြာသော် မင်းစေတစ်ဦးက စာရေးဆီသို့ ချဉ်းကပ်၍ လာသည်။ မင်းကြီးက တွေ့လိုပါကြောင်း အကြောင်းကြားခြင်း ဖြစ်သည်။ စာရေးသည် လေးပင်စွာ ထရပ်လိုက်၏။ သူသိလိုက်ပြီ။ အင်္ဂလိပ်တွေ မုန်းတီးသော ကွန်မြူနစ်စာအုပ်ကို

ဘာသာပြန်ဆိုမိခြင်းအတွက် သူတစ်စုံတစ်ရာ ဖြေရှင်းရတော့မည် ဖြစ်သည်။

အရာရှိရှေ့၌ ထိုင်မိချိန်တွင် သူ ယုံကြည်သော ဝါဒဘက်က အစွမ်းကုန် ခုခံရန် သူပြင်ဆင်ပြီး ဖြစ်သည်။

"ခင်ဗျား စောစောက ဘာလုပ်နေပါသလဲ"

"စာအုပ်တစ်အုပ်ကို ဘာသာပြန်နေတာ"

"ဘာစာအုပ်လဲ"

"ကားလ်မာ့ခ်ရဲ့ အရင်းကျမ်း"

"ကောင်းတယ်၊ ကမ္ဘာကို ကိုင်လှုပ်တဲ့ စာအုပ်တွေထဲက တစ်အုပ်ပဲ၊ ဖတ်ရတာ အခက်အခဲများ ရှိသလား"

စာရေးသည် ခေတ္တမျှ တွေဝေသွားကာ 'နည်းနည်းတော့ ရှိပါတယ်'

"ကောင်းပြီ၊ ခင်ဗျားကို အခု ခေါ်ပြောရတာက ဒီစာအုပ်ကို ဘာသာပြန်ချင်တယ်ဆိုရင် အိမ်မှာယူပြီး ဘာသာပြန်ပါ။ လိုအပ်တဲ့နေရာမှာ ကျွန်ုပ်ကိုလည်း အသုံးပြုနိုင်ပါတယ်။ ရုံးချိန်မှာတော့ ရုံးအလုပ်ကိုပဲ လုပ်စေချင်ပါတယ်။ ရုံးမှာ လုပ်စရာတွေ ရှိနေပါတယ်။ ကျွန်ုပ်လည်း မြန်မာစာအုပ်တစ်အုပ်ကို အင်္ဂလိပ်လို ပြန်ဆိုဖို့ ကြိုးစားနေပါတယ်။ ရုံးချိန် မဟုတ်တဲ့ အားလပ်ရက်တစ်ရက်မှာ ခင်ဗျားနဲ့ တိုင်ပင်ချင်ပါသေးတယ်။ ဒါပါပဲ၊ သွားနိုင်ပါပြီ"

အရင်းရှင်တို့၏ အားကောင်းသော ပရိယာယ်တစ်ခု ဟူ၍တော့ ကျွန်တော်ဖြင့် မခံစားမိရိုး အမှန်ပါ။

အလုပ်ခွင် အချိန်ကို လေးစားသော စိတ်၏ ပေါက်ဖွားရာ ရေခံမြေခံများအကြောင်းကို ကျွန်တော် တွေးနေမိပါသည်။

xxx xxx xxx

(၆)

ဤသို့နှင့် ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာ ဖြစ်၍လာသည်။ ဆက်သွယ်ရေးစနစ်များ တိုးတက် မြန်ဆန်လာမှုနှင့် စီးပွားရေး ဖွံ့ဖြိုး ကြီးထွားလာမှုတို့မှာ တစ်သားတည်းဖြစ်၍ ဖြစ်၍လာသည်။ ဖွံ့ဖြိုးတိုးတက်မှု၌ အထိရောက်ဆုံး နည်းနာများ၊ စီမံခန့်ခွဲမှုများကို အပြိုင်အဆိုင် ရှာဖွေ၍ လာကြသည်။ ယိုပေါက်၊ ဟာကွက် မရှိစေရအောင် ထောင့်စေ့စေ့ အသေးစိတ် လေ့လာကြသည်။ ဤတွင် အချိန်ကို အကျိုးရှိအောင် ဘယ်လို သုံးမလဲ ဟူသော အချိန်ကို စီမံခန့်ခွဲမှု (Time Managemnet) သည် ကဏ္ဍတစ်ရပ်အနေနှင့် ပါဝင်လာသည်။

"စီမံခန့်ခွဲမှု ဘာသာရပ်မှာ အချိန်ကို ထည့်စဉ်းစားလာကြတာဟာ သူတို့ဆီမှာတောင် သိပ်မကြာလှသေးဘူးဗျ။ ကျွန်တော်တို့ဆီမှာတော့ ထည့်မစဉ်းစားကြသေးပါဘူး။ အချိန်ကို နားမလည်ဘဲ လည်း လုပ်လို့ကိုင်လို့ ရနေသေးတော့ မစဉ်းစားကြဘူးပေါ့၊ နေလို့ ဖြစ်နေသေးတာကိုး၊ အဲ ... ကမ္ဘာကြီးထဲကို ဝင်တိုးကြည့်မှ မလွယ်မှန်း သိကြလိမ့်မယ်။ အခုပုံစံမျိုးနဲ့တော့ နိုင်ငံတကာ နယ်ပယ်မှာ ဝင်ဆန့်ဖို့ မလွယ်သေးပါဘူး" ဟု စီးပွားရေး တက္ကသိုလ်မှ ဆရာဦးတင်သောင်းက ဆိုပါသည်။

"အမှန်တော့ သူတို့နဲ့ ကျွန်တော်တို့က ဉာဏ်ရည်မှာ ဘာမှ မကွာလှပါဘူးဗျာ၊ တချို့နေရာတွေမှာ ကျွန်တော်တို့က တောင် သာချင်ပါသေးတယ်၊ ဒါပေမယ့်ဗျာ" ဆရာဦးခင်မောင်အေးက ဆက်မပြောတော့ဘဲ မဲ့မဲ့ကလေး ပြုံးနေလေသည်။

ဤအကြောင်းများကို ပြန်ပြောပြတော့ ကွန်ပျူတာ သင်တန်း တက်နေသည့် ကောင်မလေးက ဆံပင်များကို ဝဲခနဲ ခါရမ်းလိုက်၏။

"ဒီမယ်... အမေရိကန်မှာ တစ်နေ့လုပ်ခ အနည်းဆုံး တစ်နာရီ ၄.၃၅ ဒေါ်လာရှိတယ်။ နှစ်ဒေါ်လာနဲ့ ထမင်းစားလို့ ရတယ်။ အဲသလိုများ အချိန်ဟာ ငွေဖြစ်ကြည့်စမ်းပါ။ သင့်တော်တဲ့ လုပ်ခကို နာရီနဲ့ပေးတဲ့ အလုပ်မျိုးတွေ ပေါ်လာစမ်းပါ။ ကျွန်မတို့ အချိန်တွေ အလဟဿ ဖြုန်းပစ်နေရအောင် ကျွန်မတို့က ဘာသားနဲ့ ထုထားတာမို့လဲ၊ အချိန်ကို ရှိခိုးနေမှာပေါ့။ သူတို့လို ကိုယ့်စရိတ်နဲ့ ကိုယ် ကျောင်းတက်ကြမှာပေါ့ရှင်"

ကျွန်တော် ဘာမှ ပြန်မပြောနိုင်ဘဲ အငေးသား ကြည့်နေစဉ် လက်ဖက်ရည်ဆိုင် ကက်ဆက်ထဲမှ 'ဗဒင်' ၏ ကြေကွဲဖွယ် ရေရွတ် မြည်တမ်းသံ ထွက်ပေါ်လာပါသည်။

"တို့ကတော့ ... တို့ ... ကတော့" တဲ့။

၁၉၉၄၊ ဇူလိုင်

# တုတ်တစ်ချောင်း၏
# အတ္ထုပ္ပတ္တိ

ကိုယ့်ထင်မြင်ချက်ကို
ပွင့်ပွင့်လင်းလင်းပြောရဲတဲ့ သူငယ်ချင်းတစ်ယောက်ကို
ကျွန်တော်တို့ ဆုံးရှုံးလိုက်ပါတယ်။
ဆရာ့မှာ ဒီလိုတပည့်မျိုး ဆုံးရှုံးလိုက်ပါတယ်။
ကျောင်းမှာ ဒီလိုကျောင်းသားမျိုး ဆုံးရှုံးလိုက်ပါတယ်။
အဲဒီက ဆန့်တွေးလိုက်ရင်တော့...

## မြစ်ရပ် (၁)

ကလေးငယ်သည် လွယ်အိတ်ကို ဖော့ရမ်းလျက် အိမ်ရှိရာသို့ အပြေးလာနေ၏။ လမ်းတွင် တွေ့သမျှ ရေအိုင်ငယ်၊ ရွံ့ကွက်ငယ်တို့ကို လွှားခနဲ လွှားခနဲ ခုန်ကျော်၍ လာသည်။ သူ့မျက်နှာမှာ အပျော်ဖြင့် ဝင်းပနေ၏။ အိမ်သို့ မြန်မြန် သူပြန်ရောက်ချင်လှပြီ။ သူ့အောင်မြင်မှုကို မိဘနှစ်ပါးအား ပြောပြချင်လှပြီ။ အားရဝမ်းသာဖြစ်သွားကြမည့် မိဘတို့၏ ပီတိမျက်နှာကို မြင်ချင်လှပြီ။ "ဒါမှ ငါ့သား ... ကွ" ဟူသော အဖေ၏ ချီးမွမ်းသံကို ကြားချင်လှပြီ။ ပြုံးရယ်လျက်ရှိသော အမေ၏ အနမ်းနွေးနွေးကို ခံယူချင်လှပြီ။ ကလေးငယ်သည် ခြေလှမ်းများကို အရှိန်ပိုမြှင့်လိုက်၏။

ရှေ့မှာ အိမ်ကို မြင်နေရပြီ။

အိမ်ရှေ့တွင် စိုက်ပျိုးထားသည့် တစ်ပေခွဲခန့် မြင့်သော ပုဏ္ဏရိပ်ပင်တန်းကို သူ ခုန်ကျော်လိုက်၏။ ခါတိုင်း ဘယ်လိုမှ မလွှတ်ဘဲ သစ်ခက်သစ်ညွှန့်တို့ကို ခြေဖျားဖြင့် ခတ်မိမြဲ ဖြစ်သော်

လည်း သည်နေ့အဖို့ လုံးဝ ကျွတ်ကျွတ်လွတ်လွတ် ဖြစ်သွားသည့် အခါ သူ အံ့ဩသွားလေသည်။ သို့ရာတွင် ကြာကြာ မအံ့ဩနိုင်ဘဲ အိမ်ပေါ်သို့ တဒုန်းဒုန်း ပြေးတက်သွားခဲ့သည်။ ပါးစပ်ကလည်း 'အဖေရေ ... အမေရေ' ဟု အော်ခေါ်လာခဲ့၏။

အဖေသည် ဧည့်ခန်းထဲက ပက်လက်ကုလားထိုင်မှာ ထိုင်နေသည်။ ဆူညံစွာ ပြေးတက်လာသည့် သားဖြစ်သူကို မျက်မှောင်ကုတ်၍ ကြည့်နေ၏။ ကလေးငယ်သည် ဖခင်ကို မြင်သောအခါ အပြေးကလေး ချဉ်းကပ်သွားလေသည်။

"အဖေ ... ကျွန်တော်လေ စာမေးပွဲအောင်တယ်ဗျ၊ သိလား"

"ဟင် ဟုတ်လား၊ တယ်တော်ပါလား၊ လာစမ်းပါဦးကွ"

အနီးသို့ ရောက်သည်နှင့် အဖေ၏ လက်တစ်ဖက် မြောက်တက်သွားသည်ကို ရိပ်ခနဲ မြင်လိုက်ရ၏။ မရှေးမနှောင်းပင် ဖြန်းခနဲ အသံနှင့်အတူ သူ့နားရင်းမှာ ပူခနဲ ခံစားလိုက်ရပြီး မျက်စိထဲမှာ ဝင်းခနဲ ဖြစ်သွား၏။ ကလေးငယ်၏ ဦးခေါင်းသည် ရှေ့သို့ စိုက်ခနဲ ကျသွားလေသည်။

မယုံနိုင်စွာ၊ ထို့နောက် ထိတ်လန့်စွာ မော့ကြည့်မိသောအခါ အဖေ၏ အနီရောင်မျက်နှာကို မြင်လိုက်ရသည်။

"အောင်ရုံနဲ့ ဘာလုပ်ရမှာလဲ"

ကလေးငယ်သည် ပါးစပ်အဟောင်းသား၊ မျက်လုံးအပြူးသားနှင့် မော့ကြည့်နေ၏။ နှုတ်ခမ်းများ တုန်လှုပ်စပြုလာသည်။

"ဟေ့ကောင် ငါမေးနေတယ်လေ၊ အောင်ရုံနဲ့ မင်းဘာလုပ်မှာလဲ"

ကလေးဆီမှ ဖြေသံအစား ရှိုက်သံတစ်ချက် ထွက်လာ၏။ အဖေသည် ဗီရိုပေါ်က ကြိမ်လုံးကို ဆွဲယူလိုက်သည်။

"မေးမနေပါနဲ့ရှင်၊ ဒီလောက် အဆော့မက်နေမှတော့ ထိပ်ဆင့် ဘယ်ချိတ်ပါ့မလဲ၊ ပြောစမ်း ... ပထမက ဘယ်သူ့ရသလဲ၊ မေမီစိုး မဟုတ်လား"

အိမ်ခန်းထဲမှ ထွက်လာသော မိခင်ဖြစ်သူ၏ အသံဖြစ်သည်။ မျက်ရည်ပေါက်ပေါက် ကျနေပြီဖြစ်သော ကလေးငယ်က ခေါင်းညိတ်လိုက်သည့်အခါ အမေက တစ်ချက်မဲ့လိုက်၏။

"ဟင်း ... သူ့အမေနဲ့ ဈေးထဲတွေ့ရင် တမင် စကားစပ်ပြီး ကြွားဦးမှာ၊ သူများကြွားတာ ခံရဦးမယ်။ တောက် ..."

"ကိုင်း ... လာခဲ့စမ်း၊ ဟိုဘက်လှည့်"

တင်ပါးပေါ်သို့ ကျရောက်လာတော့မည့် ကြိမ်လုံးကို အသက် အောင့် ငုံ့လင့်နေသည့် ကလေးငယ်၏ မျက်လုံးများမှာ အရောင်မဲ့ မျက်လုံးသေများ ဖြစ်နေလေသည်။

**မေးခွန်း - ကလေးမှာ မိမိကိုယ်ကို ယုံကြည်စိတ်၊ မိမိကိုယ်ကို တန်ဖိုးထားစိတ် နည်းပါး သွားပြီး ညံ့သည်ထက် ညံ့လာလျှင် ကလေးကြောင့်ပါလား ... မိဘကြောင့် ပါလား ....**

xxx xxx xxx

## မြစ်ရပ် (၂)

"ဖြန်း … ဖြန်း …"

စားပွဲပေါ် ကြိမ်လုံးကျသံကြောင့် သူငယ်တန်း (ခ) သည် ရုတ်ချည်း ငြိမ်ဆိတ်သွား၏။ ငါးနှစ်အရွယ် ကလေးငယ်တို့သည် မျက်လုံးကလေးများ ဝိုင်းကာ ဆရာမကို ကြည့်နေကြ၏။

"ဆူလှချည်လား၊ ပါးစပ်တွေ ပိတ်၊ စာအုပ်တွေ ဖွင့် ၊ ဒါ အိမ်မဟုတ်ဘူး။ ကျောင်း .. ကျောင်း"

မျက်နှာတင်း၍ လေသံမာသော ဆရာမသည် ကြိမ်လုံးကို စားပွဲပေါ်သို့ အသံမြည်အောင် ပစ်တင်လိုက်သည်။

"ကဲ… အားလုံး 'ဏ' ကြီး တစ်မျက်နှာ ရေးကြရမယ်။ အခု အချိန်အတွင်း ပြီးအောင် ရေးရမှာနော်။ နောက်ထပ် တစ်မျက်နှာ ကို အိမ်စာ လုပ်ခဲ့ကြရမယ်။ ကြားကြလား၊ ကိုင်း … ရေးကြ တော့"

တစ်တန်းလုံး တိတ်ဆိတ်လျက် ရှိသည်။ စာအုပ်တွေ ရှေ့မှာ ထားကာ ခုံတွေပေါ်မှာ ကလေးငယ်များ ငြိမ်ငြိမ်လေးတွေ ထိုင်

နေကြသည်။ လက်ကလေးတွေက လွဲ၍ သူတို့ မလှုပ်ရှားနိုင်ကြ။ မလှုပ်ရှားဝံ့ကြ။

ဒုတိယခုံတန်း အစွန်းမှ မေမိစိုးသည် သူနှင့် ဘေးချင်းယှဉ်လျက် တစ်ဖက်ခုံစွန်းမှ စည်သူအောင် 'ဏ' ကြီး အရေးမှားနေကြောင်း တွေ့လိုက်ရ၏။ သူက စည်သူအောင်ကို တိုးတိုးလေး ခေါ်လိုက်သည်။

"စည်သူအောင် ... စည်သူအောင် နင်ရေးတာ မှားနေတယ်။ ကကြီး ဖြစ်နေတယ်"

စည်သူအောင်သည် တစ်ချက်လှည့်ကြည့်၏။ သူ့မျက်နှာမှာ စိတ်ရှုပ်ထွေးနေပုံရသည်။

"ဟောဒီမှာ ဏကြီးက ဒီလိုရေးရတာ"

မေမိစိုးက သူ့စာအုပ်ကို ထောင်ပြလိုက်သည်။

"မေမိစိုး"

ဆရာမ၏ အသံက မိုးချုန်းသလို မြည်ဟည်းသွား၏။ မေမိစိုး၏ လက်ထဲက စာအုပ် လွတ်ကျသွားလေသည်။

"ဘာဖြစ်လို့ စကားပြောရတာလဲ၊ အခုချက်ချင်း ခုံပေါ်မှာ ဒူးထောက်စမ်း၊ ဒူးထောက်ပြီး ရေး၊ နောက်တစ်ခါ လှုပ်ဝံ့ လှုပ်ကြည့်စမ်း၊ ကြိမ်လုံးစာ မိသွားမယ်"

မေမိစိုးသည် ခုံပေါ်တွင် ဒူးထောက်လိုက်ရ၏။ သူ့တစ်ကိုယ်လုံး တုန်နေသည်။ ဒူးနှစ်ဖက်၏ အောက်မှာ ဖိုးစေ့လား ကျောက်ခဲငယ်လေးလား မသိ၊ ဖိမိလျက်သား ဖြစ်နေသည်။ သို့သော် သူနေရာမရွေ့ရဲ၊ မလှုပ်ရဲ၊ သည်အတိုင်း ပေ၍ စာရေးရ၏။ ကြာသော် ဖိမိထားသည့် နေရာက တစ်စတစ်စ နာကျင်၍လာသည်။ နဖူးမှာ

ချွေးတွေ စို့လာ၏။ အတန်းထဲမှာ သူတစ်ယောက်တည်း ဒူးထောက်နေရသည့်အဖြစ်။ ဒူးအောက်က ပြင်းထန်လာသည့် ဝေဒနာ၊ အရှက်နှင့် နာကျင်မှု။ နာကျင်မှုနှင့် အရှက်။ အရှက်၊ နာကျင်မှု၊ အကြောက်၊ အကြောက်၊ အကြောက်။

သည်းမခံနိုင်တော့သည်၏ အဆုံး၌ မေမိစိုး ငိုချလိုက်လေသည်။

"အောင်မယ် ဒူးထောက်ခိုင်းတာလေးကို ငိုတယ်ပေါ့။ အတော်အငိုဝါသနာပါတယ်နဲ့ တူတယ်၊ ထွက်ခဲ့စမ်း ရှေ့ကို"

ကြိမ်လုံးသံ ပြန်းခနဲအောက်၌ သူငယ်တန်း (ခ) သည် တုန်လှုပ်သွားလေသည်။

**မေးခွန်း - အနာဂတ်တွင် ကြီးပြင်းလာမည့် ကလေးအတွက် ငြိမ်ဝပ်စွာ နားထောင်ခြင်းသည် တန်ဖိုးဖြစ်ပါသလား။ မိတ်ဆွေ၊ သူငယ်ချင်းများအား ရိုင်းပင်း ကူညီစိတ်ကို ပျိုးထောင်မပေးသင့်ဘူးလား။**

xxx xxx xxx

## ဖြစ်ရပ် (၃)

"ကဲဟယ်"

ဒေါက်ခနဲ ခေါင်းခေါက်ခံလိုက်ရသော ကလေးသည် မျက်ရည်လည်လာ၏။ မိခင်၏ အားမလို အားမရ ဖြစ်မှု၊ စိတ်မရှည်မှုတို့သည် ဒေါသအဖြစ် ပြောင်းသွားခဲ့ပြီ ဖြစ်သည်။

"ဒီလောက်လေးမှ မတွက်တတ်ဘူးလား ... ဟင်။ ထောင်စမ်း၊ ညာဘက်က လက်လေးချောင်းထောင်၊ ဘယ်ဘက်က လက်သုံးချောင်းထောင်၊ ဟာ ... လေးချောင်း ထောင်ပါဆို၊ မထောင်တတ်ဘူးလား။ လေးချောင်း၊ လေးချောင်း၊ ဟောဒီလို လေးချောင်း"

ကလေးမှာ အယောင်ယောင် အမှားမှား ဖြစ်နေရှာ၏။ သုံးကြိမ်အခေါက်ခံရပြီးမှ လက်လေးချောင်း ထောင်ဖြစ်သွားသည်။

"ဟုတ်ပြီ ကဲ ... ပေါင်းတော့၊ လေးနဲ့သုံးပေါင်း၊ ဟဲ့ ... ပေါင်းလေ၊ ဘာကြောင်ကြည့်နေတာလဲ"

"တစ် ... နှစ် ... သုံး ... ငါး ... ခြောက်"

"ဘာ 'သုံးပြီးရင် ဘာလဲ။ ဟဲ့ ...'သုံးပြီးတော့ ဘာ ...လဲ' ဟား တစ်နှစ်သုံးလေးတောင် မရေတတ်တော့ဘူးလားဟင်။ အဖျင်း၊ အ,အ၊ အတုံး၊ နင် တော်တော်ညံ့ပါလား။ ဟိုဘက်အိမ်က မိနွယ်တို့ဆို အပေါင်းအနှုတ် ရျောင်းရျောင်းပြေးနေပြီ။ နင်ကတော့ ဆော့ဖို့ပဲ သိတဲ့ကောင်။ သွား - လက်ပိုက်ပြီး တစ်နာရီတိတိ ရပ်နေ၊ သွား ... ငါ မဖြုတ်ခိုင်းသေးဘဲ လက်ဖြုတ်မယ် မကြံနဲ့၊ တိုင်မှာ ကြိုးနဲ့တုပ်ထားမယ်။ သုံးနဲ့လေး မပေါင်းတတ်မချင်း ဆော့ရလိမ့်မယ် မထင်နဲ့"

ဂဏန်းမပေါင်းတတ်သဖြင့် အခန်းထောင့်မှာ တွေဝေစွာ လက်ပိုက်၍ ရပ်နေရသော ကလေးငယ်သည် လေးနှစ်အရွယ် ဖြစ်ပါသည်။

**မေးခွန်း - မိခင်သည် စာတတ်သည်ဟု သူ့ကိုယ်သူ ပြောလျှင် သင် လက်ခံပါမည်လား။**

××× ××× ×××

(၁)

"သားသမီးကို ချစ်ရင် အိပ်ပျော်နေမှ နမ်းပါ"တဲ့။

ဘယ်သောကာလတုန်းက စတင် ပေါ်ပေါက်ခဲ့တဲ့ အဆို အမိန့်လည်း မသိပါဘူး။ ကြည့်ရတာ ကျွန်တော်တို့ရဲ့ ရှေးဟောင်း လူ့အဖွဲ့အစည်းအပေါ် ဩဇာကြီးခဲ့ပုံ ပေါ်တဲ့ ရှေးမြန်မာကြီးတစ်ယောက်ယောက်ရဲ့ အယူအဆ ဖြစ်မှာပါပဲ။ ဒီစကားကို ကျွန်တော် ငယ်ငယ်တုန်းက အဘိုးအဘွားတွေ ပြောကြဆိုကြတာ ကြားခဲ့ရဖူးပါတယ်။ တော်တော် ကြောက်စရာ ကောင်းတဲ့ သဘောထားပါ။ ကလေးတွေဟာ သူတို့ကို မိဘတွေက ချစ်မှန်းသိရင် ကဲတတ်တယ်၊ ရောင့်တက်တတ်တယ်၊ ဆိုဆုံးမဖို့ မလွယ်တော့ဘူး။ ကြာရင် ပျက်စီးသွားမှာပဲလို့ ထင်ခဲ့ကြတာကိုး။ ဒါကြောင့်လည်း ကလေးဆိုတာ နှိမ်ထားမှ၊ ကြောက်အောင်လုပ်ထားမှ တန်ကာကျမယ်၊ နို့မဟုတ်ရင် 'ငယ်သော်ကား သား၊ ကြီးသော်ကျားတည့်၊ ငယ်သော် သမီး၊ ကြီးသော်မီးတည့်" ဖြစ်သွားလိမ့်မယ်လို့

ယူဆလိုက်ကြတာပါ ။ အဲဒီရှေးဟောင်း အယူဟာ အခုချိန်ထိ အရှိန် မကုန်သေးပါဘူး။

"အိမ်က သားက သုံးနှစ်ရှိပြီ။ သိပ်ဆိုးတာပဲ၊ အဖေလည်း မကြောက်၊ အမေလည်း မကြောက်ဘူး။ အိမ်ဘေးက ဦးရာဂျူး ဆိုတဲ့ ကုလားကြီးကိုတော့ ကြောက်တယ်၊ သူဆိုးပြီး ငိုပြီဆိုရင် 'ဦးရာဂျူးရေ' လို့သာ အော်ခေါ်လိုက် တစ်ခါတည်း ငြိမ်ပြီး တိတ်သွားတော့တာပဲ။ ကလေးဆိုတာ သူကြောက်ရမယ့် လူတစ်ယောက်တော့ ရှိမှရှင့်" လို့ မိခင်တစ်ယောက်က ပြောပါတယ်။ သူ့ခမျာ သူ့သားကလေးမှာ အကြောက်တရားရှိတာကို ဂုဏ်ယူနေပုံပါပဲ ။ သူ့စကား ကြားရတဲ့အခါ ကျွန်တော် ငယ်ငယ်တုန်းက ကြောက်အောင် အလုပ်ခံရပုံကို သတိရမိသေးတော့။ ကျွန်တော် ငိုကြွေးရှည်နေတဲ့အခါ ကျွန်တော့်ကို ထိန်းတဲ့ အဒေါ်က 'ဟာလဝါကြီး လာနေပြီ၊ လာနေပြီ' ဆိုလိုက်ရင် ချက်ချင်း အငိုတိတ်ရတော့တာ ၊ ဟာလဝါ ဆိုတာ ဘာမှန်း မသိဘဲနဲ့ ကြောက်လိုက်ရတာလေ။ နောင်ကြီးလာမှ ဟာလဝါဆိုတာ အတော်စားလို့ကောင်းတဲ့ မုန့်တစ်မျိုးမှန်း သိရတော့တာ။

သားသမီးကို အိပ်ပျော်နေမှ နမ်းရဲကြရှာတဲ့ မိဘမျိုးကို ငယ်ငယ်တုန်းက တွေ့ဖူး မြင်ဖူးပါတယ်။ သူတို့ခမျာ သားသမီးတွေ ရှေ့မှာ မျက်နှာကို တည်တည်ကြီး လုပ်ထားကြရှာပါတယ်။ လေသံကိုလည်း တင်းတင်းမာမာ ဖြစ်အောင် အားစိုက်ပြီး ပြောကြရှာပါတယ်။ ရိုက်နှက် အပြစ်ပေးဖို့ လိုလာပြီးထင်ရင်လည်း လက်မနှေးအောင် ကြိုးစားကြရှာပါတယ်။ ရင်ထဲက တကယ်ဖြစ်နေတဲ့ ချစ်ခြင်းမေတ္တာရဲ့ လက္ခဏာပုံရိပ်တွေ မပေါ်အောင် ဖိနှိပ်ချုပ်တည်းထားရတာ၊ အတွင်းစိတ်

ခံစားမှုကို ဆန့်ကျင်ပြီး သရုပ်ဆောင်ပြနေရတာတွေဟာ အတော်တော့ ပင်ပန်းကြရှာမှာပါ။ ဘာဖြစ်လို့ သူတို့ အဲဒီလို ဖြစ်နေကြရတာလဲ။

"မှားယွင်းတဲ့ အယူအဆကို လက်ခံ ယုံကြည်ထားလို့ပါ။ ပြီးတော့ ကလေးရဲ့ သဘာဝကို နားမလည်ကြလို့ပါ။ ပြီးတော့ တန်ဖိုးထားမှုတွေ လွဲနေလို့ပါ" လို့ စိတ်ပညာဆရာတစ်ဦးက ဆိုပါတယ်။

✕✕✕ ✕✕✕ ✕✕✕

(၂)

ကြောက်အောင်လုပ်တာ ကောင်းပါသလား။

လောကမှာ ကြောက်စရာ အကောင်းဆုံးက အကြောက်တရားပဲတဲ့။ ကလေးတွေရဲ့ အကြောက်တရားကိစ္စ အရေးကြီးပါတယ်။

နိုင်ငံတိုင်းရဲ့ အဖိုးအထိုက်တန်ဆုံး သယံဇာတဟာ ရေနံ မဟုတ်ပါဘူး။ သစ်တော မဟုတ်ပါဘူး။ တွင်းထွက် မဟုတ်ပါဘူး။ ကလေးတွေပါ။

နိုင်ငံတိုင်းမှာ အရေးအကြီးဆုံး ပုဂ္ဂိုလ်တွေဟာ ကလေးတွေပါ။

သူတို့အပေါ် တန်ဖိုးထားမှု အနည်းအများဟာ သက်ဆိုင်ရာ လူ့အဖွဲ့အစည်းရဲ့ ယဉ်ကျေးမှု စံချိန်စံညွှန်း ဂရုပ်မျဉ်း အနိမ့်အမြင့်ကို ဖြစ်စေပါတယ်။ သူတို့ကို အခွင့်အရေး အပြည့်အဝ ပေးခြင်းဟာ အကောင်းဆုံး အနာဂတ် ရင်းနှီးမြှုပ်နှံမှုပါပဲ။

အဲသလောက် အရေးတကြီး တန်ဖိုးရှိတဲ့ ကလေးတွေရဲ့ ရင်ထဲကို ကြောက်စိတ် သွင်းပေးလိုက်တာဟာဖြင့် အနာဂတ် လူ့အဖွဲ့အစည်းကို မြေမြှုပ်သင်္ဂြိုဟ်ဖို့ ကျင်းတူးပေးလိုက်တာ ပါပဲ။

နေ့စဉ် ဘဝရဲ့ စိန်ခေါ်ချက်တွေကို ကျွန်တော်တို့ တုန့် ပြန် ပြုမူပုံတွေဟာ ကလေးသူငယ်ဘဝက ဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံတွေရဲ့ လွှမ်းမိုးမှု မကင်းတတ်ပါဘူး။ ဒီလို ဆို လိုက်တာနဲ့ ကျွန်တော်တို့ဟာ မျိုးရိုးဗီဇနဲ့ အစဦး ပတ်ဝန်း ကျင်ရဲ့ သားကောင်လုံးလုံး ဖြစ်တယ်လို့ ဆိုလိုတာ မဟုတ်ပါ ဘူး။ ဒါပေမယ့် ဘဝ တစ်လျှောက်လုံးမှာ စောစောပိုင်း နှစ်ကာလ တွေရဲ့ ဩဇာဟာ အနည်းနဲ့အများ ကျွန်တော်တို့အပေါ်မှာ ရှိနေတာပဲ ဖြစ်ပါတယ်။

ကလေးတွေနဲ့ လူကြီးတွေဟာ တစ်ခုတည်းသော ကမ္ဘာ မှာ နေထိုင်ကြတာလို့ ကျွန်တော်တို့ ထင်နေကြတယ်။ မဟုတ်ပါဘူး။ ကလေးဟာ သူ့ကမ္ဘာလေးနဲ့သူ သီးခြားနေနေ တာပါ။ ကလေးအတွက် ဒီလောကကြီးဟာ အသစ်စက်စက် ပါ။ အရာရာဟာ စိတ်ဝင်စားစရာပါ။ သူတို့ဟာ ကလေးကမ္ဘာ မှာ အံ့ဩမှု၊ ထိတ်လန့်မှုတွေနဲ့ သီးခြားနေကြတဲ့ ကလေးတွေ သာ ဖြစ်ပါတယ်။ အရွယ်ရောက်ပြီး လူကြီးကမ္ဘာထဲကို သူတို့ ဘာသာ သူတို့ တဖြည်းဖြည်းနဲ့ မှန်မှန်ကန်ကန် တိုးထွက်လာ နိုင်ဖို့ လက်ဦးဆရာတွေ အရေးကြီးလှပါတယ်။

"မိဘတွေက ကိုယ် ဖြစ်စေချင်တာတွေကို အကြောက် တရားနဲ့ ဇွတ် အဓမ္မ ပုံသွင်းပေးနေကြရင်တော့ ကလေးတွေ ဟာ စိတ်ကျန်းမာ ရင့်ကျက်တဲ့၊ လူမှုရေး သိနားလည်တဲ့၊ စိတ်သတ္တိ နဲ့ ပြည့်ဝတဲ့၊ နေ့စဉ် ဘဝမှာ ကိုယ့်ကိုယ်ကို ယုံကြည်ပိုင်နိုင်

တဲ့ လူကြီးတွေ ဖြစ်လာဖို့ ခက်ပါတယ်။ မေတ္တာစာတ် လွှမ်းခြုံပြီး နားလည်မှုရှိတဲ့၊ လုံခြုံတဲ့ ပတ်ဝန်းကျင်မှာ လွတ်လွတ်လပ်လပ် ကြီးပြင်းခွင့်ရဖို့ လိုပါတယ်” လို့ စိတ်ရောဂါကုပါရဂူ ဒေါက်တာ ရောဘတ်ရှီးက 'ကလေး၏ ပထမ ငါးနှစ်' ဆိုတဲ့ စာအုပ်မှာ ရေးခဲ့ပါတယ်။

စာရေးဆရာမကြီး ကြည်အေးရဲ့ 'မေတ္တာမီးအိမ်' ဝတ္ထုမှာလည်း ဒီသဘောတွေ တွေ့ရပါတယ်။ အတ္တကြီးလွန်းလှတဲ့ ဖခင်တစ်ယောက်ရဲ့ စရိုက်အဖွဲ့ဟာ ကျောစိမ့်စရာပါ။ သမီးကလေး လူမှန်းသိစ အရွယ်မှာပဲ မိခင်ဖြစ်သူဟာ လင်ယောကျ်ားရဲ့ ဒဏ်ကို မခံနိုင်တော့တဲ့အတွက် ထွက်ပြေးသွားတဲ့အခါ ဖခင်ရဲ့ နာကျင်မှုနဲ့ အချစ်ဟာ သမီးလေး 'အဖြူ' အပေါ် ပုံပြီး ကျရောက်လာခဲ့တယ်။ အချစ်ကြီးသလောက် ရက်စက်ကြမ်းတမ်းစွာ ဖိနှိပ် ဆက်ဆံခဲ့တဲ့ ဖခင်ရဲ့ တင်းကျပ်တဲ့ စည်းကမ်းတွေ၊ အပြစ်ပေးမှုတွေအောက်မှာ ကြီးပြင်းလာရတဲ့ အဖြူဟာ စိတ်ဝေဒနာသည် တစ်ယောက် ဖြစ်လာခဲ့ရတယ်။ အဖြူရဲ့ မသိစိတ်က ဖခင်ကို သေစေချင်နေတယ်။ သိစိတ်က အဲသလို သေစေချင်နေတာဟာ ဖခင်အပေါ် ပြစ်မှားတာဖြစ်လို့ သိပ်ကြီးတဲ့ အပြစ်လို့ ထင်နေတယ်။ ဖခင်သေပြီး ငရဲခံနေရတယ်လို့ အိပ်မက်မက်ပြီးတိုင်း အဖြူဟာ စိတ်ရောဂါဆေးရုံကို ရောက်ရောက် သွားရတာပါပဲ။ အသက် သုံးဆယ်နီးပါး ရောက်တဲ့အထိ အိမ်နဲ့ ဆေးရုံ လွန်းပြန်သွားနေခဲ့ရတယ်။ ဒါပေမယ့် ခေါင်းမာလှတဲ့ ဖခင်ကတော့ သူ့စရိုက်ကို မပြောင်းလဲခဲ့ပါဘူး။ 'ကျုပ်သမီးကို ကျုပ်လောက် ဘယ်သူမှ မချစ်နိုင်ဘူး' လို့ သူက နာကျင်စွာ ပေါက်ကွဲပါတယ်။ နောက်တော့ ချစ်သူ ဆရာဝန်ရဲ့ အားပေးကူညီမှုနဲ့ အဖြူဟာ

သူ့ကိုယ်သူ တွေ့ရှိအောင် လုပ်ခဲ့ရပါတယ်။ အမှန်ကို ရင်ဆိုင်ရဲအောင် အားထုတ်ခဲ့ရပါတယ်။ စိတ်ဓာတ်ရေးရာအားဖြင့် ဖခင်ကို မှီခိုနေရတဲ့ အဖြစ်က လွတ်မြောက်အောင် ကြိုးစားခဲ့ရပါတယ်။ အဲဒီလိုနဲ့ အဖြူဟာ သူဘယ်သူပဲ လို့ ပီသလာအောင် ကိုယ့်ကိုယ်ကို ပြန်လည် တည်ဆောက်ယူရတဲ့ အကြောင်း ဒေါ်ကြည်အေးက သူ့ရဲ့ အံ့သြနှစ်သက်ဖွယ် စကားပြေအတတ်နဲ့ ရေးဖွဲ့ထားလိုက်တာ ကျွန်တော်တို့ဟာ ကိုယ့်ကိုယ်ကို အဖြူလို့ ထင်မြင်လိုက်ရတဲ့ အထိပါပဲ။

ကိုယ်ပြောတဲ့အတိုင်း ကလေးတွေက နားထောင်လိုက်နာတာကို မိဘနဲ့ ဆရာတွေက သဘောကျပါတယ်။ ဒါကို တန်ဖိုးလို့ မြင်ပါတယ်။ မှန်ပါတယ်။ ချစ်ခင်စိတ်ကို အကြောင်းခံတာဆိုရင် ဒါဟာ တန်ဖိုးပါ။ ဒါပေမယ့် ကြောက်ရွံ့စိတ်ကို အကြောင်းခံတာ ဆိုရင်တော့ ဒါဟာ စဉ်းစားစရာ ကိစ္စပါ။ တစ်ခါတရံမှာ အသက်နှစ်နှစ်နဲ့ ငါးနှစ်ကြားအရွယ် ကလေးငယ်တွေဟာ လူကြီး ပြောတာကို နားမထောင်တတ်ကြပါဘူး။ ဒါဟာ သဘာဝကျပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဒီအရွယ်ပိုင်းမှာ ကလေးငယ်ဟာ သူ့ကိုယ်သူ ယုံကြည်စိတ်၊ သူကိုယ်တိုင် စူးစမ်း လုပ်ကိုင်ကြည့်ချင်စိတ်တွေ တိုးပွားလို့ပါပဲ။ တစ်ခါတစ်ခါမှာတော့ လူကြီးတွေက သူ့ကို ဂရုစိုက် စိတ်ဝင်စားမှု ပြတာကို လိုချင်လို့ တမင် နားမထောင်တာလည်း ရှိတတ်ပါတယ်။ လူကြီးတွေအဖို့တော့ အောင့်သက်သက် ဖြစ်ရတာပေါ့။ 'ဒါပေမယ့် ကလေးတွေမှာ ဒီသဘာဝ ရှိတယ်ဆိုတာ သိထားရင် သူတို့ကို ဘယ်လို ဆက်ဆံရမယ်ဆိုတာ နားလည်နိုင်ပါတယ်' လို့ ဒေါက်တာရောဘတ်ရှီးက ရှင်းပြပါတယ်။

ဒါပေမယ့် ကျွန်တော်တို့ လူကြီးတွေကတော့ နားလည်ဖို့ မကြိုးစားကြတာ များပါတယ်။ တစ်ကြိမ်နှစ်ကြိမ် ပြော လို့ နားမထောင်ဘူးဆိုရင် ကြိမ်လုံးဆီ မျက်စိရောက်တော့တာပါ။ 'ဒီလောက် ခေါင်းမာလှတဲ့ ကလေး၊ လာခဲ့စမ်း၊ နင့်အကျင့်ကို ချွတ်ရမယ်' ဆိုပြီး ကြိမ်ကို ဝင့်တော့တာပါ။ ကိုယ့်ရဲ့ ဒေါသကို ရိုက်နှက်ခြင်းနဲ့ ဖြေဖျောက်ဖို့သာ အာရုံထားကြတာမို့ ကလေးရဲ့ ခံစားမှုကို တော့ ဂရုမစိုက်တတ်ကြပါဘူး။ ကိုယ်ပြောတာကို ကလေး နားလည်အောင်၊လုပ်ချင်လာအောင် အားမထုတ်တော့ဘဲ ဆူပူဟိန်းဟောက်လို့ပဲ ဖြစ်ဖြစ်၊ ကြိမ်လုံးကိုင်လိုက်လို့ပဲဖြစ်ဖြစ် အလွယ်တကူ ဖြေရှင်းပစ်တတ်ကြပါတယ်။ ဒီနည်းက လွယ်တယ်လေ။ ပညာ မလိုဘူး။ အပြန်အလှန် ညှိနှိုင်း ဆွေးနွေးနေစရာ မလိုဘူး။ ဒါမလုပ်နဲ့၊ လုပ်ရင် ရိုက်မယ်။

ကလေးတွေ သိပ်ဆော့ရင်လည်း လူကြီးက မကြိုက်ပါဘူး။ အပူအပင် မရှိ ဆော့ခဲ့ရ၊ ပျော်ခဲ့ရတဲ့ ကလေးဘဝကို သူတို့ကိုယ်တိုင် မေ့လျော့သွားခဲ့လို့လား မသိဘူး။ ကလေးတွေ ဆူညံ အော်ဟစ်မယ်၊ တဒုန်းဒုန်းနဲ့ ပြေးလွှားခုန်ပေါက်မယ်ဆိုရင် သူတို့က ခြောက်လှန့် ငေါက်ငမ်းကြပါတယ်။ ငေါက်လို့ မရရင် ရိုက်ပါတယ်။ ဒါပေမယ့် သုတေသီတွေကတော့ ဆော့ကစားတာဟာ ကလေးအတွက် အရေးကြီးတယ်လို့ ပြောကြပါတယ်။ လူကြီးတွေပြောတဲ့ ဆော့တယ်ဆိုတာ အမှန်ကတော့ ကလေးတွေ အလုပ်လုပ်နေတာပါ။ သူတို့ သင်ယူနေတာပါ။ ကလေးတွေ မီးခြစ်ကိုင်မယ်၊ ကတ်ကြေးကိုင်မယ်၊ ဓားကိုင်မယ်ဆိုရင် 'ဟဲ့… ဟဲ့ … မကိုင်နဲ့၊ လောင်သွားလိမ့်မယ်၊ ရှသွားလိမ့်မယ်' ဆိုပြီး အလန့်တကြား အော်ဟစ်ဟန့်တား

လိုက်ရင် ကလေးဟာ ဒီပစ္စည်းတွေအပေါ် ကြောက်စိတ်ဝင်ပြီး မထိရဲ၊ မကိုင်ရဲ ဖြစ်သွားတတ်ပါတယ်။ ကလေးကို ကြောက်အောင်လုပ်မဲ့အစား 'ဒါကို ဒီလို လုပ်ရတယ်၊ ဓားမရှအောင် ဒီလို ကိုင်ရတာ' လို့ သင်ပြပြီး အကျိုးနဲ့ အပြစ်ကို ရှင်းလင်းပြမယ်ဆိုရင် ကလေးဟာ အသစ်တစ်ခုကို တတ်မြောက်သိရှိပြီဆိုပြီး ရဲဝံ့အားတက်သွားမှာပါ။

ကစားခြင်းဟာ ကလေးအတွက် သင်ယူနေခြင်းပါပဲ။

ဒါပေမယ့် ကျောင်းမှာ ကလေးငယ်တွေဟာ စာအုပ်ရှေ့မှာ၊ ခုံနောက်မှာ အချိန်အကြာကြီး ငြိမ်ငြိမ်လေး ထိုင်နေတာကို တန်ဖိုးလို့ ဆရာတွေက ယူဆကြပါတယ်။ အတန်းကြီးတဲ့ ကျောင်းသားတွေအဖို့တော့ မှန်သင့်သလောက် မှန်ပါတယ်။ ဒါပေမယ့် အတန်းငယ်တဲ့ ကလေးတွေအဖို့တော့ မသင့်တော်ဘူးလို့ ပညာရှင်တွေက ပြောလာကြပါပြီ။

"အသက်ငါးနှစ်နဲ့ ရှစ်နှစ်ကလေးတွေကို အတန်းကြီးတွေ သင်သလို သင်ဖို့ မကောင်းပါဘူး။ သူတို့ကို တစ်မျိုးသင်ရပါတယ်။ စာသင်ခန်းထဲမှာ လှုပ်ရှားသွားလာနေရတာထက် ငြိမ်ငြိမ်လေး ထိုင်ပြီး ဆရာ ပြောသမျှ နားထောင်နေရတာက ကလေးငယ်တွေအဖို့ ပိုပြီး ငြီးငွေ့ ပင်ပန်းစေပါတယ်။ ကလေးတွေရဲ့ သဘာဝဟာ တစ်နေရာတည်းမှာ ငြိမ်ပြီး အကြာကြီး မထိုင်နိုင်ပါဘူး' လို့ သင်ကြားမှု ပညာရှင်တစ်ဦးက ဆိုပါတယ်။ ပညာရေးသမား တစ်ယောက်ကတော့ ဒီလိုတောင် ဆိုပါရဲ့။ 'ကလေးလေးတွေကို စာအုပ်တွေ၊ ခုံတွေကြားမှာ တစ်နေ့လုံး ထိုင်ခိုင်းထားရမယ်ဆိုတာ အတော်ကြောက်စရာကောင်းတဲ့ အတွေးအမြင်ပဲ' တဲ့။

တိုးတက်ဖွံ့ဖြိုးတဲ့ နေရာတွေက သူငယ်တန်း စာသင်ခန်းတွေကို ကြည့်ရင် ကလေးတွေဟာ ဆရာ၊ ဆရာမနဲ့အတူ

ကစားကြ၊ ပုံပြောကြ လုပ်နေတာကို မြင်ရပါလိမ့်မယ်။ ကျောင်းဆိုတာ စာတွေသင်တဲ့ နေရာလို့ အစွဲရှိထားသူတွေ အဖို့တော့ အံ့အားတသင့်နဲ့ ဘဝင်မကျ ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ စာသင်ခန်းဆိုတာ ထိုင်နေကြတဲ့ ကျောင်းသားတွေ ရှေ့မှာ ဆရာက ရပ်ပြီး စာသင်နေတာ၊ စာသင်သံနဲ့ စာအံသံမှတစ်ပါး အခြား အသံမရှိ သင့်တဲ့နေရာလို့ ထင်မြင်သူတွေကတော့ 'အမယ်လေး ပျက်စီးကုန်ပါပြီ' လို့ အော်ကောင်း အော်ပါလိမ့်မယ်။

မှန်ပါတယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းကတော့ ကျောင်းဆိုတာ အတန်းကြီးငယ်မရွေး စာတွေ သင်တဲ့နေရာဖြစ်ခဲ့ပါတယ်။ ဆရာကို ကြိမ်လုံးနဲ့ တွဲပြီး မြင်လေ့ရှိခဲ့ပါတယ်။ သူငယ်တန်းမှာတောင် ဆရာက စာသင်ချိန်မှာ တစ်ယောက်နဲ့ တစ်ယောက် စကားပြောရင် မကြိုက်ပါဘူး။ မြင်ရင် ကြားရင် အပြစ်ပေးပါတယ်။ အပြစ်ပေးခံရမှာ ကြောက်တာနဲ့ ဒီအရွယ် ကလေးငယ်တွေမှာ အရေးကြီးဆုံးဖြစ်တဲ့ မိတ်ဆွေဖွဲ့ခြင်း၊ အတူ ပူးပေါင်း ဆောင်ရွက်ခြင်းတွေ ပျောက်ပျက် ရပါတယ်။ အမှန်မှာတော့ အပေါင်းအသင်း ဖွဲ့ခြင်းဆိုတဲ့ 'အ' တစ်လုံးဟာ 'အရေး၊ အဖတ်၊ အတွက်' ဆိုတဲ့ 'အ' သုံးလုံးထက် ဒီအရွယ်မှာ ပိုပြီး အဓိက ကျတယ်ဆိုတာ ကျွန်တော်တို့ခေတ်တုန်းက မသိခဲ့ကြဘူးလေ။ မသိတော့ ကလေးတွေ အရိုက်ခံရတာပေါ့။ ကလေးတွေ ကြောက်စိတ်ဝင်တော့တာပေါ့။ အစပိုင်းမှာ ပြောခဲ့တဲ့ ဖြစ်ရပ် (၂) ကို ပြန်ကြည့်ရင် အတန်းငယ်ကလေးလေးတွေကို အတန်းကြီး ကလေးတွေနဲ့ တသဘောတည်း မြင်တာကြောင့် စာသင်ခန်းတွင်း ပူးပေါင်းလုပ်ဆောင်ခြင်း၊ အပြန်အလှန် ကူညီခြင်း စိတ်ဓာတ်တွေ ထိခိုက်သွားနိုင်တာ တွေ့ရပါတယ်။ လိုလားအပ်တဲ့ ဒီစိတ်ဓာတ်တွေအစား မလိုလား

အပ်တဲ့ ကြောက်စိတ်တွေ ဝင်သွားရခြင်းသာ အဖတ်တင်ရပါ တယ်။

ပြီးတော့ ကလေးငယ်လေးတွေကို စာတွေ အများကြီး သင်တဲ့ ကိစ္စ။ ဒါဟာ မကောင်းဘူးဆိုတဲ့ အမြင် ကျွန်တော်တို့ ဆီမှာ ရှိပြီးသားပါ။ ဒါပေမယ့် လက်တွေ့မှာတော့ မိဘတွေ ရဲ့ မျှော်လင့်ချက်က ကိုယ့်ကလေး စာမြန်မြန် တတ်စေချင်တယ်။ စာတော်စေချင်တယ်၊ ဖြစ်နိုင်ရင် အတော်ဆုံး ဖြစ်စေချင်တယ်။ ပြိုင်ဆိုင်ချင်တယ်။ ဒီတော့ ပြင်ပ မူကြိုကျောင်းတွေက မိဘ တွေအကြိုက် စာတွေ သင်ပေးကြပါရော။ အဲဒီလို မိဘနဲ့ ဆရာရဲ့ ဖိအားတွေအောက်မှာ ကလေးငယ်ခမျာ မနိုင်ဝန်ထမ်း ရတော့တာပဲ။

"ငါးနှစ်အရွယ် ကလေးငယ်ဟာ စာဖတ်တတ်ဖို့ မလို သေးဘူး" လို့ ပညာရှင်တွေ သတိပေးကြပေမယ့် ကလေးဟာ ကြိမ်တို့ပြီး အမောင်းခံနေရရှာတယ်။ ဒီ အခြေအနေမှာ ကျောင်း ဆိုတာ သူ့အတွက် ငရဲခန်းလို့ ခံစားသွားနိုင်ပါတယ်။ ကျောင်း ကို ကြောက်သွားနိုင်ပါတယ်။ ပညာသင်တယ်ဆိုတာ ပျော် စရာ ဖြစ်မလာဘဲ နှိပ်စက် ညှဉ်းပမ်းခြင်းလို့ ခံစားသွားမယ် ဆိုရင် ပညာကို မုန်းသွားနိုင်တယ်။ ပတ်ဝန်းကျင်တစ်ခုလုံးကို မုန်းသွားနိုင်တယ်။ လူတွေကို မုန်းသွားနိုင်တယ်။ ဒါ အန္တရာယ် သိပ်ကြီးတဲ့ ကိစ္စပါ။

"သူငယ်တန်းက ကလေးတစ်ယောက်ကို 'က' ကြီး နှစ်မျက်နှာ ရေးဖို့ အိမ်စာပေးလိုက်တဲ့ အဓိပ္ပာယ်က ဘာလဲ။ အဓိပ္ပာယ် အမှန်က သူ့လက်ချောင်းကလေးတွေကို နိုင်နိုင် နင်းနင်း ဖြစ်လာအောင် လေ့ကျင့်တာက အဓိ ရည်ရွယ်ချက် ပါ။ ကကြီးဆိုတာ ဘာအဓိပ္ပာယ်မှန်းလဲ မသိဘဲနဲ့ အလုံး

(၁၀၀) ရေးပြီးဖို့က အဓိက မဟုတ်ဘူး။ ဒါပေမယ့် အခုဟာ က မိဘတွေရော တချို့ဆရာတွေရော အဓိပ္ပာယ်ကောက်ပုံ လွဲနေကြတယ်" လို့ ပညာရေး သုတေသနဌာနက ပုဂ္ဂိုလ် တစ်ဦးက ဆိုပါတယ်။ အဲဒီလို နားလည်ပုံ လွဲတဲ့အတွက် အိမ်စာလုပ်ဖို့ ကြောက်နေရှာတဲ့ ကလေးငယ်ဟာ အရိုက်သော် လည်းကောင်း၊ ငတုံး၊ ငအ၊ ငဖျင်း စသည်ဖြင့် ဖိနှိပ် မာန်မဲ မှုသော်လည်းကောင်း ခံရပါတယ်။

"အမှန်တော့ ကလေးတွေက ပြဿနာ မဟုတ်ဘူးဗျ။ တကယ့် ပြဿနာက လူကြီးတွေ" လို့ စိတ်ပညာ ဆရာတစ်ဦး က ရယ်မောပါတယ်။

ကလေးတွေကို ဘာဖြစ်လို့ ကြောက်အောင် လုပ်တတ် ကြသလဲ ဆိုတော့ လူကြီးတွေ ကိုယ်နှိုက်က ကြောက်အောင် အလုပ်ခံခဲ့ကြရလို့ပါ။ သူတို့ကိုယ်နှိုက်မှာကိုက ကြောက်စိတ် တွေ ရှိနေလို့ပါ။ သူတို့ကိုယ်တိုင်မှာလည်း ဘဝဆိုတာကြီးရဲ့ ကြိမ်လုံးနဲ့ အရိုက်ကို ခံနေရတာကိုး၊ လောကမှာ စွမ်းအင် မဲ့လေလေ ဘဝရဲ့ အရိုက်ကို ပိုခံရလေလေလို့ စွဲမှတ် ယုံကြည် လာကြတဲ့အခါ ကိုယ့်မျိုးဆက်ကို စွမ်းအင်တွေ ပြည့်စေချင် စိတ်နဲ့ အဓမ္မ ကြိုးစားကြတော့တာပါပဲ။

ဒီလိုဆိုပြန်တော့ အမှန်တကယ် သနားစရာ ကောင်းနေ တာက လူကြီးတွေ ဖြစ်နေပါရောလားဗျာ။

ᨀᨀ ᨀᨀ ᨀᨀ

(၃)

ကြိမ်လုံးအကြောင်း စဉ်းစားမိတိုင်း အထက်တန်းကျောင်းသားဘဝတုန်းက ကြုံခဲ့ရတာလေးတစ်ခုကို အမြဲ သတိရနေမိပါတယ်။

မြန်မာစာအချိန်မှာ ပင်ရင်းစကားပြေ လက်ရွေးစင်ထဲက 'မင်းတုန်းမင်းနှင့် ငါးခြောက်ပြား' ဆောင်းပါးကို သင်ပြီးစပေါ့။ မင်းတုန်းမင်း ငယ်ရွယ်စဉ် မောင်လွင်ဘဝက စံကျောင်းဆရာတော်ဆီမှာ ပညာ သင်ကြားခဲ့ရတယ်။ တစ်နေ့မှာ အင်းသားကြီး ကြွေ့က ငါးခြောက်ပြားကြီး တစ်ပြားလာပြီး လှူတယ်။ ဆရာတော်က ငါးခြောက်ကို သိပ်ကြိုက်ပါသတဲ့။ ကျောင်းမှာကလည်း ငါးခြောက် ပြတ်လပ်နေချိန်ဖြစ်တော့ ဆရာတော်က မောင်လွင်ကို ကျက်သရေခန်းထဲမှာ သေသေချာချာ သိမ်းခိုင်းလိုက်ပါတယ်။ နောက်တစ်နေ့ ဆရာတော် ဆွမ်းဘုဉ်းပေးတဲ့အခါ မောင်လွင်ကို ငါးခြောက်ဖုတ်ခိုင်းတော့ ငါးခြောက်က ရှာမတွေ့တော့ဘူး။ ဆရာတော်ကတော့ လက်ဆေးပြီး နှမ်းဆီမွှေးမွှေးနဲ့ ရောက်လာမယ့် ငါးခြောက်ဖုတ်ကို စောင့်နေတာပေါ့။ မောင်လွင်မှာ ဘယ်လိုမှ ရှာဖွေ မေးမြန်းစုံစမ်းလို့ မရဘဲ ဗျာများနေခိုက် 'ဟဲ့ ... ငလွင် မရသေးဘူးလား' လို့ မေးလိုက်တော့ ညှိုးညှိုးငယ်ငယ်နဲ့ပဲ ငါးခြောက်ပြားကြီး ပျောက်ဆုံးသွားတဲ့အကြောင်း တင်လျှောက်ရတော့တယ်။ 'ငလွင် ... လာခဲ့' လို့ ထားဝယ်ကြိမ်ကို ဆွဲပြီး ခေါ်လိုက်တဲ့ ဆရာတော့်အသံက ကျောင်းသားအားလုံးရဲ့ နှလုံးသားကို ကန့်လန့်ဖြတ် ဝင်သွားပါသတဲ့။ 'ဟဲ့ ... ငလွင် နင်ဟာဘုရင့်သား၊ အကြောင်းညီညွတ်ရင် နိုင်ငံကို အုပ်ချုပ်မင်းလုပ်ရမယ့်သူ၊ ဒီလိုလူက ငါးခြောက်ပြားလေး တစ်ချပ်ကိုတောင်

လုံခြုံအောင် မစောင့်ရှောက်နိုင်ရင် နိုင်ငံကို နင် ဘယ်လို လုံခြုံအောင် လုပ်နိုင်တော့မလဲ” လို့ မိန့်ပြီး အချက်ပေါင်း များစွာ ရိုက်နှက်ဆုံးမပါသတဲ့။

ဒီဆောင်းပါးကို သင်ပြီးတော့ ဆရာက သင်ရိုးထဲက မေးခွန်းတွေကို ဖြေခိုင်းပါတယ်။ မေးခွန်းတစ်ခုက ‘စံကျောင်းဆရာတော်၏ ဆုံးမမှုကို သင်လက်ခံပါသလား’ လို့ အဓိပ္ပာယ်မျိုး ပေါက်တဲ့ မေးခွန်းပါ။ နောက်တစ်နေ့ မြန်မာစာ အချိန်ရောက်တော့ ဆရာဟာ အတန်းထဲကို ခြေသံပြင်းပြင်းနဲ့ ဝင်လာပါတယ်။ အဖြေလွှာတွေကို စားပွဲပေါ် ဘုန်းခနဲ မြည်အောင် ပစ်ချလိုက်ပါတယ်။ ဆရာ့မျက်နှာက နီပြီးတင်းလို့။ တစ်တန်းလုံးကို ဝေ့ဝဲပြီး ကြည့်တယ်။ တစ်တန်းလုံးကလည်း ငြိမ်လို့။ ဆရာ ဘာဖြစ်လာတာပါလိမ့်လို့ တွေးနေကြပုံပဲ။

ဆရာက ကျောင်းသားတစ်ယောက်ရဲ့ နာမည်ကို ခေါ်ပြီး အတန်းရှေ့ ထွက်ခိုင်းပါတယ်။ နောက်ဆုံးခုံက ကျောင်းသားတစ်ယောက် ထွက်လာပါတယ်။ ဆရာက အဖြေလွှာတစ်ရွက်ကို ဆွဲထုတ်ပြီး အဲဒီကျောင်းသားကို ပေးလိုက်တယ်။

“ဒါ မင့်အဖြေလား”

“ဟုတ်ပါတယ် ဆရာ”

“အေး တစ်တန်းလုံးကြားအောင် ဖတ်စမ်း”

နည်းနည်း အံ့ဩနေပုံနဲ့ ကျောင်းသားက သူ့အဖြေကို ဖတ်ပါတယ်။ မှတ်မိသလောက်ဆိုရင်တော့ စံကျောင်းဆရာတော်ရဲ့ ဆုံးမပုံကို သူမကြိုက်ကြောင်း၊ ဆုံးမမှု သဘောထားကို သံသယ ဖြစ်မိကြောင်း၊ ဆရာတော်ရဲ့ အဲဒီအချိန်က စိတ်ခံစားမှုဟာ တပည့်ကို လမ်းညွှန်ချင်စိတ်ထက် မိမိ အလွန်တရာ ကြိုက်နှစ်သက်တဲ့ ငါးခြောက်ဖုတ်ကို ဘုဥ်းမပေးရတဲ့အတွက်

ဖြစ်ပေါ်လာတဲ့ ဒေါသစိတ်က ပိုပြီး ကြီးမားနေနိုင်ကြောင်း၊ ပြီးတော့ ဒီကိစ္စဟာ ဒီလောက် ရိုက်နှက် အပြစ်ပေးစရာ မလို ကြောင်း၊ နားဝင်အောင် ဆုံးမလျှင် ရပါလျက်နှင့် သေရာပါ အမာရွတ်ထင်အောင် ရိုက်နှက်ခြင်းဟာ ဒေါသစိတ်ကြောင့်ဟု သံသယ ဖြစ်စရာရှိကြောင်း၊ ဘုရားသားတော်တို့ မည်သည် ရသ တဏှာဖြင့် ဆွမ်းဘုဉ်း မပေးသင့်သည်ကို သတိရသင့် ကြောင့်၊ ဆရာကိုယ်တိုင်က ဤဝိနည်းကို မထိန်းသိမ်းနိုင်ပါ ဘဲ၊ တပည့်ကို ဆုံးမခြင်းမှာ စဉ်းစားဖွယ်ဖြစ်ကြောင်း၊ အသား နာမှ အရိုးစွဲအောင် မှတ်မည်လို့ ထင်ပြီး ပြင်းပြင်းထန်ထန် အပြစ်ပေး ဆုံးမခဲ့ပေမယ့် မင်းတုန်းမင်းလက်ထက်မှာ အောက် မြန်မာနိုင်ငံ တစ်ခုလုံးကို အင်္ဂလိပ်လက် ထိုးပေးလိုက်ရတဲ့ အတွက် ဒီဆုံးမနည်းဟာ မအောင်မြင်ကြောင်း ၊ အဲဒီလိုတွေ ဖြေထားတာဗျ။ တစ်တန်းလုံးကတော့ တခိခိနဲ့ ရယ်ကြတယ်။ သူတစ်ကြောင်းဖတ်လိုက်၊ ခိခနဲ ကျိတ်ရယ်လိုက်ကြနဲ့။ ဆရာ ကတော့ ကျောင်းသားတွေ ရယ်လေ ဒေါသထွက်နေလေပါပဲ။

ကျောင်းသား ဖတ်ပြီးသွားတော့ ဆရာက သူ့ကို မေး တယ်။

"မင်း ငါ့ကို နောက်တာလား"

"ဟာ ... မဟုတ်ဘူး ဆရာ။ ကျွန်တော်မေးခွန်းကို ဖြေတာပါ"

"ကဲ_ အားလုံး သူဖြေတာကို လက်ခံကြသလား၊ တစ်ယောက်စီ မေးမယ်၊ ကဲ .. မင်းကစ၊ သူဖြေတာ မှန်သလား မှားသလား"

ပထမဆုံး အမေးခံလိုက်ရတဲ့ ရှေ့ဆုံးခုံက ကျောင်းသား ဟာ ရုတ်တရက် ဘာဖြေရမှန်း သိပုံ မရဘူး။ အဖြေရှင်

ကျောင်းသားကို ကြည့်လိုက်၊ ဆရာ့ကို ကြည့်လိုက်၊ ဘောအဒ်ကို ကြည့်လိုက်နဲ့။ ကျွန်တော်စိတ်ထဲမှာတော့ အဲဒီ ကျောင်းသားရဲ့ အဖြေကို ကြိုက်နေတယ်။ ကျွန်တော်လည်း သူ့လို ခံစားမိတာပဲ။ ဒါပေမယ့် သူ့လို မဖြေတတ်ဘူး။ သူ့လို ထောင့်စေ့အောင် မမြင်တတ်ဘူး။ ပြီးတော့ သူ့လို မဖြေရဲဘူး။ တစ်တန်းလုံး လိုလိုလည်း ကျွန်တော့်လိုပဲလို့ ထင်တယ်။ သူတို့ မျက်နှာတွေကို ကြည့်ရင် သိသာပါတယ်။

"ဟော့ကောင် ဖြေလေကွာ"

ရှေ့ဆုံးက ကျောင်းသားခမျာ တုန်သွားပါတယ်။ အဖြေရှင် ကျောင်းသားကို တစ်ချက် ခိုးကြည့်ပြီး ခေါင်းငုံ့ချလိုက်တယ်။ တကယ်တော့ ဆရာက မှန်သလား၊ မှားသလားဆိုတဲ့ မေးခွန်းနှစ်ခုကို မေးနေတယ် ဆိုပေမယ့် အမူအရာ၊ လေသံ၊ ဖန်တီးထားတဲ့ ဝန်းကျင် အငွေ့အသက်တွေက 'မှားတယ် လို့ ဖြေစမ်း။ မဖြေရင် ကြိမ်လုံး' လို့ ပြောပြီးသား ဖြစ်နေပါပြီ။ ဆရာဟာ ကျောင်းသားတွေကို လိမ်နေသလို သူတရားပါတယ် ဖြစ်အောင် သူကိုယ်တိုင်လည်း ပြန်လိမ်နေတာပါ။ ဒါကို အဲဒီ ကျောင်းသားလည်း သဘောပေါက်ဟန် တူပါရဲ့။

"သူဖြေတာ မှားပါတယ်"

"ဟုတ်ပြီ၊ နောက်တစ်ယောက်"

"မှား ... အဲ ... မှားပါတယ်"

"နောက်တစ်ယောက်"

"မှားပါတယ်"

တစ်ယောက်ပြီးတစ်ယောက် မေးလာလိုက်တာ ကျွန်တော့်အလှည့် ရောက်လာပါတယ်။ ကျွန်တော် ထရပ်လိုက်တယ်။ အသက်တစ်ချက် ပြင်းပြင်းရှူလိုက်တယ်။

"မှားပါတယ်"

အဖြေရှင် ကျောင်းသားကို မကြည့်ရဲပါဘူး။ ခေါင်းငုံ့ပြီး ခုံပေါ်က စာအုပ်ကိုပဲ စိုက်ကြည့်နေမိတယ်။ ထူးခြားတာက ကျောင်းသားအားလုံးလည်း အဲဒီလိုပဲ။ လူကုန်သွားတော့ ဆရာက အဲဒီကျောင်းသားကို နောက်ပြောင်မှုနဲ့ အတန်းရှေ့မှာ ရိုက်ပါတယ်။ ကြိမ်လုံးသံ တစ်ချက်ကြားရတိုင်း ကျွန်တော့်ခန္ဓာကိုယ် တစ်နေရာမှာ နာနာသွားသလိုပဲ။ ကျွန်တော်ကိုယ်တိုင် အရိုက်ခံနေသလိုပဲ။ တစ်တန်းလုံးလည်း ကျွန်တော့်လို ပဲ ခံစားနေရမှာပါ။

အဲဒီကျောင်းသားဟာ ကျောင်းပြောင်းသွားပါတယ်။

ကိုယ့်ထင်မြင်ချက်ကို ပွင့်ပွင့်လင်းလင်း ပြောရဲတဲ့ သူငယ်ချင်းတစ်ယောက်ကို ကျွန်တော်တို့ ဆုံးရှုံးလိုက်ပါတယ်။ ဆရာ့မှာ ဒီလို တပည့်မျိုး ဆုံးရှုံးလိုက်ပါတယ်။ ကျောင်းမှာ ဒီလို ကျောင်းသားမျိုး ဆုံးရှုံးလိုက်ပါတယ်။ အဲဒီက ဆန့်တွေးလိုက်ရင်တော့ နိုင်ငံပေါ့ခင်ဗျာ။ ဒါ ဆုံးရှုံးမှုပါ။

ဘာဖြစ်လို့ ကျွန်တော်ဟာ ခံစားမှုချင်း တူပါလျက်နဲ့ သူ့လို မဖြေရဲခဲ့ရတာလဲ။ ဖြေရဲသူ ရှိလာတာတောင် ကျွန်တော်က ဘာဖြစ်လို့ သူမှန်တယ်လို့ မပြောရဲခဲ့ရတာလဲ။

အာရုံထဲမှာတော့ ငယ်စဉ်ကတည်းက ကြုံကြိုက် ဆုံစည်းခဲ့ရတဲ့ ကြိမ်လုံးတွေ၊ ကြိမ်လုံးတွေ၊ ကြိမ်လုံးတွေ ...။ ခက်ထန်တဲ့ အမူအရာတွေ။

ဝဲခနဲ .. ဝဲခနဲ

တင်းခနဲ .. တင်းခနဲ

ရှမ်းခနဲ ... ရှမ်းခနဲ

အမေရေ .. ကျွန်တော် ကြောက်လှည့်ချည့်။

xxx xxx xxx

(၄)

အဲသလိုနဲ့ ကျွန်တော်တို့ရဲ့ သွေးထဲမှာ အကြောက်မျိုးစေ့တွေ ပွားများလာပြီး အရွယ်ရလာတာနဲ့အမျှ ကြောက်သီးတွေ တတွဲတွဲ၊ ကြောက်ပွင့်တွေ တဝေဝေနဲ့။

လုပ်ငန်းခွင်ထဲမှာ ပြုပြင် ပြောင်းလဲဖို့ လိုအပ်တဲ့ ပြဿနာတွေ၊ အခက်အခဲတွေ ရှိရင်လည်း ကျွန်တော် ဘာမှ မပြောရဲဘူး။ အပြဲဘက်က မြင်ပြီး ပြောင်းလဲပစ်လိုက်ရင် အကျိုးရှိမယ်ဆိုတာ သေသေချာချာကြီး သိနေမြင်နေပါလျက်ကနဲ့ အထက်လူကြီး မကြိုက်မှာစိုးလို့ ကျွန်တော် ဘာမှ အကြံမပြုရဲပါဘူး။ ကျွန်တော့်ဆီက အကြံ၊ အတွေး၊ အမြင်၊ သဘောထားတွေကိုလည်း ဘယ်သူကမှ မတောင်းကြဘူးလေ။ သင်ခဲ့ရတဲ့ ပညာတွေ စာအုပ်ထဲ ပြန်သွားလည်း သွားပေရော့ပေါ့။ ဟောဒီ ပရောဂျက်ဟာ ဘယ်နေရာမှာ မှားနေတယ်လို့ ကျွန်တော် မြင်ပေမယ့် ဒါဟာ ပြောရမယ့် ကိစ္စလို့ ကျွန်တော် မထင်တော့ဘူး။ တဖြည်းဖြည်းနဲ့ အဲဒါ ကျွန်တော် မှန်တယ်လို့ ထင်လာတယ်။

ကျွန်တော့်အထက် အဆင့်အဆင့်၊ အောက်အဆင့်ဆင့်က လူတွေအားလုံးက ဒါကို မှန်တယ် ထင်လာကြရင်ဖြင့် ...

ဌာန မနာဘူးလား။

တိုင်းပြည် မနာဘူးလား။

ပညာရပ်အမြင်နဲ့ ကြည့်ရင် တစ်ကမ္ဘာလုံးနဲ့ လူသားအားလုံး နာပါတယ်။

ဒါပေမယ့် ...

xxx xxx xxx

(၅)

ကျွန်တော် အိမ်ပြန်ရောက်တော့ အကြီးကောင်ရဲ့ ငိုသံပြဲကြီးကို ကြားရပါတယ်။ သူ့အမေ လက်ထဲမှာ တုတ်တစ်ချောင်းနဲ့ ...

"ဘယ်လို ဖြစ်နေကြတာလဲ ကွာ"

"ဘယ်လို ဖြစ်ရမလဲ၊ တော့်သားက အိမ်စာပြီးအောင် မလုပ်ဘဲ ကမြင်းတာလေ၊ ပန်းကန်တစ်လုံး ကွဲပြီ"

"ဘာဖြစ်သလဲ ကွ၊ ကလေးဆိုတာ ဒီအရွယ်မှာ ..."

"တော် စာအုပ်ထဲကဟာတွေ လာပြောမနေနဲ့၊ ပန်းကန်တစ်လုံး ဘယ်လောက် အောက်မေ့လို့လဲ၊ ရှင့်ဝင်ငွေက ဘယ်လောက် ..."

ရှယ်ထားတဲ့ တုတ်အောက်ကနေပြီး သားကြီးက အကြောက်မျက်လုံးများနဲ့ ကျွန်တော့်ကို အားကိုးတကြီး ကြည့်နေရှာပါတယ်။

ဒါပေမယ့် ဖေဖေ့မျက်လုံးတွေကလည်း သားရဲ့ မျက်လုံးတွေလိုပဲ ဖြစ်နေတာ ကြာပါပြီကောလား သားရယ်။

၁၉၉၄၊ နိုဝင်ဘာ

မှသား

ဒါကြောင့်လည်း
မှသားဆိုတဲ့ အချိုမှုန့်လေး နည်းနည်းခတ်ပေးမှ
လောကကြီးဟာ အရသာရှိတာပါလို့
ဆိုကြပေတာပဲ။

တစ်နေ့က မဂ္ဂဇင်းတိုက်မှာ ကွန်ပျူတာ ပရုတွေကို တကုန်းကုန်း ဖတ်ရှု ပြင်ဆင်နေတုန်း မောင်ဖိုးတင် တစ်ယောက် ပေါက်ချလာပါတယ်။ သူက ကျွန်တော်တို့ မဂ္ဂဇင်းမှာ မျက်နှာဖုံး ဆောင်းပါးတွေ ရေးတယ်လေ။ သူ ရောက်လာတော့ ထုံးစံ အတိုင်း လက်ဖက်ရည်ဆိုင် ဆင်းထိုင်ကြပြီးတော့ ထုံးစံအတိုင်း ပဲ စာပေလောကရဲ့ သတင်းတွေ၊ အတင်းတွေ၊ နိုင်ငံတကာ ကိစ္စတွေ၊ ကမ္ဘာ့စီးပွားရေး ကိစ္စတွေ၊ တွေးခေါ်မြော်မြင်ရေး သဘောတရားတွေ အစရှိသဖြင့် ကြီးကြီးကျယ်ကျယ်တွေပေါ့ ခင်ဗျာ။ ရေနွေးအိုး လေးအိုးစာလောက် ဆွေးနွေး ပြောဆိုကြ ပါတယ်။ ပဥ္စမမြောက် ရေနွေးအိုးကို ဒုတိယအကြိမ် ငှဲ့လိုက် ချိန်မှာတော့ အကြောင်းအရာက ဘာသာရေး ခေါင်းစဉ်အောက် ရောက်နေပါပြီ။ ပြောကြဆိုကြရင်းနဲ့ မောင်ဖိုးတင်က မေးခွန်း တစ်ခုကို ဆိုင်းမဆင့် ဗုံမပါ ရုတ်တရက် ကောက်မေးလိုက် ပါတယ်။

"ဒါနဲ့ ငါးပါးသီလအကြောင်း ကိုယ့်လူသိရဲ့လား"

"အလို စော်ကားလိုက်လေဗျာ၊ ဗုဒ္ဓေါ ဝါဒီဗျ၊ ဗုဒ္ဓေါ ဝါဒီ"

"အင်း .. ပြောကြတာပဲ၊ ဒါပေမယ့် သေသေချာချာ စဉ်းစားဖူးသလား"

"ဘာလဲဗျ၊ ဘာကို စဉ်းစားရမှာလဲ"

"ငါးပါးသီလထဲမှာ လူတွေ အလွယ်တကူ အကျူးလွန် တတ်ဆုံး၊ ကျူးလွန်မှု အများဆုံးကံဟာ ဘာကံလဲဗျာ"

ဒုက္ခော။ မောင်ဖိုးတင်နဲ့ တွေ့လိုက်ရင် ဒီတိုင်းချည်းပါ ပဲ။ လူတစ်ဖက်သားကို နည်းနည်းကလေးမှ ဒုက္ခ မပေးရရင် သူ့ခမျာ စားဝင်အိပ်ပျော် ဖြစ်ရှာတာ မဟုတ်ဘူး။ ဒါပေမယ့် သူ့မေးခွန်းကို ကျွန်တော် စဉ်းစားပါတယ်။ တစ်ချက်ချင်း စဉ်းစားကြည့်ပါတယ်။ စဉ်းစားကြည့်တော့ ရေးတေးတေး ပေါ်လာသလိုပဲ။

"အင်း ... ရတ်တရက် စဉ်းစားလို့ရတာတော့ မုသာဝါဒ ကံပဲဗျ"

"ဟုတ်လိုက်လေဗျာ။ ကိုယ့်လူ အတော် တိုးတက်လာ ပြီပဲ"

"ထားပါတော့၊ အဲဒီ မုသာဝါဒကံက ဘယ်လောက် အရေးကြီးလို့လဲ"

"ကြီးပါသော်ကောဗျာ၊ ဒီမှာ ဟော့လူ၊ ခင်ဗျားတို့ ကျုပ်တို့ အလိမ်ခံနေရတာ များပြီဗျ၊ သိသိကြီးနဲ့ အလိမ်ခံ နေရတာ ကြာလှပြီ"

"ဗုဒ္ဓေါ ဘယ်သူတွေက ကျုပ်တို့ကို လိမ်နေလို့တုန်း"

"ရောင်းသူတွေလေဗျာ၊ ဈေးကွက်ထဲမှာ ရောင်းသူ တွေက ဝယ်သူတွေကို လိမ်နေကြတာ"

ဩော် .. သူ့ဒုက္ခကလည်း မသေးရှာပါလား။ Customer is GOD (ဝယ်သူသည် နတ်ဘုရားဖြစ်၏) ဆိုတဲ့ အစွဲကြီးက တန်းလန်းတန်းလန်း ရှိနေတုန်းပဲ ကိုး။ ပြီးခဲ့တဲ့ လကတောင် ကျွန်တော်တို့ မဂ္ဂဇင်းမှာ အဲဒီအကြောင်း သူက မျက်နှာဖုံး ဆောင်းပါး ရေးလိုက်သေး။ အဲဒီ အရှိန်က အခုထိ မကုန်သေးပါလား။

"အဲဒီအကြောင်း ခင်ဗျား ရေးပြီးပြီပဲ ဗျာ၊ ကိုယ့်စိတ် ကိုယ် ဖြေပါတော့"

"မဟုတ်ဘူးဗျ၊ အခုဟာက သီးခြားကိစ္စ၊ လောကကြီးရဲ့ နယ်ပယ်တိုင်းမှာ မုသားတွေ ရှိနေတယ်။ မုသား ပေါက်ကွဲမှုကြီးတွေ ဖြစ်နေတယ်။ အဲဒီကိစ္စ ခင်ဗျားရေးသင့်တယ်"

"အလိုဗျာ"

မောင်ဖိုးတင်ကတော့ အဲသလိုပါပဲ။ သူ့ဒုက္ခကို သူတစ်ပါး ဒုက္ခ ဖြစ်အောင် အင်မတန် လုပ်တတ်ပါပေတယ်။ သူလုပ်တာနဲ့ပဲ အဲဒီနေ့က စပြီး ကျွန်တော့်ခမျာ 'မုသား' ဆိုတဲ့ ခေါင်းစဉ်ကြီးအောက်မှာ ပိသွားရရှာတော့တာပါပဲ ခင်ဗျာ။

✕✕✕ ✕✕✕ ✕✕✕

(၁)

'မုသား' တဲ့။

ပါဠိသက် ဝေါဟာရတစ်ခု ထင်ပါရဲ့။ အဓိပ္ပာယ်ကတော့ အများသိကြတဲ့အတိုင်း 'လိမ်ညာခြင်း၊ အမှန်ကို မပြောခြင်း' ပေါ့။

မုသားကို ဘယ်ဘာသာတရားကမှ မကြိုက်မနှစ်သက်ကြပါဘူး။ 'သစ္စာကည်းဟူသော တရားတစ်ခုကို လွန်၍

မုသားစကားကို ဆိုလေ့ရှိသောသူအား မပြုနိုင်မည့် မကောင်းမှု အကုသိုလ်မည်သည် မရှိ’ လို့ ဓမ္မပဒမှာ လာပါတယ်။ လူပုဂ္ဂိုလ်တို့ ရှောင်ကြဉ်အပ်တဲ့ တရားငါးပါးထဲမှာ မုသားစကားပြောဆိုမှုတစ်ပါး ပါဝင်ပြီး ငြိမ်းအေးမှု နိဗ္ဗာန်ကို ဆိုက်ရောက်ဖို့ ကျင့်သုံးအပ်တဲ့ တရားရှစ်ပါးထဲမှာ သမ္မာဝါစာ (မှန်ကန်ဖြောင့်မတ်စွာ ပြောဆိုခြင်း) တစ်ပါး ပါဝင်ပါတယ်။ မုသားဟာ ဗုဒ္ဓဘာသာမှာ အရေးကြီးပါတယ်။ ခရစ်ဝင် ပညတ်တော်ဆယ်ပါးမှာလည်း ‘မမှန်သက်သေမခံနှင့်’ လို့ တားမြစ်ထားပြီး ကိုရန်ကျမ်းမှာတော့ လိမ်လည်ပြောဆိုခြင်းဟာ ‘ဇေနာ’ (အပြစ်ကြီး) ဖြစ်ပါသတဲ့။

ဒါပေမယ့် လူဆိုတာ လိမ်တတ်ပါတယ်။ သတ္တလောကမှာ **Homosapiens** ဆိုတဲ့ ‘လူ’ သတ္တဝါ တစ်မျိုးပဲ မုသားပြောတတ်တာပါ။ လူက စကားပြောတတ်တာကိုး။ ဒီလိုဆိုလိုက်လို့ မုသားဆိုတာ ဝစီကံ တစ်ခုတည်းနဲ့ပဲ သက်ဆိုင်တယ်လို့ မယူဆစေချင်ပါဘူး။ မုသားသဘောကို ဆောင်တဲ့ အမူအရာတွေ၊ ပြုကျင့်မှုတွေ၊ လုပ်ရပ်တွေ အများကြီးရှိပါတယ်။ လူတွေ လိမ်ညာတယ်ဆိုတာ ကံသုံးပါးစလုံးနဲ့ လိမ်ကြညာကြတာပါ။

ဒါကြောင့်လည်း စိတ်ပညာ ပါမောက္ခ ‘ပေါလ်အက်မန်း’ က ‘သူ့တစ်ထူးအား ရည်ရွယ်ချက်ရှိရှိ၊ အစီအစဉ် ရှိရှိ လှည့်စားခြင်း’ လို့ မုသားကို အနက်ဖွင့်ခဲ့တာပေါ့။

ကျွန်တော်တို့ ဘာကြောင့် လိမ်ညာကြပါသလဲ။

ပေါလ်အက်မန်းက အချစ်နှစ်ချက် ခွဲထုတ်ပြပါတယ်။ ပထမအချက် – တစ်စုံတစ်ရာကို ဖုံးကွယ်ချင်လို့ (to conceal)။ ဒုတိယအချက် – မရှိတာကို အရှိလုပ်ချင်လို့ (to falsify)။

အဲဒီလို သူက ပြောတော့ 'အရှင်ဇနကာဘိဝံသ' ပြုစုတော်မူခဲ့တဲ့ 'ကိုယ်ကျင့်အဘိဓမ္မာ' စာအုပ်ထဲက စိတ်ကိုယုတ်ညံ့အောင် ခြယ်လှယ်တဲ့ စေတသိက် (၁၂) ပါးကို သွားသတိရလိုက်မိပါတယ်။ အဲဒီထဲမှာ မုသားနဲ့ သက်ဆိုင်တဲ့စေတသိက် နှစ်ပါး ရှိပါတယ်။ 'မာယာ' နဲ့ 'သာဌေယျ'။

မာယာဆိုတာ မိမိရဲ့ အပြစ်ကို ဖုံးကွယ်တတ်တဲ့သဘော။ သာဌေယျက မိမိမှာ မရှိတဲ့ ဂုဏ်ကို ရှိသယောင်ထင်ရအောင် လှည့်စားတတ်တဲ့ သဘော။

'အဟုတ်' ကို 'မဟုတ်' လုပ်တာ မာယာ။

'မဟုတ်' ကို 'အဟုတ်' လုပ်တာ သာဌေယျ။

နှစ်မျိုးစလုံး မုသားချည်းပါပဲ။

ကျွန်တော်တို့ရဲ့ နေ့စဉ်ဘဝမှာ မာယာတွေ၊ သာဌေယျတွေဆိုတာ မမြင်ချင်၊ မကြားချင်လို့ မနေရ။ အမြဲကြားရမြင်ရ၊ သိနေရတာပဲလေ၊ တစ်ခါတစ်ခါ ကိုယ်တိုင်တောင်လုပ်မိလျက်သား ဖြစ်ဖြစ်နေတတ်သေး။

နောက်တစ်ခါ ကျွန်တော်တို့ဟာ အဂတိတရား လေးပါးကြောင့်လည်း မုသား ပြောနိုင်ကြပါသေးတယ်။

မိမိကိုယ်တိုင်က ချစ်ခင်နှစ်သက် သဘောကျခြင်း (ဆန္ဒာဂတိ) ဖြစ်နေတဲ့အတွက် ချစ်သူကို သာစေလိုတဲ့အတွက် ကိုယ့်လူဘက်က မှားနေတာ သိပါလျက်နဲ့ ကိုယ့်အုပ်စုဘက်က မှားနေတာ သိပါလျက်နဲ့ အမှန်ကို မျက်ကွယ်ပြုပြီး မုသားဆိုတတ်ကြပါတယ်။ ကိုယ့်လူ၊ ကိုယ့်အုပ်စုရဲ့ အပြစ်တွေကိုဖုံးပေးတတ်ပြီး မရှိတဲ့ ဂုဏ်ကို ရှိသယောင်ယောင် လုပ်ပေးတတ်ကြပါတယ်။ ဒါမျိုးတွေ လောကထဲမှာ အများကြီး ... အများကြီး။

ဒေါသာဂတိ – မုန်းလို့၊ မနှစ်သက်လို့။ မုန်းသူကို နာစေလိုတဲ့အတွက် မုသားပြောတာ။ ကိုယ်မုန်းတဲ့လူ၊ ကိုယ်မုန်း တဲ့အုပ်စုတဲ့ တော်ကွက်၊ ကောင်းကွက်တွေကို ထိန်ချန်ပြီး မမှန်မကန် လုပ်ကြံဇာတ်လမ်းတွေနဲ့ သိက္ခာချတတ်ကြပါတယ်။ (လမ်းပေါ်မှာ မိန်းမကြီးတစ်ယောက် သူ့ဘာသာသူ ချော်လဲတာကို နိုင်ငံရေးသမားတစ်ယောက်က 'ဒါ နယ်ချဲ့ အရင်းရှင်ရဲ့ လက်ချက်ပဲ' လို့ မှတ်ချက်ချတဲ့ နာမည်ကျော် ပျက်လုံးဟောင်းတစ်ခုလိုပေါ့) ဒါမျိုးတွေ လောကထဲမှာ အများကြီး ... အများကြီး။

ဘယာဂတိ – ကြောက်လို့။ ကိုယ့်အကျိုး ထိခိုက်မှာကြောက်လို့။ ကြောက်လောက်အောင် အခြိမ်းခြောက်ခံရတဲ့အခါ ကိုယ်ကျိုးစီးပွားကို ငဲ့ပြီး မမှန်မကန်တွေ ပြောလိုက်ရတာ၊ လုပ်လိုက်ရတာတွေ ရှိပါတယ်။ လောကထဲမှာ အများကြီး ... အများကြီး။

မောဟာဂတိ – မသိလို့။ တွေဝေလို့။ စနစ်တကျစဉ်းစားနိုင်တဲ့ အရည်အချင်း မရှိလို့။ သူများတွေ လိမ်ကြညာကြတဲ့အထဲ ကိုယ်ပါရောယောင်ပြီး လိမ်ဖြစ် ညာဖြစ်သွားတာ။ အများကြီး .. အများကြီး။

ဒါဖြင့် လိမ်ညာခြင်းဟာ လူ့သဘာဝ တစ်ခု ဖြစ်နေသလား။

"ဒီလိုတော့ မဟုတ်ပါဘူး။ ဒါဟာ သင်ယူတတ်မြောက်ခြင်း တစ်ခုသာ ဖြစ်ပါတယ်။ ကလေးသူငယ်တွေဟာ မူလ က မလိမ်တတ်ကြပါဘူး။ အသက်အရွယ်နဲ့ အတွေ့အကြုံ များလာမှသာ လိမ်တတ်လာကြတာပါ။ ဒါတောင်မှ ကလေးဟာ လူကြီးလောက်တော့ မလိမ်တတ်ဘူး။ လိမ်ညာခြင်းဟာ လူ့

မူလ သဘာဝ မဟုတ်ပါဘူး" လို့ ပရင်စတန် တက္ကသိုလ်က လူ့အပြုအမူဗေဒပညာရှင်တစ်ဦး ရေးထားတာ တွေ့ရတော့မှ ကျွန်တော့်မှာ 'တော်ပါသေးရဲ့' လို့ သက်ပြင်းချနိုင်ပါတယ်။ ဘယ့်နှယ်ဗျာ၊ လူ့မူလသဘာဝသာ ဆိုရင် ခက်ရချည်ရဲ့။ တစ်လောကလုံး လိမ်နေကြတော့မှာ။

ဒါပေမယ့် 'အခုကော မလိမ်ကြလို့လား၊ လူအားလုံး နီးပါးဟာ လူလိမ်ချည့်ပဲ' လို့ တစ်စုံတစ်ယောက်က ပြော လာရင် ကျွန်တော်တော့ဖြင့် ငြင်းနိုင်မယ် မဟုတ်ဘူး။ လိမ်ညာ တာဟာ မကောင်းဘူးလို့ ပြောကြတယ်။ သို့သော် တစ်ချိန် တည်းမှာပဲ လူအားလုံးနီးပါးဟာ ဒါကို နေ့စဉ် လုပ်နေကြ တယ်။ ကောင်းမြတ်တဲ့ လူ့အဖွဲ့အစည်းဆိုတာ ရိုးသားမှုပေါ် မှာပဲ အခြေမခံသင့်ပေဘူးလား။ လူတွေဟာ တစ်ယောက် စကားတစ်ယောက် မယုံကြည်ကြရင်ဖြင့် ဘယ်လိုလုပ်ပြီး နေလို့ ထိုင်လို့ ဖြစ်ကြပါတော့မလဲ။ ခက်မကုန်ဘူးလားလို့ တွေး စရာ ရှိပါတယ်။

လက်တွေ့မှာတော့ မခက်ဘူးတဲ့ခင်ဗျ။ ရိုးသားမှုမှာ 'ကန့်သတ် အမှတ်' ရှိသတဲ့။ အဲဒီအမှတ်ကို ကျော်လိုက်တာ နဲ့ စေတနာဟာ ဝေဒနာအဖြစ်ကို ပြောင်းလဲသွားသတဲ့။ 'မှန် လွန်းရင် လူမကြိုက်ဘူး' လို့ တီအက်စ်အဲလီယော့ ရေးခဲ့ သလိုပေါ့။ မြန်မာမှာလည်း 'မုသားမပါ လက်္ာမချော' 'မှန် တာပြော ရွာပြင်ထွက်နေရ' အစရှိတဲ့ စကားပုံတွေ၊ ပုံပြင်တွေ ရှိတာပါပဲ။ လူမျိုးအသီးသီးမှာလည်း မုသားနဲ့ ပတ်သက်တဲ့ ပုံပြင်တွေ၊ ဆိုရိုးစကားတွေ ရှိခဲ့ကြတယ်ဆိုတော့ လူတွေရှိတဲ့ နေရာမှာ မုသားရှိပြီး အဲဒီလို မုသားရှိနေရတာဟာ အမှန် တရားရဲ့ သဘောကို လူတွေ မခံနိုင်လို့လို့ ဆိုသူက ဆိုပါ

တယ်။ အမှန်ကို ပြောခြင်းဟာ လူတွေ ငြိမ်းချမ်းစွာ အတူ ယှဉ်တွဲနေနိုင်ရေးအတွက် ဖြစ်နိုင်ခြေတစ်ခုသာ ဖြစ်ပြီး မုသား လေး နည်းနည်း ခတ်ထားတဲ့ လူအဖွဲ့အစည်းကမှ သွက်သွက် လက်လက်နဲ့ ပိုပြီး နေပျော်တယ်ဆိုပဲ။ ဒါပေမယ့် အဲဒါဟာ ဘယ်လို မုသားမျိုးလဲ လို့တော့ မေးခွန်းထုတ်စရာ ရှိတာပေါ့။ မုသားမှာ ရည်ရွယ်ချက်မျိုးစုံ၊ အမျိုးအစား ပေါင်းစုံ ရှိနေ တာကိုး။

××× ××× ×××

(၂)

ခက်တာက ကျွန်တော်တို့ဟာ ကိုယ်တိုင် လိမ်ညာတတ် ကြသလို သူတစ်ပါးရဲ့ အလိမ်အညာကိုလည်း ခံချင်တတ်ကြ သေးသဗျ။

လူမှာ အားနည်းချက် နှစ်မျိုးရှိပါတယ်။ 'အကြောက်' နဲ့ 'လောဘ' ပါ။ ဒီနှစ်မျိုးရဲ့ ဖိစီးမှုနဲ့ ကြုံကြိုက်ရပြီဆိုရင် လူ အတော်များများ ဆောက်တည်ရာမရ ဖြစ်ကုန်ကြတော့တာပါ ပဲ။ ပါးရည်နပ်ရည်ရှိတဲ့ လူလိမ်တွေက လူရဲ့ ဒီအားနည်းချက် နှစ်မျိုးကို အသုံးချပြီး လိမ်ကြတာပါ။ ပထမ ကြောက်အောင် ခြောက်မယ်။ ကြောက်လာပြီဆိုရင် လူတွေ လိုချင်တာကို ရစေရမယ်လို့ ညာမယ်။ ဒီလိုနည်းနဲ့ ဘိုးတော်လိမ်၊ မယ်တော် လိမ်တွေ စားသာနေကြတာပါ။

"အလိမ်ခံချင်တဲ့ နေရာမှာတော့ မိန်းမတွေက ရှေ့က ဗျို့၊ သူတို့က ချိုမြိန်တဲ့ မုသားတွေနဲ့ နေချင်ကြတာ၊ မိန်းမ ဆိုတာ အတွေးအခေါ်ကို မုန်းသလောက် အမြှောက်အပင့်ကို သိပ်ကြိုက်ကြတာဗျ။ သူတို့ကို အမှန်တွေ သွားပြောနေတာ

ရှုးတာပဲ” တဲ့၊ ကောင်မလေးတွေ အမြဲ ခြံရံနေတတ်လို့ ဂျိမ်းစ်ဘွန်းလို့ အမည်တွင်နေတဲ့ မိတ်ဆွေတစ်ယောက်က ဆိုပါတယ်။

လူတွေ လိမ်ညာကြရာမှာ အကြမ်းဖျဉ်းအားဖြင့် ရည်ရွယ်ချက် လေးမျိုးနဲ့ လိမ်ညာကြတာပါ။ ပျော်စေ ပျက်စေသဘော၊ ရယ်မော နောက်ပြောင်လိုတဲ့ သဘောနဲ့ လိမ်ညာတာ ရှိတယ်။ လေ့ထုံးစံ ယဉ်ကျေးမှုအရ လူမှုရေးအရ လိမ်ညာတာ ရှိတယ်။ ကိုယ့်အကျိုးအတွက် လိမ်ညာတာ ရှိတယ်။ သူတစ်ပါး ထိခိုက်ပျက်စီးစေလိုတဲ့အတွက် လိမ်ညာတာ ရှိတယ်။

အရှင်ဇနကာဘိဝံသ ဆရာတော်ကြီးရဲ့ ‘ရတနာ့ဂုဏ်ရည်’ ကျမ်းမှာ ‘သူတစ်ပါး အကျိုးပျက်သွားအောင် လိမ်သောမုသားမျိုးသာ အပါယ်ရောက်ကြောင်း ဖြစ်၏။ ကိုယ့်ဥစ္စာမပေးလို၍ လိမ်လည်သော မုသားမျိုး၊ ပြက်ရယ် ပြောင်လှောင်သော မုသားမျိုး၊ သူ တစ်ပါး၏ အကျိုးစီးပွား မပျက်စေဘဲ မိမိအပြစ်လွတ်အောင် လိမ်ရသော မုသားမျိုး၊ မိမိ၏ သားသမီးများ ပွဲလမ်း စသည်သို့သွားလျှင် အပြစ်ဖြစ်မည်ကို မြင်၍မသွားချင်အောင် လှည့်ပတ်ပြောဆို အကျိုးလိုသော မိဘမုသားမျိုးမှာ ငရဲရောက်အောင် အပြစ်မကြီးပါ။ သို့သော်သိက္ခာပုဒ်ကား ပျက်ဖွယ်ရှိ၏။” လို့ တွေ့ရပါတယ်။ သူတစ်ပါးအကျိုးပျက်စီးခဲ့ရင် မုသားပိုမြောက်တယ်။ ပိုပြီး အပြစ်ကြီးတယ်လို့ ကျွန်တော်တို့ ဗုဒ္ဓဘာသာက ခံယူပါတယ်။

တစ်ခါတုန်းက ခရီးသွား ရဟန်းတော်တစ်ပါးဟာ သစ်ရိပ်တစ်ခုမှာ ထိုင်ပြီး အနားယူ အပန်းဖြေတုန်းမှာ လူတစ်ယောက် ရှေ့က ဖြတ်ပြေးသွားတာကို တွေ့လိုက်ရပါတယ်။ မကြာခင်မှာဘဲ နောက်က လူတစ်အုပ် ‘သူခိုး ... သူခိုး’ ဆို

ပြီး လိုက်လာကြတယ်။ သစ်ရိပ်အောက်က ရဟန်းတော်ကို တွေ့တော့ 'ဒီရှေ့က လူတစ်ယောက် ပြေးသွားတာ တွေ့လိုက် မိပါသလားဘုရား' လို့ မေးလျှောက်ကြတယ်။ ရဟန်းတော် မှာ တွေ့မိတယ်လို့ အမှန်အတိုင်း ဖြေလိုက်ရင်လည်း သူခိုး ခမျာ သေရလိမ့်မယ်။ မတွေ့လိုက်ပါဘူးလို့ ဖြေရင်လည်း မုသားစကား ဖြစ်ပြီး သီလသိက္ခာ ကျိုးပေါက်သွားတော့မယ်။ ရဟန်းတော် ဘယ်လိုဖြေမလဲ။ မဖြေလို့ကလည်း မဖြစ်ဘူး။

ရဟန်းတော်ဟာ ထိုင်ရာက ထပြီး ခြေတစ်လှမ်း တိုး လိုက်ပါတယ်။ ပြီးတော့မှ ဖြေလိုက်တာဟာ 'ဒီနေရာကတော့ မတွေ့လိုက်ပါဘူး' တဲ့၊ မှန်ပါတယ်။ သူခိုးကို တွေ့လိုက် တာ ဒီနေရာမှ မဟုတ်တာ။ ခြေတစ်လှမ်းစာ ကွာခဲ့ပြီလေ။ ဒီတော့ မုသားဆိုရာ လည်း မရောက်တော့ဘူး။ သူခိုးလည်း လွတ်သွားရော။

ကျွန်တော်တို့ရဲ့ ဘာသာရေးက ဒီလိုပါ။

နောက်တစ်ခု ရှိသေးတယ်။ ရွာတစ်ရွာမှာ သူကြီးသမီး က ကလေးမွေးပါလေရော။ မျက်နှာကြီးအိမ်ဆိုတော့ မီးနေ မေးလာကြတဲ့သူတွေ ဝိုင်းဝိုင်းလည်နေတာပေါ့။ အဲဒီမှာ အမှန် ပြောတတ်တဲ့ လူတစ်ယောက်က ကလေးကို ကြည့်ပြီး "ဒီ ကလေးဟာ တစ်နေ့ကျရင် သေမှာပဲ" လို့ ပြောသတဲ့။ ကာယကံရှင်တွေက ဘယ်မှာ ကျေနပ်လိမ့်မတုန်း။ ရိုက်ပါမယ် တကဲကဲ လုပ်နေလို့ အိမ်ပေါ်က ဆင်းပြေးရသတဲ့၊ မြှောက် ပင့်တတ်တဲ့ လူတစ်ယောက် ရောက်လာတော့ 'ဟား ‗ ဥပဓိ ရုပ်ကတော့ ရှားသဗျို့၊ သူကြီးရေ ခင်ဗျားမြေးက ခင်ဗျား ထက်တောင် ဘုန်းတန်ခိုး ကြီးလိမ့်မယ်ဗျ၊ စကြဝတေးမင်း လောင်းတို့ရဲ့ ရုပ်ရည်အင်္ဂါနဲ့ ပြည့်စုံလိုက်လေခြင်းဗျာ၊ လူဆို

ရင် မင်း၊ ဘုန်းကြီးဆိုရင် ရဟန္တာလောက်ကတော့ အနည်းဆုံးပဲဗျို့" အစရှိသဖြင့် ချီးမွမ်းနေလိုက်တာ သူ့စကားတွေက သိပ်သိသာလွန်းနေတော့ သူကြီးက ရှက်ပြီး ငေါက်တာခံရပါသတဲ့။ နောက်ဆုံးတော့ ရွာထဲက လူလည်တစ်ယောက် ရောက်လာတယ်။ သူကတော့ ကလေးကို ဟိုဘက်ကနေ ကြည့်လိုက်။ ဒီဘက်ကနေ ကြည့်လိုက်။ 'ဟာ .. ကလေးက တော့ကွာ ဟား ဟားဟား' ကလေးကို မွေ့ချီကြည့်လိုက်။ 'အံမယ် .. အံမယ် ဟောဒီကလေးကတော့ ဟား .. ဟား .. ဟား' ကလေးကို မြှောက်ချီကြည့်လိုက်။ 'ကြည့်ကြစမ်းပါဦး ဗျာ၊ သူကြီးမြေးလေးကို ဟား ဟားဟား' နဲ့ လုပ်နေလိုက်တာ ကာယကံရှင်တွေက သဘောတွေကျပြီး ထမင်းတောင် ကျွေးလိုက်ပါသေးသတဲ့။

ကျွန်တော်တို့ရဲ့ လူမှုရေးက ဒီလိုပါ။

ဒါကြောင့်လည်း မုသားဆိုတဲ့ အချိုမှုန့်လေး နည်းနည်း ခတ်ပေးမှ လောကကြီးဟာ အရသာ ရှိတာပါလို့ ဆိုကြပေတာပဲ။

အပျော်အပြက် နောက်ပြောင် လိမ်ညာတဲ့ မုသားမျိုးကတော့ အထူးအထွေ ပြောစရာ မရှိပါဘူး။ ဒါပေမယ့် အီစွတ်ပုံပြင်ထဲက သိုးကျောင်းသားလိုတော့ မဖြစ်ဖို့ လိုပါတယ်။ 'ဝံပုလွေကြီး လာနေပြီ၊ ကယ်ကြပါ' လို့ အကြိမ်ကြိမ် နောက်ပြောင်ခဲ့ရာက ဝံပုလွေ တကယ်လာတဲ့ အချိန်မှာ သူ့ကို မယုံကြည်ကြတော့လို့ ဘယ်သူမှ လာမကယ်ကြတော့တဲ့အခါ ဝံပုလွေ အစွယ်ကြားမှာ ဘဝဆုံးရတဲ့ အဖြစ်ကိုလည်း သတိရသင့်ပေသပေါ့။

ဒီလို အဖြစ်မျိုးကို လက်ရှိအမေရိကန်နိုင်ငံက သမ္မတတွေ ကြုံတွေ့နေရပါသတဲ့။ Time မဂ္ဂဇင်းနဲ့ CNN သတင်း

ဌာနတို့ ကောက်ယူခဲ့တဲ့ စစ်တမ်းအရ ပြောရရင် အမေရိကန် ပြည်သူအတော်များများဟာ သူတို့အစိုးရကို မယုံကြည်ကြ တော့ပါဘူးတဲ့။ အစိုးရ ခေါင်းဆောင်ပိုင်းဟာ ဖြောင့်ဖြောင့် မှန်မှန် ပြောကြတယ်ဆိုတဲ့ အဆိုအပေါ် မယုံကြည်သူ (သို့ မဟုတ်) ယုံကြည်မှု နည်းသူ (၆၃) ရာခိုင်နှုန်း ရှိပါသတဲ့။ (၇၅) ရာခိုင်နှုန်းကတော့ လွန်ခဲ့တဲ့ ဆယ်နှစ်ကထက် စာရင် အစိုးရဟာ ရိုးသားဖြောင့်မတ်မှု နည်းလာတယ်လို့ ယူဆကြ သတဲ့။ ၄၀ ရာခိုင်နှုန်းက 'ဂျော့ဘုရ်(ရှ်)' ဟာ အမှန်ဆိုလေ့ မရှိ ဘူးလို့ ပြောကြပြီး 'ကလင်တန်' ကို ဒီလို မြင်သူတွေကတော့ ၃၆ ရာခိုင်နှုန်း ရှိပါသတဲ့။

ဒီကိန်းဂဏန်းတွေက ညွှန်ပြနေတာကတော့ ဗီယက်နမ် စစ်ပွဲ၊ ဝါးတားဂိတ်ကိစ္စနဲ့ အီရန်ကွန်ထရာ အရေးအခင်းတွေ အပြီးမှာ အမေရိကန် ပြည်သူတွေဟာ အကြိမ်ကြိမ် အလိမ် အညာ ခံခဲ့ရတာကြောင့် အစိုးရကို အယုံအကြည် နည်းနည်း လာကြတယ် ဆိုတာပါပဲ။ ရွေးကောက်ပွဲ မတိုင်ခင် မဲဆွယ် ကာလတုန်းက အပြောတစ်မျိုး၊ သမ္မတဖြစ်တော့ လုပ်တာက တစ်မျိုးတွေကလည်း များကြသကိုး။ ဒီလိုနဲ့ အစိုးရဆိုတာ လည်း အီစွတ်ပုံပြင်ထဲက သိုးကျောင်းသားလက်သစ်တွေ ဖြစ် ကုန်ကြတော့တာပေါ့။ နောက်ဆုံးတော့ ပြည်သူတွေက ဝါးပစ် လိုက်လို့ ကုလားထိုင်ပေါ်က ဆင်းပေးလိုက်ကြရတာပဲ မဟုတ် လားခင်ဗျာ၊ ဒီလိုနဲ့ ဘုရှ်လည်း ဆင်းပေးလိုက်ရ၊ ကလင်တန် လည်း ဆင်းရမလို ဖြစ်နေရနဲ့။ တချို့များ ဆင်းရုံမက ပြေး ကို ပြေးကြရတာ။ ဟွန်နက်ကာဆို သမုဒ္ဒရာ လွန်ပါရောလား ခင်ဗျာ။ ဟော ... ချောင်ဆက်စကူးဆိုရင် တမလွန်ထိ ခင်ဗျ။

ဒီလိုတွေးမိတော့ မကြာခင်က ဖတ်ခဲ့ရတဲ့ သိပ္ပံဝတ္ထု တစ်ပုဒ်ကို သတိရမိပြန်ပါတယ်။ သိပ္ပံဝတ္ထုဆိုပေမယ့် အာကာသ ယာဉ်တွေ၊ စက်ရုပ်တွေ၊ လက်နက်ဆန်းတွေနဲ့ အံ့ဩကုန်နိုင် ဖွယ် လှုစွမ်းကောင်းတွေ လုံးဝ မပါဘူး။ ဒါပေမယ့် ဆန်းတော့ ဆန်းတယ်။ အတိတ်လား၊ အနာဂတ်လား၊ ခွဲခြား မသိနိုင်တဲ့ အချိန်ကာလတစ်ခုက စကြဝဠာရဲ့ နေရာတစ်ခုမှာ ရှိနေတဲ့ ဂြိုဟ်ပုံတစ်ခုပေါ်က လူလို သတ္တဝါတွေအကြောင်း ရေးထား တာ။ အဲဒီဂြိုဟ်ပေါ်က သတ္တဝါတွေရဲ့ အဖွဲ့အစည်းဟာ ကမ္ဘာ မြေက လူ့အဖွဲ့အစည်းလိုပါပဲ။ အသွင်သဏ္ဌာန်အားလုံး တူ ပါတယ်။ အဖွဲ့အစည်းဆိုင်ရာ ပြဿနာတွေ ရှိတာလည်း တူ ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့နဲ့ ပြဿနာချင်းကျတော့ မတူကြဘူး။ သူတို့ ပြဿနာတွေက ကျွန်တော်တို့ အမြင်မှာ တော့ ကလေးကလားနဲ့ အတော် ရယ်စရာကောင်းတယ်။ သူ တို့မှာ ပါတီနှစ်ပါတီ ရှိတယ်။ လက်ဝဲပါတီနဲ့ လက်ယာပါတီ။ ဒါပေမယ့် ကမ္ဘာမြေက လက်ဝဲ၊ လက်ယာနဲ့ သဘောချင်း မတူပေဘူး။ သူတို့ရဲ့ လက်ဝဲပါတီဝင်တွေက လမ်းသွားရင် လက်ဝဲဘက် ခြေထောက်ကို စလှမ်းသင့်တယ်လို့ ယူဆတယ်။ အဲဒီအတွက် အထောက်အထားတွေ၊ သက်သေပြချက်တွေ ရှိ တယ်။ လက်ယာပါတီကလည်း ဒီအတိုင်းပဲ။ ဘယ်သွားသွား၊ ညခြေထောက်ကို စလှမ်းကြတယ်။ ဒါပေမယ့် ဒီကိစ္စက အစဉ် အလာ သဘောသာ ဖြစ်သွားပြီး မဲပေးသူတွေက သိပ်စိတ် မဝင်စားကြပါဘူး။ သူတို့ စိတ်ဝင်စားတဲ့ ပြဿနာတွေက အရက်ထဲကို ရေရောမလား၊ ရေထဲကို အရက်ရောမလားက အစ သူတို့ရဲ့ မြင်းအမြီးနဲ့ တူတဲ့ အမြီးဖျားကို ဘာရောင်ဆိုး ရင် ဆွဲဆောင်မှု ရှိမလဲဆိုတာ အလည်၊ သူတို့ဂြိုဟ်ရဲ့ ပုံ

နေတဲ့ နေရာကို အစားထိုး ဖြည့်တင်းမယ့် ဒီဇိုင်းပြိုင်ပွဲကြီး အဆုံးပေါ့လေ၊ တခြား အူကြောင်ကြောင် နိုင်လှတဲ့ကိစ္စတွေ လည်း ပါပါသေးတယ်။ သမ္မတ ရွေးကောက်ပွဲကိုတော့ သိပ် အလေးအနက် မထားကြပါဘူး။ ကံစမ်းမဲနှိုက်ပြီး မဲပေါက်တဲ့ ကံဆိုးသူ မောင်ရှင်ဟာ ခုနစ်နှစ် သက်တမ်းပြည့်အောင် သမ္မတလုပ်ရသတဲ့။ သူတို့ဂြိုဟ်ရဲ့ ဟာသပုံပြင်တစ်ခုကတော့ တစ်ခါက ညီအစ်ကိုနှစ်ယောက်ဟာ အိမ်ကနေ ထွက်ပြေးကြ သတဲ့။ အစ်ကိုဖြစ်သူဟာ အာကာသထဲကို ထွက်သွားသတဲ့။ ညီဖြစ်သူကတော့ မဲပေါက်ပြီး သမ္မတ ဖြစ်သွားသတဲ့။ အဲဒီ ကတည်းက သူတို့ ညီအစ်ကိုရဲ့ သတင်း ဘာမှ မကြားရတော့ ပါဘူးတဲ့။

အဲဒီဝတ္ထုကို ဖတ်ပြီးတော့ ကျွန်တော့်မှာ ဘယ်လိုကြီး ဖြစ်ပြီး ကျန်ရစ်ခဲ့မှန်း မသိဘူး။ ခံစားမှုတစ်ခုတော့ ဖြစ်သွား တာမှန်တယ်။ ဒါပေမယ့် ဒီခံစားမှုကို နာမည် မဖော်တတ်ဘူး။ ချစ်ခင်သနား၊ တည်ကြားကြမ်းကြုတ်၊ စက်ဆုပ်အံ့သြ အစရှိ တဲ့ ရသကိုးပါးထဲမှာလည်း တစ်ပါးမှ မဝင်ဘူး။ တစ်လလောက် ကြာအောင် စဉ်းစားပြီး ပြန်ခံစားကြည့်မှ အဲဒီ အရသာကို ရုတ်တရက် သိလိုက်ရတော့တယ်။ သိသိချင်း လန့်လည်းသွား တယ်။ အဲဒါ မနာလိုတဲ့ အရသာ။ ကျွန်တော်ဟာ ဝတ္ထုထဲက သတ္တဝါတွေကို မနာလိုနေတာပါကလား။

✕✕ ✕✕ ✕✕

(၃)

စိန့်ဩဂတ်စတင်းက မုသားကို ရှစ်မျိုး ခွဲခဲ့ပါတယ်။ အဲဒီထဲမှာ အရေးမကြီးတဲ့ မုသား အသေးအဖွဲမျိုးတွေ ပါဝင်သော်ငြားလည်း မုသားအားလုံးဟာ အပြစ်ရှိတာချည်းပဲတဲ့။ ဘာကြောင့်လဲဆိုတော့ ဘုရားသခင်ရဲ့ လက်ဆောင်တော် ဖြစ်တဲ့ စကားပြောနိုင်စွမ်းကို အလွဲသုံးစား လုပ်လိုက်လို့ပါတဲ့။

ဒါပေမယ့် လောကမှာတော့ 'မုသားဖြူ' တွေကို သုံးစွဲနေကြရတာပါ။ ရောဂါကျွမ်းနေတဲ့ လူနာကို 'ခင်ဗျားကတော့ နောက်သုံးရက်လောက် နေရင် သေမှာပဲ' လို့ ဘယ်ဆရာဝန်မှ မပြောကြပါဘူး။ မစိုးရိမ်ရပါဘူး။ ကောင်းသွားမှာပါ အစရှိသည်ဖြင့် နှစ်သိမ့်ကြတာပါ။ အင်္ကျီ၊ ထဘီ အဆင်ဆန်းဝယ်လာလို့ ကျွန်တော့်မိန်းမက 'ဘယ့်နှယ်လဲ ကျွန်မနဲ့ လိုက်ရဲ့လား' မေးတဲ့အခါ ကျွန်တော့်မှာ သိပ်ပြီး ကြည်နူးတဲ့ မျက်နှာပေးနဲ့ 'အလဲ့ ... ငါ့မိန်းမက ဒီလိုဆိုတော့လဲ ကျောင်းတုန်းက အတိုင်းပဲ' ဘာညာသာရကာ လုပ်ရပါတယ်။ တဖြည်းဖြည်း တုတ်တုတ်လာပြီဖြစ်တဲ့ သူ့ခါးကို တမင် မမြင်ယောင်ဆောင်ပြီး တတ်သမျှ မှတ်သမျှ ချီးမွမ်းခန်း ဖွင့်ရပါတယ်။ ပြီးတော့မှ လက်ဖက်ရည်ဖိုး တိုးပြီး တောင်းရတာပေါ့။

ဒါပေမယ့် တချို့လူတွေ မုသားလုပ်ပုံကတော့ ဩချယူရလောက်အောင်ပါပဲ။

မြို့နယ်တစ်ခုမှာ ဆရာဝန်ကြီးတစ်ယောက် ရှိတယ်။ သူ့ လုပ်ပုံကိုင်ပုံတွေက အတော့်ကို ထူးဆန်းတယ်ဆိုပဲ၊ ဆေးဝါးကုသမှု အားလုံးကို သူတစ်ယောက်တည်းက တာဝန်ယူဆောင်ရွက်ပြီး ကျန်တဲ့ လက်အောက်က ဆရာဝန်တွေကိုတော့ ဆေးရုံ သန့်ရှင်းရေးကို တာဝန်ယူစေပါသတဲ့။ ဆရာဝန်လေး

တွေခများ အရေးကြီးလူနာရဲ့ ကိုယ်ခန္ဓာပေါ်က ရောဂါလက္ခဏာ ထက် ဆေးရုံနံရံတွေမှာ ကွမ်းသွေး ပေကျံခြင်း ရှိမရှိ၊ မျက်နှာ ကျက်မှာ ပိုးမျှင်တစ်မျှင် ရှိမရှိ၊ စင်္ကြံလမ်းမှာ အမှိုက်တစ်စ ရှိ မရှိ၊ ဆေးရုံရှေ့က ပန်းခြံထဲမှာ ပန်းပွင့်တွေ ဝေမဝေ အစရှိ တာကိုပဲ မျက်စိဖြံပြီး ရှာဖွေ စစ်ဆေးကြရပါသတဲ့။ ဆရာဝန် ကြီးကလည်း နေ့စဉ် သန့်ရှင်းရေး 'ရောင်းလှည့်'တာကိုး၊ နံရံ ကို လက်နဲ့ ထောက်မိရင် ဒဏ်ငွေ တစ်ဆယ်တဲ့။ ကွမ်းသွေး တစ်ကွက်ပေရင် ဒဏ်ငွေ အစိတ်တဲ့။ ပြီးတော့ ဆေးရုံအုပ်ကြီး က ဆေးစတိုခန်းကိုလည်း အထူး ဂရုစိုက်ပါတယ်။ ဆေးပုလင်း မျိုးစုံကို သန့်ရှင်း ပြောင်လက်နေတဲ့ မှန်ဗီရိုတွေထဲမှာ မျက်စိ ပသာဒ ဖြစ်အောင် ပုံစံ အမျိုးမျိုး စီပြီး ခင်းကျင်း ပြသထား တာပါ။ ခင်းကျင်း ပြသတယ်ဆိုတာ တကယ်ကို ပြသထား တာပါ။ အဲဒီဆေးတွေကို တစ်ခါမှ ထုတ်ယူ သုံးစွဲခြင်း မပြု ဘူးလေ။ ပြရုံ ပြထားတာ။

တစ်ခါတော့ အဲဒီမြို့နယ်နဲ့ မနီးမဝေး မြို့ကြီးတစ်မြို့ ကို 'လူကြီး' လာမယ် ဆိုတဲ့ သတင်း ရောက်လာပါတယ်။ ဆေးရုံကို ဝင်မကြည့်ဘူးဆိုတာ သိပေမယ့် ဆေးရုံက ကားလမ်း နံဘေးမှာဆိုတော့ ဆေးရုံဝန်းကျင် သန့်ရှင်းရေးကို နှစ်ဆတိုး ဆောင်ရွက်ပါတယ်။ လူကြီးက အသွားလည်း မဝင်၊ အပြန် လည်း မဝင်ပါဘူး။ ဒါပေမယ့် ဆရာဝန်ကြီးက ဆေးရုံရှေ့ လမ်းဘေးမှာ ဆရာဝန်တွေ၊ သူနာပြုတွေကို တန်းစီရပ်နိုင်းပြီး လူကြီးအပြန်မှာ လက်တွေ ဝှေ့ရမ်းနှုတ်ဆက်စေပါသတဲ့။ အဲဒီလိုပဲ လူကြီး လာကြည့်တဲ့အခါ ဆေးရုံတက် လူနာ နည်း နေလို့ ဆေးရုံဝန်ထမ်း မိသားစုတွေကို လူနာအဖြစ်နဲ့ ကုတင် ပေါ်တက်၊ စောင်ခြုံနိုင်းတာတွေ၊ ခွဲစိတ်မှု တကယ် မလုပ်ခဲ့ ဘဲ ပကတိ အသားကောင်းပေါ်မှာ ပတ်တီးပလာစတာတွေ

အုပ်ပြီး ခွဲစိတ်မှု ပြုခဲ့ရတဲ့ ရောဂါအကြောင်း အကျယ်တဝင့် ရှင်းပြနေတာတွေ စသည်စသည်ဖြင့် ဆေးလောက မုသားတွေ အကြောင်း ပြောရရင် အရပ်ရပ် နေပြည်တော်ကြားလို့မှ မတော်လှတာတွေပါ။

နိုင်ငံပိုင် မွေးမြူရေးခြံတစ်ခြံကို အရေးကြီးဧည့်သည် လာတဲ့အခါ တာဝန်ရှိသူတွေက ခြံနဲ့ အပြည့်ရှိနေတဲ့ ကြက်၊ ဝက်၊ ဘဲ၊ နွားတွေကို ဂုဏ်ယူဝင့်ကြွားစွာ လှည့်လည် ပြသပါ တယ်။ တစ်နှစ်တာ ကောင်းရေ တိုးပွားနှုန်း၊ ရောဂါဘယ ကာကွယ် ကုသပုံ အစီအစဉ်၊ တိရိစ္ဆာန် အစာရရှိမှု အခြေအနေ စတာတွေကို အသေးစိတ် ရှင်းလင်းပြပါတယ်။ လိုအပ်တာ တွေကိုလည်း တင်ပြကြပါတယ်။ ဧည့်သည် ပြန်သွားပြီးနောက် နှစ်နာရီ အကြာမှာတော့ နောက်ထပ် ဧည့်သည်တွေ အများကြီး ထပ်ရောက်လာပါတယ်၊ အဲဒီ ဧည့်သည်တွေကတော့ ရွာနီး ချုပ်စပ်က မွေးမြူရေးသမားတွေပါ၊ သိပ္ပံနည်းကျ မွေးမြူရေး ပညာကို လေ့လာကြည့်ရှုဖို့ လာကြတာတော့ မဟုတ်ပါဘူး။ သူတို့ဆီက နေ့တွက်နဲ့ ငှားရမ်းသွားတဲ့ တိရစ္ဆာန်တွေကို ပြန် လာယူကြတာပါတဲ့။ မယုံမရှိပါနဲ့၊ ကျွန်တော်တို့နယ်မှာ တကယ် ဖြစ်ခဲ့တာပါ။

ဒါတွေကတော့ မုသား နမူနာလေးတွေပေါ့လေ။ အခြား အခြားသော နေရာဌာန အသီးသီးမှာလည်း အလားတူ မုသား တွေ အများကြီး ရှိပါတယ်။ ကျမ်းလေးမှာစိုးလို့ မပြောတော့ ပါဘူး။

ဒီလို မုသားတွေဟာ ဘာဖြစ်လို့များ ပေါ်ပေါက်လာ ကြတာပါလိမ့်။

✕✕✕ ✕✕✕ ✕✕✕

(၄)

ယေဘုယျအကျဆုံး ပြောရရင် မုသားပုံစံဟာ သုံးမျိုး ရှိနိုင်ပါတယ်။

(၁) လူတစ်ယောက်က လူတစ်ယောက်ကို လိမ်တာ။

(၂) လူတစ်ယောက် (ဝါ) လူနည်းစုလေးက လူအများစု ကြီးကို လိမ်တာ။

(၃) မိမိကိုယ်မိမိ လိမ်တာ။

လူတစ်ယောက်နဲ့တစ်ယောက် ဆက်ဆံကြတဲ့ လူမှုရေး နယ်ပယ်မှာ မုသားဖြူဆိုတာ ရှိတတ်ပါတယ်။ ဒါပေမယ့် လူအများစုကြီးနဲ့ သက်ဆိုင်တဲ့၊ လူအများစုကြီးရဲ့ ဘဝကို အဆုံးအဖြတ် ပြုတတ်တဲ့ နိုင်ငံရေး နယ်ပယ်မှာကော မုသား ဖြူဆိုတာ ရှိပါသလား။

"အဖြူနဲ့အမည်းကို ဆန့်ကျင်ဘက်လို့ သဘောထား ပြီး ပြောရရင်တော့ နိုင်ငံရေးမှာ မုသားဖြူဆိုတာ မရှိဘူး။ နိုင်ငံရေး မုသားအားလုံးဟာ မုသားမည်းတွေချည့်ပဲ။ တကယ့် နိုင်ငံရေးစစ်စစ်က မုသားကင်းရတယ်" တဲ့။ 'လူးဝစ်စတီ ဗင်ဆင်' က ဆိုပါတယ်။ ဒါဖြင့် နိုင်ငံရေး ပရိယာယ်ဆိုတာ ကော မရှိရဘူးလား။ 'နိုင်ငံရေး ပရိယာယ်ဆိုတာ ယာယီ သဘောကို ဆောင်တယ်၊ ခဏပန်း အလွယ်တကူ ဖြေရှင်း နည်းပေါ့၊ ဒါပေမယ့် အခြေအနေအရဆိုပြီး ပရိယာယ်တွေ သုံးရင်းသုံးရင်းနဲ့ သတိလက်လွတ်ဖြစ်ပြီး နောက်ဆုံးတော့ အဲဒီ ပရိယာယ်တွေဟာ လူထုဘက်ကို ဦးလှည့်သွားတတ်ပါ တယ်။ အဲဒီအခါ ထာဝရသဘောကို ဆောင်သွားတော့တာပဲ။ လူထုကို လိမ်ပြီးရင်း ဆက်လိမ်ရင်း လုပ်နေရတော့တယ်။

ကောင်းတာကတော့ အစကတည်းက ရှင်းရှင်းလင်းလင်း ရပ်တည်ထားတာ အကောင်းဆုံးပဲ' တဲ့။

ဒါပေမယ့် အာဏာရှင် ဟစ်တလာကတော့ ဒီလို မယူဆခဲ့ပါဘူး။ 'လူနည်းစုလေးကို လိမ်ရတာထက် လူများစုကြီးကို ကြီးကြီးကျယ်ကျယ် လိမ်ရတာက ပိုလွယ်တယ်' ဆိုပါကလား၊ သူ့ရဲ့ နာမည်ကျော် 'မိန်းကင့်' စာအုပ်မှာ ရေးခဲ့တာ။ ဒါကလည်း ဟစ်တလာရဲ့ အစကတည်းက ရှင်းရှင်းလင်းလင်း ရပ်တည်ချက်နဲ့ တူပါတယ်။ လိမ်စရာရှိရင် ကြီးကြီးကျယ်ကျယ် လိမ်မယ်ပေါ့။

ဆင်မြူရယ်ဘတ်တလာကတော့ 'အတော်ဆုံး လူလိမ်ဆိုတာ မုသားပမာဏ အသေးဆုံးကို အဝေးဆုံး ခရီးအထိ ရောက်အောင် ပို့နိုင်သူပဲ' တဲ့၊ ဒါဆိုရင်တော့ မုသားလုံးအကြီးဆုံးတွေကို အဝေးဆုံးခရီးထိ ပို့နိုင်သူတွေကို 'မီဂါစတား' လူလိမ်တွေလို့ ခေါ်ရတော့မှာပဲ ထင်ပါရဲ့၊ ဒါပေမယ့် လူလိမ်တစ်ယောက်ဟာ မှတ်ဉာဏ်ကောင်းဖို့တော့ လိုပါတယ်။ အမေရိကန် သမ္မတတွေဆိုရင် မှတ်ဉာဏ် မကောင်းကြရှာဘူး။ ရွေးကောက်ပွဲ မတိုင်ခင်က ပြောခဲ့တဲ့ ကတိစကားတွေကို ရွေးကောက်ပွဲလည်း ပြီးရော မေ့သွားကြရောတဲ့။ သူတို့ မဂ္ဂဇင်းတွေဖြစ်တဲ့ တိုင်း(မ်)၊ နယူးဝိ(ခ်) တို့က ရေးကြပါတယ်။

ဒါကြောင့်လည်း အမေရိကန် အစိုးရအဖွဲ့ကြီးထဲမှာ ဘယ်သူမှ အမှန်မပြောကြတော့ဘူးလားလို့ သူတို့ စာနယ်ဇင်းတွေက ထအော်ကြတာပါ။ ဒါပေမယ့် ဒီမိုကရက်တစ်နိုင်ငံတွေရဲ့ မုသားပြဿနာက တစ်လမ်းသွား ပြဿနာပါ။ ခေါင်းဆောင်တွေက ဘယ်လိုပဲ လိမ်လိမ်၊ လူအများက အဲဒီ

ခေါင်းဆောင်နဲ့အတူ မနေချင်ဘူးဟော့လို့ ပြောနိုင်လုပ်နိုင်တဲ့ အနေအထားမှာ ရှိတော့ လူတွေက ခေါင်းဆောင်ကို ပြန်လိမ် စရာ မလိုတော့ပါဘူး။ ဒါကြောင့် မုသားဟာ တစ်လမ်းသွား သဘောဖြစ်ရတာပါ။ ဟုတ်တယ်လေ ကလင်တန်ကို မကြိုက် ရင် မဲမပေးတော့ဘူးပေါ့။

ဒါပေမယ့် ယခု ကျဆုံးသွားကြပြီဖြစ်တဲ့ ယခင် ဆိုဗီယက် နဲ့ အရှေ့ ဥရောပနိုင်ငံတွေလို တိုင်းပြည်တွေမှာတော့ မုသားဟာ နှစ်လမ်းသွားသဘော ဆောင်ပါသတဲ့။ ဘာကြောင့်လဲ ဆိုတော့ လူအများစုခမျာ ဦးဆောင်သူတွေနဲ့အတူ နိစ္စဓူဝ ဆက်ဆံနေထိုင် ရမယ့်ကိန်းမှအပ ရွေးစရာ မရှိတော့ လူတွေကပါ ဦးဆောင်သူ တွေကို ပြန်လိမ်တတ်လာကြပါသတဲ့။ အဲဒီအခါမှာ ဦးဆောင်သူ တွေဟာလည်း အလိမ်ခံရတဲ့သူတွေ ဖြစ်မှန်းမသိ ဖြစ်ကြရှာ ပြန်ပါရော။ ဒါကြောင့် အသွားအပြန်သဘော ရှိတာမို့ နှစ်လမ်း သွားသဘော ဆောင်ပါသတဲ့။ ဒါဟာ ဒီကမ္ဘာလေးမှာ ဖြစ်ခဲ့ ဖူးတဲ့ ကြေကွဲစရာ မုသားဇာတ်ထုပ်ပါပဲ။

⋈⋈ ⋈⋈ ⋈⋈

(၅)

မြန်မာစကားပုံမှာ 'ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသလို' ဆိုတဲ့ စကားရှိပါတယ်။ ဝေဖန်ရေးနှင့် မိမိကိုယ်ကို ဝေဖန်ရေး သဘောပါပဲ။ လူဆိုတာ ကိုယ့်ကိုယ်ကျတော့ ဖော့တွေးတတ် ကြတယ် မဟုတ်လား။ သူများပေါင်ကို ထောင်းတော့ 'ဟော သလိုကွ' ဆိုပြီး အားရပါးရ ထောင်းကြသလောက် ကိုယ့်ပေါင် ကိုယ်ထောင်းတော့ 'ဟော့လို' ဆိုပြီး သာသာလေး ကြိတ်ပေး တော့တာ။

ကျွန်တော်တို့ နည်းနည်းလေး အနာခံကြည့်ရအောင်။

အခုအချိန်မှာ ကျွန်တော်တို့ရဲ့ စိတ်ဓာတ်ရေးရာတွေ နိမ့်ကျ ညှံ့ဖျင်းလာကြတယ်ဆိုရင် သဘောတူကြတာ များမယ် ထင်ပါတယ်။ ကျွန်တော်တို့ ဆင်းရဲနေတယ်။ ခေနဥစ္စာတင် မက အသိတရားတွေပါ ဆင်းရဲနေကြတာပါ။ အသိတရား ဆိုတာ တွေးခေါ် မြော်မြင်မှုနဲ့ အသုံးချပညာရပ်ဆိုင်ရာ အတတ် ပညာတွေ ပါပါတယ်။

ပထမဆုံး လက်ခံရမှာကတော့ 'ငါတို့ ညှံ့နေပြီ' ဆို တဲ့ အသိ၊ ဒါကို လက်ခံပြီးရင် ဘာကြောင့် ညှံ့ရသလဲ ဆိုတာကို ပြန်ကြည့်ဖို့ပါ။ ဒီနေရာမှာ ပြဿနာ စတာပါပဲ။

လူ့သဘာဝအရ ပြဿနာတစ်ခု ဖြစ်ပြီဆိုရင် ပြင်ပ အကြောင်းတရားတွေကို လိုက်ရှာတော့တာပါပဲ။ ဟိုဟာကြောင့်၊ ဒီဟာကြောင့်၊ ဘယ်သူ့ကြောင့်၊ ဘယ်ဝါကြောင့် တစ်ခုပြီးတစ်ခု ထည့်သွင်းရေတွက်ကြပါတယ်။ ဒါပေမယ့် အကြောင်းတရား တွေထဲမှာ မိမိကိုယ်ကို ထည့်သွင်းရေတွက်ဖို့တော့ မေ့နေတတ် ကြပါတယ်။ ဒီတော့ ဦးရေအမှန်ကို မရတော့ဘူးပေါ့။

ပြင်ပအကြောင်းတရားတွေကြောင့် မဟုတ်ဘူးလို့ မဆို လိုပါဘူး။ အမှန်တကယ် ရှိနေဖြစ်နေပါတယ်။ ဒါပေမယ့် ဒါက ငါးဆယ်ရာနှုန်းပါ။ ကျန်တဲ့ ငါးဆယ်ရာနှုန်း တာဝန် ရှိတာက ကျွန်တော်တို့၊ ကျွန်တော် ပြောချင်တာက 'ကျွန်တော် တို့' ဆိုတဲ့ ငါးဆယ်ရာနှုန်းပါ။ လူနည်းစုက လူများစုကို တာဝန်ယူဖို့ မဖြစ်နိုင်ဘူးလို့ သိလိုက်ပြီဆိုရင် သိသိချင်းပဲ ကျွန်တော်တို့ဟာ ကိုယ့်ကိုယ်ကို တာဝန် ယူကြရတော့မှာပါ။ ကိုယ့်ကိုယ်ကို ပြုစု ပျိုးထောင်ကြရတော့မှာပါ။ ကိုယ့်ကိုယ်ကို မြှင့်တင်ကြရတော့မှာပါ၊ ဒီလိုနည်းနဲ့ ကိုယ့်ကိုကို ကယ်တင်ကြ

ရမှာပါ၊ ဒီလို မဟုတ်ဘဲ 'ငါညံ့ရတာ ငါ့ကြောင့် မဟုတ်ဘူး။ ငါ့မှာ တာဝန်မရှိဘူး။ ပြင်ပ ပတ်ဝန်းကျင် အခင်းအကျင်း၊ အနေအထား မကောင်းဘဲနဲ့ ငါ့ဘဝဟာ ဘယ်လိုမှ ကောင်းနိုင်စရာ မရှိဘူးလို့ ယူဆခဲ့ရင်တော့ ဒါဟာ ကိုယ့်ကိုယ်ကို လိမ်ညာလိုက်တာပါပဲ။ ပြီးရင် အသက်ရှူ ချောင်လေမလား ဆိုပြီး သူပြောခဲ့တဲ့ ပတ်ဝန်းကျင်ကို ဆက်ပြီးလိမ်ဖို့ ဝန်မလေးတော့ဘူး။

မုသားဆိုတာ လိမ်သူနဲ့ အလိမ်ခံသူ နှစ်ဦးရှိမှ မုသားမြောက်တာပါ။ ကျွန်တော်တို့ဟာ ကိုယ့်ကိုယ်ကိုတောင် အလိမ်အညာ မခံကြဘူးဆိုရင် ကျွန်တော်တို့ကို ဘယ်သူကမှ မလိမ်နိုင်တော့ပါဘူး။

"တကယ်တော့ မုသားပြောတာဟာ မမြင့်မြတ်ပါဘူး။ အောက်တန်းကျပါတယ်။ ဒါပေမယ့် အမှန်တရားဟာ ဘုန်းဘုန်း လဲပြိုကွဲသွားတဲ့အခါ အောက်တန်းကျရတာဟာ ခွင့်လွှတ်နိုင်စရာပါ' ဆိုတဲ့ 'ဆိုဖိုကလိ' ရဲ့ စကားကို မေ့ပစ်လိုက်ပါ။ အမှန်တရား ပြိုကွဲသွားပြီလို့ ကိုယ်က လက်ခံလိုက်တဲ့ အချိန်ကျမှ အမှန်တရားဟာ တကယ်ပြိုကွဲသွားရတာပါ။ လက်မခံသမျှကတော့ အမှန်တရားဟာ ပကတိအတိုင်း ရှိနေမှာပါ။

ငါညံ့တာ ငါ့မှာ တာဝန်မရှိဘူးဆိုတာ တစ်ဝက်ပဲ မှန်ပါတယ်။ ကျန်တစ်ဝက်က မုသားဖြစ်ပါတယ်။ အဲဒီတော့ 'မုသားလုံးလုံးကို တွေ့နိုင်မြင်နိုင်၏။ ထို့ကြောင့် တိုက်ခိုက်ချေဖျက်နိုင်၏။ အမှန်တစ်စိတ်တစ်ပိုင်းပါသော မုသားကို တိုက်ခိုက်ရန် ခက်၏။ အမှန်တစ်ဝက်ပါသော မုသားမျိုးကား တိုက်ခိုက်ရန် မဆိုထားဘိ။ တွေ့မြင်နိုင်ရန်ပင် ခဲယဉ်းလှသော

အမည်းမှောင်ဆုံးသော မှသားဖြစ်ပေသည်” ဆိုတဲ့ ‘တင်နီဆင်’ ရဲ့ စကားကိုပဲ ကြပ်ကြပ်နှလုံးသွင်းကြပါစို့လား။

မနက်ဖြန် မောင်ဖိုးတင် မဂ္ဂဇင်းတိုက်ကို လာလိမ့်ဦးမယ်။ ဒီအကြောင်းတွေ သူ့ကို ပြန်ပြောပြရရင် သူဘယ်လိုဝေဖန်ဦးမလဲ မသိ။ စောစောက ပြောခဲ့တဲ့ လူမှုရေး ပုံပြင်ထဲကလို ‘ကိုထူးဖေသစ်တို့ကတော့ဗျာ ဟဲ .. ဟဲ .. ဟဲ၊ မှသားတဲ့ ဟား ဟား ဟား၊ ခင်ဗျားကတော့ဗျာ ဟဲဟဲဟဲ’ တွေနဲ့ ဘာမှန်းမသိ လုပ်လာရင် သူ့ကို ထမင်းကျွေးလိုက်ရမယ်နဲ့ တူတယ်။

၁၉၉၅၊ ဇန်နဝါရီ

-ဒိဇ- -ဒိဇ- -ဒိဇ-

# ပိုက်ဆံနဲ့
# ချမ်းမြေ့သုခ

ပိုက်ဆံဟာလည်း
ဖေါင်ဥပမာလိုပါပဲ။
သိမ်ပိုက်ဖို့ မဟုတ်။
ကူးမြောက်ဖို့ပါ။
ပိုက်ဆံဆိုတာ ဓာတ်ကူပစ္စည်းပါ။

(၁)

"ပိုက်ဆံမရှိရင် သေတတ်သကွ"

မိတ်ဆွေတစ်ယောက်ရဲ့ အသုဘကို ပို့ပြီးအပြန်မှာ လိုက်ပို့သူ လူတစ်ယောက်က သူ့အဖော်ကို ပြောလိုက်တဲ့ မှတ်ချက်စကားပါ။ သူ့ရဲ့လောကအမြင်လည်း ဖြစ်လေမလား မသိ။

ဒီစကား ကျွန်တော် ကြားမိတော့ စိတ်ထဲမှာ ထိတ်ခနဲ ဖြစ်သွားပါတယ်။ ဘယ့်နှယ့် ဒီလူနှယ် ဆင်းရဲမှ သေရမှာ လား။ ချမ်းသာရင် မသေရတော့ဘူးလား။ သေခြင်းတရားဆို တာ ဆင်းရဲချမ်းသာ ရွေးတာမှ မဟုတ်ဘဲ စတဲ့ အတွေးမျိုး လည်း မပေါ်ဘူး။ ဘာကြောင့်ဆို သူ့စကား အဓိပ္ပာယ်ကို ကျွန်တော် နားလည်လိုက်မိတာကိုး။ သူပြောချင်တဲ့ သဘော ကို ကျွန်တော် ခံစားလိုက်မိတာကိုး။

ပိုက်ဆံ မရှိရင် မသေသင့်ဘဲနဲ့ သေရတတ်တယ်လို့ သူက ပြောချင်တာ။ ငွေရှိရင် သေမင်းကို အနိုင်တိုက်၊ မတိုက်

နိုင်ခဲ့ရင်တော့ သေမင်းကို လာဘ်ထိုးပြီး အချိန် ရွှေ့ဆိုင်းထား နိုင်တဲ့ ကိစ္စမျိုးမှာ ငွေမရှိလို့ကတော့ မရဏအစွယ်ဖျားမှာ ကားခနဲပဲလို့ သူက ဆိုချင်တာ။

ပြောမယ်ဆိုလည်း ပြောချင်စရာပေပဲ။ အခု ပြာကျ သွားရှာပြီဖြစ်တဲ့ ကျွန်တော့် မိတ်ဆွေဟာ အင်မတန် ဆင်းရဲ တဲ့ လူတစ်ယောက်ပါ။ သူ့ခမျာ တီဘီနဲ့ သေရရှာတာ။ တီဘီ ဆိုတာ ဒီခေတ်မှာ ကုသလို့ ပျောက်နိုင်တဲ့ ရောဂါပါ။ အစွမ်း ထက်လှတဲ့ နောက်ဆုံးပေါ် ဆေးဝါးတွေ၊ ကုထုံးတွေ ရှိနေ ပြီပဲ။ ဒါပေမယ့် ပိုက်ဆံက မရှိလေတော့ သေသေချာချာ ထိ ထိရောက်ရောက် ကုသမှု မရခဲ့ဘူး။ မနေသာတော့လို့ ဆေးရုံ ကို စွန့်စွန့်စားစား တက်ပြန်တော့လည်း ဆေးရုံဆိုတာက နားကြပ်နဲ့ အပ်ပဲ ရှိတတ်တာမို့ (အဲ.. ဆေးထိုးအပ်တောင် အပြင်က ဝယ်ရတတ်ပါတယ်။) ဆေးပတ်မလည်နိုင်ခဲ့ဘူး။ မိသားစု ထမင်းစားဖို့ကလည်း ရှိသေးတော့ အကြာကြီးလည်း လှမမှာ လုပ်မနေနိုင်ဘူး။ ဒီလိုနဲ့ ဆေးမြီးတိုလိုလို၊ ဓာတ်စာ လိုလို လုံးလည်လိုက်ပြီး နောက်ဆုံးတော့ အသာတကြည် လက်နက်ချလိုက်ရတော့တာပါပဲ။ သူ့ကို သတ်လိုက်တာ တီဘီ ရောဂါလား၊ အမွဲရောဂါလား ခွဲခြားရ ခပ်ခက်ခက်ပါ။

"ဒါမျိုးတွေ အများကြီးပါကွာ။ ငါတို့တော့ ရိုးနေပေါ့" တဲ့။ သူငယ်ချင်း ဆရာဝန်တစ်ယောက်က ပခုံးတွန့်ပြီး ပြော ပါတယ်။ ဒါပေါ့လေ။ သူတို့ကတော့ လူအမျိုးမျိုးရဲ့ ဇာတ် သိမ်းခန်း အထွေထွေနဲ့ နိစ္စဓူဝ ဆက်ဆံရင်းနှီးနေရတာဆိုတော့ တော်ရုံတန်ရုံ ဇာတ်နာလောက်တဲ့ မြင်ကွင်း ရှုကွက်တွေက မဆန်းတော့ဘူးပေါ့။

ဒါပေမယ့် ကျွန်တော့်အတွက်တော့ စောစောက မှတ်ချက် စကားဟာ အင်မတန် ကျောစိမ့်စရာ ကောင်းလှပါတယ်။

ပိုက်ဆံမရှိရင် သေတတ်သတဲ့။

ဟုတ်ကဲ့။ ကျွန်တော်ကလည်း ပိုက်ဆံရှိတဲ့ ကောင်မှ မဟုတ်ဘဲ။ ကျောစိမ့်မိတာ ဆန်းသလားလို့။

ကျွန်တော့်မှာ လုပ်စရာတွေ၊ လုပ်ချင်တာတွေ အများကြီး ရှိနေသေးတယ်။ ဖြစ်နိုင်ရင် မသေချင်သေးပါဘူး။ ဖြစ်နိုင်ရင် ဖြစ်နိုင်ရင်။

"ဘာပဲဖြစ်ဖြစ် အသက်ရှည်နေဖို့ လိုတယ်ကွ" လို့ ကျွန်တော့် ဦးရီး ပွဲစားကြီးက ပြောပါတယ်။ "အသက် ဥဏ်စောင့် ဆိုပေတဲ့ တစ်ခါတစ်ခါကျတော့ အသက်ကို ငွေစောင့် သဟ။ မင်းလည်း စာယောင်ယောင် ပေယောင်ယောင်နဲ့ စာတို ညည့် လုပ်မနေနဲ့ဦး။ သားကျွေးမှု မယားကျွေးမှု ငွေကောင်း ကောင်းရမယ့် အလုပ်တစ်ခုခု လုပ်တော့။ ဘဝဆိုတာ ဝတ္ထု မဟုတ်ဘူး" တဲ့။ ကျွန်တော့်ကိုပါ တစ်ခါတည်း နိပ်ကွပ် လိုက်ပါသေးတယ်။

ခံနေရတာပေါ့ခင်ဗျာ။

ကျွန်တော်တို့ဆီမှာက 'စာရေးသားခြင်း' ကို အလုပ်လို့ နားလည် သတ်မှတ်တဲ့လူက မရှိသလောက်ပဲကိုး။ သူတစ်ပါး ရပ်ရွာမှာတော့ 'စာရေးဆရာပါ' လို့ မိတ်ဆက်ပေးလိုက်ရင် များသောအားဖြင့် အထင်တကြီးနဲ့ လေးလေးစားစား ဆက်ဆံ နေရာပေးကြတယ်လို့ ကြားဖူးရဲ့။ အနုပညာအပေါ် သဘော ထားပုံချင်း ကွာကြတယ်လေ။ ပြီးပြီး ကွာတာက ဝင်ငွေ။ ကျွန်တော်တို့ဆီမှာ အောင်မြင်လှပါချည်ရဲ့ ဆိုတဲ့ စာရေးဆရာ တစ်ယောက်ရဲ့ ဝင်ငွေနဲ့ သူတို့ဆီက အတန်အသင့် အောင်မြင် တဲ့ စာရေးဆရာ တစ်ယောက်ရဲ့ ဝင်ငွေဟာ ပုရွက်ဆိတ်နဲ့ ဂေါ်ဇီလာပါ။ ဒါတောင် ရပ်ရှင်ရိုက်ဖို့ ဝယ်တာတွေ၊ ဟော

ပြောပွဲတွေ၊ အင်တာဗျူးတွေက ရတဲ့ဝင်ငွေတွေကို ထည့် မတွက်သေးပါဘူး။

ဒီလို အခြေအနေမှာ ဦးရီးက ကျွန်တော့်ကို ပေါ့တန် တန် လူစား စာရင်းထဲ ထည့်တာ ခံသာပါတယ်လေ။ ပြောင် မြောက်လုပတဲ့ ကဗျာတွေနဲ့ ထင်ရှားလာတဲ့ သူငယ်ချင်း ကဗျာဆရာတစ်ယောက်ဆိုရင် သူ့အဖေက 'ဩော် ... ငါ့သား ပိုက်ဆံမရတဲ့ အလုပ်မှာတော့ အတော် အောင်မြင်ရှာသားပဲ' လို့ ချီးမွမ်းခြေကျောက်ပြောတာ ခံရပါသတဲ့။ အလုပ်ဆိုတာ ငွေဝင်မှ အလုပ်မည်ပေသကိုး။ ရူပဗေဒမှာတောင် 'အလုပ်' ကို ဖွင့်ဆိုရင်မှာ 'လူတစ်ယောက်သည် ကျောက်တုံးကြီး တစ်ခုကို တစ်နေကုန်အောင် အားသွန်ခွန်စိုက် တွန်းရွှေ့ခဲ့ သော်လည်း ကျောက်တုံး မရွှေ့လျားပါက ထိုသူသည် အလုပ် လုပ်သည် မမည်' တဲ့။ ဒီလိုပါပဲ။ လူမှုနယ်ပယ်မှာလည်း ငွေ မဝင်ရင် အလုပ်မခေါ်ပါဘူး။

ငွေဝင်မှ။

ငွေ ...

ငွေ ...

ပိုက်ဆံ ...

မန်းနီး ...

✕✕✕

(၂)

ပိုက်ဆံအကြောင်း စဉ်းစားမိတိုင်း 'စပွတ်နစ်' မဂ္ဂဇင်း တစ်အုပ်မှာ တွေ့ခဲ့ရဖူးတဲ့ ကာတွန်းတစ်ကွက်ကို သတိရ တတ်ပါတယ်။

ကုန်းစောင်းတစ်ခုပေါ်မှာ ရှေးဟောင်းလူသားတစ်ယောက်က ရှေးဟောင်းပိုက်ဆံကို ထွင်းထုပုံဖော်နေတယ်။ ရှေးဟောင်းပိုက်ဆံဆိုတာ လှည်းဘီးလောက်ရှိတဲ့ ကျောက်ပြားဝိုင်းဝိုင်းကြီးကို အလယ်က အပေါက်ဖောက်ထားတာပါ။ အဲဒါ ပိုက်ဆံတဲ့။ အဲဒီလို ကျောက်ပြားပုံ ပိုက်ဆံမျိုး လေးငါးခြောက်ခု ရှိပြီဆိုရင် အဲဒီခေတ်က လူရည်တတ်စာရင်းဝင် ဖြစ်သွားတယ်နဲ့ တူပါရဲ့။ ရှေးဟောင်း လူသား ထွင်းထုနေတဲ့ ပိုက်ဆံကြီးဟာ တဖြည်းဖြည်းနဲ့ ပုံပေါ်လာတယ်။ ပုံပေါ်လာလေ ပိုက်ဆံကြီးက မတည်ငြိမ်ဘဲ ခပ်လှုပ်လှုပ် ဖြစ်လာလေ။ နောက်ဆုံး လုံးဝပီပြင်သွားတဲ့အခါမှာတော့ ကျောက်ပြားပိုက်ဆံကြီးက ကုန်းစောင်းအတိုင်း လိမ့်ဆင်းလာလိုက်တာ လူသားခမျာ လက်နက်ကိရိယာတွေ ပစ်ချပြီး ဖနောင့်နဲ့ တင်ပါး တစ်သားကျအောင် ပြေးရတော့တယ်။ ပြေးရမှာပေါ့ အဲဒါကြီး အနင်းအကြိတ်ခံလိုက်ရလို့ကတော့ ဘယ်သက်သာလိမ့်မတုန်း။ အဲဒီ ကာတွန်းပုံမှာ လူက ရှေ့ကပြေး၊ ကျောက်ပြားကြီးက နောက်က လိမ့်လိုက်နေပုံက အတော် အသက်ဝင်တယ်။ ကိုယ်မွေးတဲ့မျောက် ကိုယ်ပြန်ချောက်ဆိုသလို လူတီထွင်ခဲ့တဲ့ ပိုက်ဆံက လူတွေကို ပြန်ပြီး ခြိမ်းခြောက်နေတယ်လို့ ကာတွန်းဆရာက ဆိုချင်ဟန်တူပါရဲ့။

ဟိုတုန်းကတော့ ဒီကာတွန်းကို သိပ်ကြိုက်ခဲ့တာပေါ့။ ကာတွန်းဆရာရဲ့ စိတ်ကူးလက်ရာကိုလည်း ကြိုက်၊ သူ ပြောချင်တဲ့ သဘောကိုလည်း မှန်လိုက်လေဆိုပြီ ကြိုက်။ ဒါပေမယ့် အခုအချိန်မှာတော့ ပြန်လည် စဉ်းစားချင်စရာ ဖြစ်လာပါတယ်။ ကျွန်တော်တို့ဟာ တကယ်ပဲ ပိုက်ဆံရဲ့ ခြိမ်းခြောက်မှုကို ခံနေရသလား။ ပိုက်ဆံဟာ ပြဿနာတစ်ခု ဖြစ်ပါသလား။

"အမှန်တော့ ပိုက်ဆံက ပြဿနာ မဟုတ်ပါဘူး။ ပိုက်ဆံအပေါ်မှာ ထားရှိတဲ့ ကျုပ်တို့ရဲ့ သဘောထားတွေက ပြဿနာ ဖြစ်နေတာပါ။ ပိုက်ဆံနဲ့ ပတ်သက်ပြီး ကျုပ်တို့ရဲ့ တွေးပုံတွေးနည်း၊ ခံစားပုံ ခံစားနည်း၊ တန်ဖိုးထားပုံ ထားနည်း တွေက ပြဿနာပါ" တဲ့။ 'ချမ်းမြေ့သုခ အပိုင်ရ' (**The Pursuit of Happiness**) စာအုပ်ရေးသူ အမေရိကန် စိတ်ပညာပါမောက္ခ ဒေးဗစ်မိယာက ဆိုပါတယ်။

ပိုက်ဆံအပေါ် ကျွန်တော်တို့ ဘယ်လို သဘောထား ကြပါသလဲ။

ဒီမေးခွန်းအတွက် အဖြေအမျိုးမျိုး ရှိပါလိမ့်မယ်။ ကိုယ့် ဘဝ အတွေ့အကြုံနဲ့ ကိုယ်၊ ကိုယ့်တန်ဖိုးထားမှုနဲ့ ကိုယ် သတ်မှတ် ခံစားပြီး မတူကွဲပြားတဲ့ အဖြေတွေ ထွက်လာနိုင် ပါတယ်။

သို့သော်လည်း ကွဲပြားများမြောင်တဲ့ သဘောထားတွေ ဘယ်လောက်ပဲထွက်ထွက် အားလုံးကို ယေဘုယျပြုကြည့်ရင် တော့ သဘောထားနှစ်မျိုးပဲ ရမှာပါ။

ပိုက်ဆံကို ကောင်းကင်အောင်မှာ တန်ခိုးအကြီးဆုံး နတ်ဘုရားအဖြစ် ကိုးကွယ်တဲ့ သဘောထားနဲ့ လူ့လောကရဲ့ မကောင်းမှုအားလုံးကို ဖန်တီး မွေးထုတ်ပေးတဲ့ နတ်ဆိုးအဖြစ် ရွံရှာမုန်းတီးတဲ့ သဘောထား။

ပထမ သဘောထားက အများစု ဖြစ်တယ်ဆိုတာ တော့ ပြောစရာ မလိုတော့ဘူး ထင်ပါရဲ့။

မကြာသေးခင်က ပညာရှင် တစ်စုဟာ အရေးကြီးတဲ့ လေ့လာမှုတစ်ခု ပြုလုပ်ခဲ့ကြပါတယ်။ စိတ်ပညာဌာနက ဆရာ သုံးဦးနဲ့ ဆရာဝန်တစ်ဦး ပါဝင်တဲ့ အဲဒီအဖွဲ့က နယ်စပ်ဒေသ

တစ်ခုမှာ AIDS ရောဂါ ကူးစက်မှုနဲ့ ပတ်သက်ပြီး လူမှုရေး၊ စီးပွားရေးနဲ့ စိတ်ပိုင်းဆိုင်ရာတွေရဲ့ အကျိုးသက်ရောက်ပုံကို လေ့လာ စူးစမ်းခဲ့ကြတာပါ။ တစ်ဖက်နိုင်ငံထဲ ကို ပြည့်တန်ဆာ အလုပ် သွားလုပ်ပြီး ပြန်လာခဲ့ကြတဲ့ မိန်းကလေး အယောက် ၄၀ နဲ့ သူတို့ရဲ့ မိဘ ဆွေမျိုးတွေ၊ အပေါင်းအသင်း သူငယ် ချင်းတွေကို တွေ့ဆုံ မေးမြန်း စစ်တမ်းကောက်ခဲ့ကြတယ်။ အဲဒီလို လေ့လာရာမှာ ကာယကံရှင်တွေ အပါအဝင် မိဘ ဆွေမျိုး အပေါင်းအသင်းတွေ အားလုံးရဲ့ ငွေကြေးအပေါ်မှာ ထားရှိတဲ့ သဘောထားကိုပါ ထည့်သွင်းလေ့လာခဲ့ကြပါတယ်။ အဲဒီအခါ တွေ့လာရတာတွေကတော့ ...

- လူ့အဖွဲ့အစည်းမှာ အဓိကကျတာ ငွေပဲ။
- ဘယ်နည်းနဲ့ပဲ ဖြစ်ဖြစ် ငွေရအောင်ရှာ။
- ငယ်စဉ်အခါ ပိုက်ဆံရှာ။
- ဆင်းရဲတယ်ဆိုတာ AIDS လိုပဲ မကောင်းပါဘူး။
- ဘဝရဲ့ အဆင့်အတန်းကို ငွေနဲ့ပဲ အမြဲတိုင်းတာ ဆုံးဖြတ်ကြတာပဲ။
- ပိုက်ဆံမရှိတဲ့ ဘဝဆိုတာ စိတ်ပျက်စရာပါ။
- ကောင်းရောင်းကောင်းဝယ် ရိုးရိုးကြီး လုပ်နေလို့ ကတော့ ပိုက်ဆံ များများရမှာ မဟုတ်ဘူး။
- ပိုက်ဆံ ချမ်းသာရင် ဘယ်လို လူစားမျိုးပဲ ဖြစ်ဖြစ် လောကမှာ လူရာဝင်တာပဲ။
- ချမ်းသာမယ်ဆိုရင် ဖြတ်လမ်းနည်းလည်း လုပ်ကြည့်ဖို့ ကောင်းတယ်။
- ငွေမရှိဘဲ ကိုယ်ကျင့်ကောင်းနေရုံနဲ့တော့ အလကား ပဲ။

ဒါတွေကတော့ ပြည့်တန်ဆာအဖြစ် ရောက်သွားရသူတွေနဲ့ သူတို့ရဲ့ အသိုင်းအဝန်းက ငွေအပေါ် မြင်တဲ့အမြင်သဘောထားတွေပါပဲ။

ငွေရဖို့သက်သက်အတွက် အလုပ်လုပ်ကြရာမှာ ပြည့်တန်ဆာ အလုပ်ဟာ အစွန်းရောက်ဆုံး အလုပ်ပါ။ ဒီလို အလုပ်မျိုးကို လုပ်ကိုင်သူတွေရဲ့ သဘောထားနဲ့ လူအတော်များများရဲ့ သဘောထား ဘယ်လောက်များ ကွာခြားမှု ရှိပါသလဲ။

စဉ်းစားကြဖို့ပါ။

ငွေဆိုတာ သည်းခြေကြိုက်။ ငွေက ရှေ့က သွားသောအခါ အားလုံးသော လမ်းတို့သည် ပွင့်ကြကုန်၏ ဆိုတဲ့စကားကို ဦးထိပ်ပန်ဆင်ထားသူတွေ စဉ်းစားကြဖို့ပါ။

“ပိုက်ဆံ သရဏံ ဂစ္ဆာမိ” ချင်သူတွေ ဆင်ခြင်ကြည့်ကြဖို့ပါ။

ဘဝမှာ ဒုက္ခတွေ၊ အကြပ်အတည်းတွေ၊ အခက်အခဲတွေနဲ့ ကြုံရတဲ့ အခါ ငွေသာလျှင် ပြဿနာအားလုံးကို ရှင်းလင်းပေးနိုင်စွမ်းသော အရှင်သခင်၊ ငွေသာလျှင် ဘဝထွက်ပေါက်လို့ ကယောင်ကတမ်း တွေးမိပြီး ထိဆိုင်ရှေ့ ရပ်မိတဲ့ အချိန်မှာ သတိရကြဖို့ပါ။

“ဒါဖြင့် လောကီနယ်မှာ ကိုယ့်အိတ်ကပ်ထဲ ပိုက်ဆံတစ်ပြားမှ မရှိဘဲ ဘဝကို ဘယ်လိုဖြတ်သန်းလို့ ရမလဲ။ လောကမှာ ပိုက်ဆံအရေးမကြီးဘူးလား” မေးရင် ‘ဟုတ်ကဲ့ ကြီးသင့်သလောက် ကြီးပါတယ်’ လို့ ဖြေပါ့မယ်။

အရေးမကြီးဘူးထင်ခဲ့လို့ ဒုက္ခရောက်ရတဲ့ အဖြစ်တွေလည်း ရှိခဲ့ပေသကိုး။ လူတစ်ဦးချင်းစီရဲ့ ဘဝမှာပဲဖြစ်ဖြစ်၊ နိုင်ငံတစ်နိုင်ငံရဲ့ ဘဝမှာပဲဖြစ်ဖြစ် အသပြာရဲ့ အခန်းကဏ္ဍဟာ

အရေးကြီးတဲ့ ကဏ္ဍတစ်ခုပါ။ ခနဉစ္စာ ဆင်းရဲခဲ့ရင် အတတ် ပညာ ချို့တဲ့တတ်ပါတယ်။ အဆိုးဆုံးကတော့ အသိပညာ နိမ့် ကျသွားတာပါပဲ။ အသိချွတ်ယွင်းလာတဲ့အခါ ပညာခေါင်းပါး၊ ပညာမဲ့တော့ ခနမဲ့။ အဲဒီလို သံသရာလည်တာပါ။ ဒါကြောင့် လည်း နိုင်ငံတို့ရဲ့ ဆင်းရဲခြင်းအကြောင်းကို ဘောဂဗေဒ ပညာရှင်တွေ လေ့လာရှာဖွေရာမှာ ဟိုဟာကြောင့် ဒီဟာကြောင့် နဲ့ အကြောင်းတရားတွေ ရှာလာလိုက်ကြတာ။ နောက်ဆုံး တော့ 'ဩော် ... ဆင်းရဲတယ်ဆိုတာ ဆင်းရဲလို့ကို ဆင်းရဲ တော့တာပါပဲ' လို့ ညည်းတွားကြရပါသတဲ့။ ဆင်းရဲခြင်းဆို တာ ကုသဖို့ အခက်ဆုံးရောဂါပေကိုး။ ခိုင်မာတဲ့ စိတ်ဓာတ်၊ ထက်မြက်တဲ့ အတတ်ပညာ၊ သန့်စွမ်းတဲ့ ငွေရိယနဲ့ မှန်ကန် ထိရောက်တဲ့ ဦးဆောင် စီမံခန့်ခွဲမှုတွေ မရှိဘဲနဲ့ ဆင်းရဲခြင်း ကို ဘယ်လိုမှ မတိုက်နိုင်ပါဘူး။ ဒါတွေ ရှိတာတောင် အကြိတ်အနယ် နင်လားငါလား ချကြရတာကလား။

ဒီလိုနဲ့ "Matter matters most" (ရုပ်အဓိက) လို့ ကြွေး ကျော်ခဲ့တဲ့ လူတစ်ယောက် (သို့မဟုတ်) နိုင်ငံ တစ်နိုင်ငံဟာ အခုတော့ "Money matters most" (ငွေအဓိက) လို့ ပြောင်း လဲသွားပါလေရော။ "Man matters most" (လူအဓိက) ကို မေ့သွားတတ်ပါတယ်။ ပိုပြီး အရေးကြီးတဲ့ "Mind matters most" (စိတ်ဓာတ်အဓိက) ဆိုတာတော့ ဝေးရော။

ကျွန်တော်တို့ ကြီးပြင်းခဲ့ရတဲ့ အချိန်က ပုဂ္ဂလိက ပိုင် ဆိုင်မှုကို အပြစ်လို့ သတ်မှတ်ထားတဲ့ အချိန် ဖြစ်ခဲ့ပါတယ်။ ပိုင်ဆိုင်မှု များလေ အပြစ်က ကြီးလေပါ။ စီးပွားရေးသမားလို့ အသံကြားလိုက်ရတာနဲ့ စိတ်အာရုံမှာ အစွယ်ပြူးပြူးနဲ့ ဘီလူးကြီး ကို တစ်ခါတည်း တန်းမြင်သွားအောင် ပညာပေးထားတဲ့

ပတ်ဝန်းကျင်။ ပိုက်ဆံကို မကောင်းဆိုးရွား ဝိညာဉ်တစ်ခု ပူးကပ်နေတဲ့ အရာလို့ သဘောထားစေခဲ့တဲ့ ကာလ။ ပိုက်ဆံ အပေါ် မကောင်းမြင်စွာနဲ့ ကျွန်တော်တို့ ကာလတစ်ခုကို ဖြတ်သန်းခဲ့ကြရတယ်။

ဒါပေမယ့် တဖြည်းဖြည်းနဲ့ လက်တွေ့ဘဝက ပိုက်ဆံ ကို တောင်းဆိုလာတဲ့အခါ အတွင်းအပြင် ပဋိပက္ခ ဖြစ်လာ ပါရော။ နောက်ဆုံး မခံနိုင်တော့တဲ့ အဆုံးမှာ ငွေသာလျှင် လောကကို စိုးမိုးအုပ်ချုပ်သူလို့ ယူဆတဲ့ဘက်ကို ခုန်ကူး လိုက်ပါတော့တယ်။

အစွန်းသမားများ ခုန်ပြီဆိုရင် အလယ်ကို မကျတတ် ပါဘူး။

ပိုက်ဆံနဲ့ ပတ်သက်တဲ့ သဘောထား အမှန်ကို မရခဲ့ ကြတာ များပါတယ်။

xxx xxx xxx

(၃)

"ခင်ဗျား ငယ်စဉ်ကာလကတည်းက ပိုက်ဆံအပေါ် အမြင် ကြည်ကြည်လင်လင် ရှိထားဖို့ ကောင်း၏။ ပိုက်ဆံ ကိုယ်နှိုက်သည် အရောင်မရှိ။ ကြားနေ၏။ ပိုက်ဆံသည် ကောင်းသည်လည်း မဟုတ်၊ မကောင်းသည်လည်း မဟုတ်။ ကောင်းမကောင်း ဖြစ်လာသည်က ခင်ဗျားသုံးပုံသုံးနည်းပဲ ဖြစ်၏"

(လမ်းတိုင်းကို ရွှေခင်းထားတယ်၊ စာ - ၁၇၃)

ထမင်း နပ်မမှန်အောင် ဆင်းရဲခဲ့ရာက 'ဒေဝူး' တည်ထောင်သူနဲ့ ဥက္ကဋ္ဌ ဖြစ်လာခဲ့တဲ့ ကမ္ဘာ့ထိပ်တန်း လုပ်ငန်း

ရှင် 'ကင်ဂူချွန်း' ရဲ့ ပိုက်ဆံအပေါ် ထားရှိတဲ့သဘောထား အမြင်ပါ။

"ဒါကတော့ သူက စင်ပေါ်ကလူ ဖြစ်သွားတော့ ပြော အားရှိပေသပေါ့။ ကျုပ်တို့အတွက်ကတော့ ပိုက်ဆံ သုံးပုံ သုံးနည်းထက် ပိုက်ဆံရပုံရနည်းက ပိုအရေးကြီးတယ်" လို့ ပြောချင်သူတွေ ရှိမယ်ထင်ပါတယ်။ ဒါပေမယ့် ကိုယ်သာ သူ့နေရာမှာ ရှိခဲ့ရင် သူ့လို သဘောထားနိုင် မထားနိုင် ဆင်ခြင်စဉ်းစားကြည့်စေချင်ပါရဲ့။ ပိုက်ဆံတွေ ထားစရာ မရှိအောင် ချမ်းသာသူတိုင်း ဒီလို သဘောထားမျိုး ထားနိုင်ကြတာမှ မဟုတ်တာ။

ဆရာ သော်တာဆွေကတော့ "ပိုက်ဆံဆိုတာ သတ္တုပြားတွေ၊ စက္ကူစုတ်တွေပဲ" လို့ ရေးခဲ့ဖူးပါတယ်။ ဆန္ဒစွဲတွေကို ခဝါ ချပြီး ပကတိအတိုင်း ကြည့်ကြမယ်ဆိုရင် ပိုက်ဆံကို ပိုက်ဆံအဖြစ်ပဲ မြင်ရမှာပါ။ သူက ကုန်ပစ္စည်းချင်း ဖလှယ်ရာမှာ ကြားခံပစ္စည်းအဖြစ် ဆောင်ရွက်တယ်။ ကုန်ဖလှယ်ရေး လွယ်ကူချောမွေ့စေခြင်းဆိုတဲ့ တန်ဖိုးရှိတယ်။ ဒီတန်ဖိုးက ပိုက်ဆံရဲ့ အခြေခံ မူလတန်ဖိုးအဓိပ္ပာယ်ပါ။ နောက်တော့ တဖြည်းဖြည်း လူ့ယဉ်ကျေးမှု တိုးတက်ပြောင်းလဲလာတာနဲ့ အတူ လူ့ဘဝမှာ ပိုက်ဆံရဲ့ နေရာယူမှုက ကြီးထွား ကျယ်ပြန့်လာလေတော့ တန်ဖိုး အဓိပ္ပာယ်တွေလည်း စုံလင် ထွေပြားလာတော့တာပေါ့။

"ကျွန်ုပ်တို့ အားလုံးသည် ထိုတောက်ပြောင်သော သတ္တု၏ ကျေးကျွန်များဖြစ်ကြ၏" လို့ခံယူသူ ရှိသလို "ငွေသည် ကျွန်ကောင်းတစ်ယောက်ဖြစ်၏။ ထို့အတူ သခင်ဆိုး တစ်ယောက်လည်း ဖြစ်၏" လို့ သတ်မှတ်သူလည်း ရှိပါတယ်။

"ငွေက လူကို ရယ်မောစေတယ်" လို့ မြင်သူရှိသလို "စိတ်မချမ်းသာ မှတော့ ငွေက ဘာလုပ်ဖို့လဲ" လို့ ယူဆသူလည်း ရှိလေရဲ့။ "ပညာရှိသူဟာ ငွေကို နှလုံးသားမှာ မထား၊ ဦးနှောက်မှာသာ ထားတယ်" လို့ မိန့်ဆိုတာ ရှိသလို "တကယ်တော့ ငွေက အများကြီး လုပ်နိုင်ပါတယ်။ အားလုံးတော့ မဟုတ်ဘူးပေါ့။ သူ့မှာ ကန့်သတ်ထားတဲ့ နယ်နိမိတ် ရှိတယ်။ သူ့ကို နယ်မကျော်စေနဲ့" လို့ သတိပေးတာတွေ ရှိတာပဲ"

သဘောထား အမျိုးမျိုး ဘယ်လိုပဲ ထွေပြားနေပေမယ့် ပိုက်ဆံဟာ ပိုက်ဆံပဲ ဖြစ်တဲ့အတွက် ပိုက်ဆံလို့ပဲ မြင်လိုက်တာပဲ ကောင်းမယ်ထင်ပါရဲ့။

ဗုဒ္ဓတရားတော်မှာ ပြဆိုတဲ့ ဥပမာလေးတစ်ခု ရှိပါတယ်။

"ခရီးသွားတစ်ဦးသည် လမ်းခရီး၌ မြစ်ရေပြင်ကြီးကို မြင်ရ၏။ ဤမှာဘက်ကမ်းမှ ထိုမှာဘက်ကမ်းသို့ ရောက်ရှိလို၏။ ကူးခတ်ရန် ဖောင်လည်း မရှိပေ။ လှေ၊ သင်္ဘောများလည်း မရှိပေ။ ထို့ကြောင့် ခရီးသွား ယောကျ်ားသည် အနီးအပါးမှ သစ်ခက်သစ်ရွက် ကိုင်းမြက်များကို ယူဆောင်ကာ ဖောင်သဖွယ် ဖွဲ့ချည်ပြုလုပ်လေ၏။ ထို့နောက် ထိုသစ်ခက်ဖောင်ကို အမှီပြုကာ မြစ်ကို ကူးလေသည်။ လက်ခြေတို့ဖြင့်လည်း ကူးယက် အားထုတ်လျက် တစ်ဘက်ကမ်းသို့ ရောက်ရှိသွားလေသည်။

မြစ်ကမ်းဘက်သို့ ကူးမြောက်သွားသော ထိုယောကျ်ားသည် သူ၏ သစ်ခက်ဖောင်ကို မည်သို့ ပြုလုပ်သင့်သနည်း။

"ထိုသစ်ခက်ဖောင်သည် ငါ၏ အခက်အခဲကို လွတ်မြောက်စေသဖြင့် ကျေးဇူးကြီးမားလှပေသည်။ ထိုဖောင်ကို

စွန့်ပစ်၍ မထားသင့်” ဟု တွေးထင်ကာ လေးလေးစားစား ထမ်းပိုးသယ်ယူသွားသည် ဆိုပါစို့။

ယင်းသို့ သယ်ယူသွားခြင်းသည် မှန်ကန်မည်လား။ မှားယွင်းမည်လား။

စင်စစ် မှားယွင်းသည်သာတည်း။ ထိုဖောင်သည် သိမ်းပိုက်ထားရန် မဟုတ်။ ကူးမြောက်ဖို့ရန်သာလျှင် ဖြစ်သောကြောင့်တည်း။

**မဇ္ဈိမနိကာယ်**
**အလဂဒ္ဒူပမသုတ်**

ပိုက်ဆံဟာလည်း ဖောင်ဥပမာလိုပါပဲ။ သိမ်းပိုက်ဖို့ မဟုတ်။ ကူးမြောက်ဖို့ပါ။ လောကီနယ်မှာ ခက်ထန် ကြမ်းတမ်းတဲ့ ဘဝပြဿနာတွေရဲ့ စိန်ခေါ်မှုတွေကို ဖြတ်သန်းရတဲ့အခါ ငွေဟာ ယာဉ်ကောင်းတစ်ခု ဖြစ်တတ်ပါတယ်။ အဲဒီ ယာဉ်ကို လိုရာရောက်အောင် ထိန်းသိမ်းပဲ့ကိုင် မောင်းနှင်ရမှာက ကိုယ်ကိုယ်တိုင်ပဲ။ လိုရာရောက်ပြီဆိုရင် ငွေရဲ့ တာဝန် ပြီးသွားပါပြီ။ ဒီလို မဟုတ်ဘဲ ငွေယာဉ်ကို ကျေးဇူးတင်လွန်ပြီး ကျောပေါ် ထမ်းတင်ရင်တော့ အဲဒါ ပြဿနာ အသစ်စတာပါပဲ။

ဓာတုဗေဒ ဘာသာရပ်မှာ ကိုယ်လိုချင်တဲ့ ဒြပ်ပေါင်းတစ်ခုရအောင် ဓာတ်တစ်ခုနဲ့ ဓာတ်ပြုစေတဲ့အခါ ‘ဓာတ်ကူပစ္စည်း’ (catalyst) ဆိုတာကို သုံးပါတယ်။ ဓာတ်ကူပစ္စည်းဆိုတာ မိမိကိုယ်တိုင် ပါဝင် ဓာတ်ပြုပြောင်းလဲခြင်း မရှိသော်လည်း ဓာတ်ပြုခြင်းကို လျင်မြန်စွာ ဖြစ်စေအောင် အားပေးကူညီတဲ့ ပစ္စည်းပါ။

ပိုက်ဆံဆိုတာ ဓာတ်ကူပစ္စည်းပါပဲ။

(၄)

ကျွန်တော် ဗေဒင် ဟောလိုက်မယ်။

ခင်ဗျားမှာ ငွေလိုနေရမယ်။

ဒါတော့ မင်းပြောမှလားလို့ မျက်မှောင်မကြုတ်လိုက်ပါနဲ့ဦး။ ကျွန်တော်ကလည်း မလွဲနိုင်တာ ဟောရတာကိုး။ လူဟာ သေမျိုးဖြစ်တယ်ဆိုတာ အမြဲ မှန်ကန်နေသလို လူဟာ အမြဲ ငွေလိုနေတတ်တဲ့ သတ္တဝါမျိုး ဖြစ်တယ်ဆိုတဲ့ အဆိုဟာလည်း ယေဘုယျအားဖြင့် မှားနိုင်ဖွယ် မရှိပါဘူး။ ခင်ဗျားမှာ ငွေလိုတယ်။ ထူးဖေသစ်ဆိုတဲ့ ငတိမှာလည်း ငွေလိုနေတာပဲ။ နေရာတိုင်းက လူတိုင်းမှာ ငွေလိုနေကြပါတယ်။ ဆင်းရဲသူ၊ ဆင်းရဲသားတွေသာ ငွေလိုတာမှ မဟုတ်ဘဲ ။ ချမ်းသာသူတွေမှာလည်း ငွေလိုနေကြတာပဲ။

လူဆိုတာ ငွေလိုတယ်။

ဒါကြောင့် လိုတဲ့ငွေကို ရှာဖွေကြရတယ်။

ဒါဖြင့် ဘဝဆိုတာ ငွေရှာရုံနဲ့ ပြီးရောလား။

မပြီးဘူးဆိုရင် ဘာများ ရှိသေးလို့လဲ။

ဘဝရဲ့ ချမ်းမြေ့သုခဆိုတာ ရှိသေးတယ်လေ။

ဒီလိုဆို ငွေနဲ့ ချမ်းမြေ့သုခဟာ ပတ်သက် ဆယ်နွယ်မှု ရှိသလား။ မရှိဘူးလား။

ဒါ မေးခွန်းဟောင်းကြီးပါ။

မေးခွန်းဟောင်းအတွက် အဖြေသစ်တွေ ရှိပါသလား။

✕✕✕ ✕✕✕ ✕✕✕

(၅)

"ချမ်းမြေ့သုခကို ပိုက်ဆံနဲ့ ဝယ်လို့ရသလား မေးရင် လူတွေက မရပါဘူးလို့ ငြင်းဆိုတတ်ကြတယ်။ ဒါပေမယ့် အဲဒီလူတွေကိုပဲ ပိုက်ဆံနည်းနည်း ပိုရခဲ့ရင် နည်းနည်းတော့ ပိုပျော်မယ်ထင်ရဲ့လို့ မေးကြည့်။ အများစုက သဘောတူကြလိမ့်မယ်"

စိတ်ပညာ ပါမောက္ခ ဒေးဗစ်မိယာက အဲဒီလို ဆိုပါတယ်။

လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်က အမေရိကန် သုတေသန ပညာရှင်တချို့က ပိုက်ဆံနဲ့ ချမ်းမြေ့သုခ ဆက်စပ် ပတ်သက်မှုကို လေ့လာခဲ့ကြပါတယ်။ စိတ်ဝင်စားဖွယ် ရလာဒ်တွေကိုလည်း တွေ့ရှိခဲ့ကြသတဲ့။ ဥပမာ -

- ချမ်းမြေ့သုခရဖို့ ခေတ်မီ ဇိမ်ခံပစ္စည်းတွေ လိုအပ်တယ်။

- ချမ်းမြေ့သုခဆိုတာ အလုပ်လုပ်စရာ မလိုဘဲ ငြိမ်းငြိမ်းနေရတာ။

- လုပ်ခကြီးကြီးရတာ ပျော်စရာ။

- ကျေနပ် နှစ်သိမ့်မှု ပေးနိုင်တာ ပိုက်ဆံမှတစ်ပါး အခြားမရှိ။

- လိုအင်ဆန္ဒ မှန်သမျှ ဖြည့်စွမ်းနိုင်ရင် ချမ်းမြေ့သုခ ရတာပဲ ဆိုတဲ့ အဆိုတွေဟာ လူတိုင်းအတွက် မမှန်ကန်ဘူး ဆိုတာ တွေ့လာရလို့ပါပဲ။

မြင့်မားတဲ့ ဝင်ငွေ။ ခေတ်မီတိုက်လှလှလေး။ ခေတ်မီ ပရိဘောဂ ပစ္စည်းအပြည့်။ နောက်ဆုံးပေါ် ဒီဇိုင်းနဲ့ ကားကလေး။ ကာရာအိုကေ စက်။ ဂြိုဟ်တုစလောင်း။ ကဲ... ဘာလိုသေးလဲ။ ဒါပေမယ့် ဒါတွေကြောင့် စိတ်က ချမ်းမြေ့သွားသလား။

"ဘာဆိုင်လို့လဲကွာ။ ဇိမ်ခံပစ္စည်းဆိုတာ ဘာကို ပြောတာလဲ။ ငါတို့ ငယ်ငယ်တုန်းက ကိုယ်ပိုင်ကား၊ ရေခဲ သေတ္တာ၊ ရေဒီယို၊ ပန်ကာ ဒါတွေဟာ ဇိမ်ခံပစ္စည်းလို့ သတ်မှတ်ခဲ့ကြတာပဲ။ ဟော နောက်တော့ ဒါတွေက ဇိမ်ခံပစ္စည်း မဟုတ်တော့ပြန်ဘူး။ လူတိုင်းအတွက် မရှိမဖြစ် လိုအပ်တဲ့ အသုံးချပစ္စည်းတွေ ဖြစ်ကုန်ရော။ အဲ... လူတိုင်း သုံးနိုင် မသုံးနိုင်တာကတော့ သီးခြားပြဿနာပေါ့" တဲ့။ လုပ်ငန်းရှင် လူငယ်တစ်ယောက်က ပြောပါတယ်။ သူ့ဆီမှာ ကျွန်တော်တို့ မသုံးစွဲနိုင်တဲ့ (တချို့ဆို ဘာပစ္စည်းမှန်းကို မသိတဲ့) အသုံးအဆောင်တွေ တစ်ပုံကြီးပဲ။ ဒါပေမယ့် သူ့ကို ဘဝမှာ စိတ်ချမ်းမြေ့နေသူ တစ်ဦးလို့ ကျွန်တော်တို့ သိမထားပါဘူး။ သူ ကိုယ်တိုင်ကလည်း စိတ်ချမ်းမြေ့ဖို့အတွက် ဒါတွေက မပေးနိုင်မှန်း သိပါတယ်။ 'အိမ်ပြန်ရမှာ ကြောက်ကြောက်နေတယ်ကွာ' လို့ သူ ပြောတတ်တယ်။ သူ့အိမ်တွင်းရေးက ကောင်းမှ မကောင်းဘဲ။

အမေက မရှိတော့ဘူး။ ဖအေကြီးက ဆီးချိုနဲ့ မျက်စိကွယ်နေတယ်။ မိန်းမဖြစ်သူက အမြဲတမ်း သူ့အပေါ် မယုံသင်္ကာ ဖြစ်နေလို့ နေ့တိုင်းလို တကျက်ကျက် ရန်ဖြစ်ရ။ သားနဲ့သမီးက စာမေးပွဲတွေကျ။ ညီအငယ်ဆုံးက ဆေးသမား ဖြစ်နေလို့ သတိထားပြီး စောင့်ကြည့်နေရ။ လာဘ်စားမှုနဲ့ ထောင်ကျသွားတဲ့ အစ်ကိုမိသားစုနဲ့ အရက်သမားမယား ဖြစ်နေတဲ့ ညီမမိသားစုကိုလည်း ပေးကမ်းထောက်ပံ့ရ။ အဲဒီအတွက် မိန်းမက အလိုမကျ။ သားသမီးတွေက ငွေသုံး ရက်စက်ကြ။ အိမ်ဖော်တွေကလည်း မမြဲဘဲ ထွက်ထွက်ပြေး။ 'ဟေးလားမောင်ရို .. ဝါး ... ဆိုပြီး အော်အော်ပြီး ကွေးနေအောင် ကမို့သာ

ကောင်းတော့တာပါပဲကွာ’ လို့ ပြောပြီး ဝီစကီကို တစ်ကျိုက်စုပ်၊ *ဒန်းဟီး* *စီးကရက်*ကို တစ်ချက်ရှိုက်၊ မချိပြုံးလေး ပြုံးနေတဲ့ သူငယ်ချင်း၊ ဟင်းခနဲ သူ့ကိုယ်စား သက်ပြင်းချပေးရုံကလွဲလို့ ကျွန်တော်ကကော ဘာများတတ်နိုင်ပါဦးမလဲ။

ဟော .. အိမ်နောက်ဖေးက ကိုကာကနဲ့ မကာကတို့ ကျတော့ကော ဘာထူးလို့လဲ။ မနက်လင်းပြီး ဆိုတာနဲ့ ‘ဆန်’ ရှာဖို့ ပြဿနာက စပြီ။ ကလေးတွေကို ဟိုဆိုင်သွား ကြွေးယူချည်၊ ဒီဆိုသည်း ကြွေးယူကျည်နဲ့ လွှတ်နေတော့တာ။ ဆိုင်တွေက မပေးလိုက်ဘူးဆိုရင် ခုနစ်သံချီပါပြီ။ ဒီကောင်မတွေ ဘာဖြစ်တယ် ညာဖြစ်တယ် ဖရုသာဝါစာမျိုးစုံနဲ့ နံနက်ချိန်ခါ တေးသံသာတော့တာပါ။ ညရောက်တော့ ကိုကာ, က ကျဘမ်းလုပ်ရာက ပိုက်ဆံလေးရလာလို့ နည်းနည်းထွေလာ။ မကာကနဲ့ စကားများ။ ဆဲကြ ဆိုကြ ရိုက်ကြ နှက်ကြ အော်ကြ ငိုကြ။ ‘ဟေးလားမောင်ရို .. ဝါး’ လို့ ကျွန်တော်က ဘေးကနေ ဝင်အော်ပေးချင်စိတ်တွေ ပေါက်လာမိပါတယ်။

စားဝတ်နေရေးဆိုတဲ့ ဘဝ အခြေခံနွံကြီးထဲ ဆင်းရဲပင်ပန်းစွာ နစ်မြုပ် ရုန်းကန်နေရပြီး ပိုက်ဆံရဲ့ ဖိစီးခြင်းခံနေရသူတွေအတွက် ဘဝရဲ့ ချမ်းမြေ့သုခဆိုတာ ရှိမှန်းတောင် သိကြတော့မယ် မထင်ဘူး။ ‘သဗ္ဗေသတ္တာ အာဟာရ ဋ္ဌိတိကာ’ သတ္တဝါတို့သည် အစာအဟာရအပေါ်၌သာ တည်မှီကြကုန်၏ လို့ ဘုရားဟောပါတယ်။ အခါတစ်ပါး ကျောင်းအမကြီး တစ်ဦးဟာ ... ကျင့်ကြံအားထုတ်ရင်း တရားထူး ရသွားသတဲ့။ အဲဒီအခါ ကျောင်းအမကြီးက သူ့ကျောင်းက သူ့ဆရာ သံဃာတွေကို လှမ်းပြီး အာရုံပြုကြည့်တဲ့အခါ သံဃာတွေမှာ ရဟန်းကိစ္စ မပြီးကြသေးတာ မြင်ရသတဲ့။ ဘာဖြစ်လို့ မပြီးကြပါလိမ့်

လို့ ထပ်ပြီး ကြည့်တော့ အာဟာရ မပြည့်စုံလို့ဆိုတာ သိလိုက်ရတယ်။ ဒါနဲ့ လိုအပ်တဲ့ အာဟာရတွေကို လှူဒါန်းဘုဉ်းပေးစေတဲ့ အခါမှ ရဟန်းတွေအားလုံး ရဟန်းကိစ္စ ပြီးစီးသွားကြပါသတဲ့။ အာဟာရဓာတ်နဲ့ ပြည့်စုံတဲ့ အစာဟာ ဒီလောက်ထိ အရေးကြီးပါတယ်။ ငတ်နေတဲ့လူ နိဗ္ဗာန်မရောက်ဘူးလို့ ပြောရမလားပဲ။

ထို့အတူ ပိုက်ဆံရှာဖို့ပဲ ဘဝပစ်မှတ်ထားပြီး ပိုက်ဆံတွေရှာ ... ရှာ .. ရှာ။ တချို့လည်း ရသမျှ နည်းမျိုးစုံနဲ့ ရှာ။ တချို့လည်း ပညာဉာဏ် ဝီရိယနဲ့ ရှာ။ တကယ်ရှာရင် တကယ်ရတာပေါ့။ အဲဒီမှာ ရလာတဲ့ ငွေထဲ မှာပဲ ပျော်ဝင်သွားကြသူတွေအဖို့လည်း ချမ်းမြေ့သုခဆိုတာ ပါးစပ်က ပြောစရာ စကားလုံး ဝေါဟာရတစ်ခု အဖြစ်ပဲ ရှိနေဦးမှာပါ။

ချမ်းမြေ့သုခဟာ ပိုက်ဆံနဲ့အတူ ရှိတာ မဟုတ်ပါဘူး။ ပိုက်ဆံရဲ့ အထက်မှာ ရှိတာပါ။ ချမ်းမြေ့သုခဆီ ရောက်ဖို့ဆိုရင် ပိုက်ဆံကို ဖြတ်သန်းရုံမျှမက ဖောက်ထွက်သွားနိုင်ရလိမ့်မယ်။

လူငယ်တချို့ ထင်တတ်ကြတာ ရှိတယ်။ မင်္ဂလာစုံတွဲ အတွဲလိုက် ပေါက်လိုက်လို့ကတော့ ဘာမှ မလုပ်ဘဲ ကောင်း ကောင်းစား၊ ကောင်းကောင်းအိပ်၊ ကားတစ်စင်းနဲ့ လျှောက်လည်၊ ခေါင်မိုးပေါ်က စားသောက်ဆိုင်တွေ သွား၊ ပန်းကုံးတွေစွပ် .. အို လုပ်ချင်ပ... အကုန်လျှောက်လုပ်ပစ်လိုက်မယ် ဗိမ်ပဲ... လို့။ အဲဒီလို ပေါက်သကဲ့သို့ ငွေတွေ အစုလိုက် အပြုံလိုက် ရခဲ့ရင် ပင်ပင်ပန်းပန်း အလုပ်လုပ်စရာ မလိုဘဲနဲ့ စည်းစိမ်ခံစားပစ်တာကို ချမ်းမြေ့သုခလို့ ထင်တတ်ကြတာပေါ့။ စိတ်ကူးယဉ်တတ်ကြတာပေါ့။ ဒါနဲ့ပဲ ရွှေတွင်း

ကျောက်တွင်းတွေဆီ လူငယ်တွေ အစုလိုက် အပြုံလိုက် ရောက်ကုန်ကြတာပေါ့။

ဒီလို နေရတာ ချမ်းမြေ့သုခလို့ ထင်ခဲ့ရင် ဆရာသော်တာဆွေရဲ့ 'ကျွန်တော့်ဘဝ ဇာတ်ကြောင်း' ထဲက မိုးကုတ်မြမောင်ဆိုတဲ့ ပုဂ္ဂိုလ်အကြောင်း ဖတ်ကြည့်ပါ။

မိုးကုတ်မြမောင်ရဲ့ မိဘတွေက သိပ်ချမ်းသာတဲ့ ကျောက်တွင်းပိုင်ရှင်တွေပါ။ မိုးကုတ်မြမောင်က သူဌေးသားပေါ့။ ဒါပေမယ့် သိပ်ကို ကံထူးလွန်းတဲ့ သူဌေးသားပေပဲ။ သူသုံးမှ ဖြုန်းမှ ကျောက်တွင်းက ကျောက်အောင်သတဲ့။ သူ သောင်းဂဏန်း ဖြုန်းရင် သိန်းဂဏန်းတန်တဲ့ ကျောက်ရသတဲ့။ ဒါကြောင့် မိဘ ဘိုးဘွားတွေက ကိုမြမောင်သုံးတာ ဖြုန်းတာကို တားမြစ်ဖို့ မဆိုထားနဲ့ မသုံးမဖြုန်းမှာကိုပဲ ပူပန်နေကြရသတဲ့ ။ အဲသလောက်ကံထူးတဲ့ ပုဂ္ဂိုလ်မျိုးပါ။

ကိုမြမောင်ကလည်း ဖြုန်းစရာ သုံးစရာ ပေါတဲ့ ရန်ကုန်မြို့ကြီးကို တက်ပြီး ဖြုန်းတာပါပဲ။ ဟိုတယ်မှာ နှစ်လုံးပေါက် အခန်းငှားပြီး နေတယ်။ ကားတစ်စီးပြီး တစ်စီး ပြောင်းစီးတယ်။ အပေါင်းအသင်းတွေနဲ့ စားတယ်သောက်တယ်၊ ပျော်တယ် ပါးတယ်။ လန့်လောက်တဲ့ စွန့်ကြဲပေးကမ်းမှုတွေလည်း လုပ်တတ်တယ်။ (ဥပမာ ကားတစ်စင်းလုံး အလကားပေးပစ်တာမျိုး) ဒီလို လူမျိုးက တစ်နေ့မှာ ဆရာသော်တာဆွေကို ဖက်ပြီး ကြေကြေကွဲကွဲ ငိုပါသတဲ့။ သူ့မှာ အကြီးဆုံးဒုက္ခ နှစ်ခုရှိတယ်။ တစ်ခုက မနက်လင်းပြီဆိုရင် ဘယ်သူ့ကို ခေါ်ပြီး ဘယ်ဆိုင်မှာ မနက်စာ ဘာသွားစားရပါ့။ နောက်တစ်ခုက ညနေကျရင် ဘယ်သူတွေနဲ့ ဘယ်ဟိုတယ်မှာ စားပွဲသောက်ပွဲ လုပ်ရပါ့။ ဒီနှစ်ခု။ ဟာ .. အဲဒါ ဒုက္ခလားလို့မေးရင် သူ့

*

အတွက်တော့ ဒုက္ခကြီးပါပဲ။ သူကလည်း တစ်ယောက်တည်း ထမင်း မစားတတ်တော့ဘူးလေ။ အဖော်ခေါ်ဖို့ ဆိုတာကလည်း လူတစ်ယောက်ဟာ သူနဲ့ လိုက်စားနိုင်လှ တစ်ပတ်ပေါ့။ ကိုယ့်အလုပ်တွေက ရှိနေသေးတာကိုး။ အမြဲ ဘယ်လိုက်နိုင်မလဲ။ သူကတော့ ဘာမှ လုပ်စရာ မရှိတော့ သူနဲ့ ထမင်း လိုက်စားနိုင်မယ့်လူ ရှာရတာကိုက အလုပ်ကြီးတစ်ခုပေပဲ။ ကြာတော့ သူ့ဘဝ အဓိပ္ပာယ်မဲ့လှချည့်ဆိုပြီး ငိုတော့တာပါ။ လူဟာ အလုပ်မဲ့တဲ့ဒဏ်ကို ကြာရှည် မခံနိုင်ပါဘူး။

လေ့လာမှုတွေအရ တွေ့ရတာတော့ လူ့ဘဝရဲ့ အဓိက ကျေနပ်စရာတွေထဲမှာ အလုပ်ဟာ တစ်ခုအပါအဝင် ဖြစ်တယ် ဆိုတာ တွေ့ရတာပါပဲ။ လူမှုဗေဒ ပညာရှင် 'ရှိုင်းကက်ပလန်' က ထီပေါက်လို့ သန်းကြွယ်သူဌေးတွေ ဖြစ်သွားကြသူ လူပေါင်း (၁၃၉) ယောက်ကို စစ်တမ်းကောက်ကြည့်တော့ ၆၀ ရာခိုင်နှုန်းဟာ ထီပေါက်ပြီသော်လည်း ကိုယ့်အလုပ်ကို ဆက်လုပ်နေကြတာ တွေ့ရပါသတဲ့။ ကျွန်တော်တို့ဆီမှာတော့ ဘယ်လိုနေကြမလဲ မပြောတတ်ဘူး။

တစ်ခုခုကို အကောင်းဆုံး လုပ်ဆောင်ခြင်းဟာ ယုံကြည်မှုနဲ့ ကိုယ့်ကိုယ်ကို တန်ဖိုးထားမှုတွေကို မြင့်မားစေပါတယ်။ ကိုယ်လုပ်ရတဲ့ အလုပ်ကို တန်ဖိုးထားလာပြီ။ အရေးကြီးတယ်လို့ မြင်လာပြီဆိုရင် အဲဒီလူအဖို့ အလုပ်သည် ပထမ၊ လစာငွေသည် ဒုတိယ ဖြစ်သွားတာပါပဲ။ အလုပ်အပေါ် ကျေနပ်အားရမှုကို လစာငွေပမာဏနဲ့ မတိုင်းတာတော့ဘူး။ အမေရိကန်တွေကတော့ တိုင်းတာလေ့ရှိကြတယ်။ ၁၉၉၃ ခုနှစ်က လေ့လာချက်အရ လစာဝင်ငွေ နှစ်ဆတိုးဖို့သာ အဓိကလို့ ဆိုတဲ့သူ ၇၀ ရာခိုင်နှုန်း ရှိပါတယ်။ ဒါပေမယ့်

လေ့လာမှုတွေက ပြောတာကတော့ လူဟာ သူ့အလုပ်ကို ကြိုက်နှစ်သက်ပြီဆိုရင် အလုပ်အပေါ် ကျေနပ်မှုဟာ ငွေဘယ်လောက် ရသလဲဆိုတာက မလာတော့ဘဲ အလုပ်ရဲ့ စိန်ခေါ်မှုကို ဘယ်လို ကိုင်တွယ် ထိန်းသိမ်းနိုင်ခဲ့သလဲ ဆိုတဲ့ အချက်ဆီကပဲ ထွက်ပေါ်လာတော့တာပါတဲ့။ အကျိုးအမြတ် ဘယ်လောက်ရတဲ့ လုပ်ငန်းပဲဖြစ်ဖြစ် ကိုယ်က စိတ်မဝင်စားရင် ကိုယ့်ကို မဆွဲဆောင်နိုင်ရင် အလကားပါပဲတဲ့။

ရစ်ချတ်ဝက်စတာဖီးဆိုတဲ့ လူအကြောင်း ဖတ်ရဖူးတယ်။ သူက ငယ်ငယ်ကတည်းက ဂီတဝါသနာပါပြီး အပြင်းအထန် လေ့လာလိုက်စားခဲ့တာ။ အသက် ၂၂ နှစ်မှာ သံစုံတီးဝိုင်းကြီး တစ်ခုမှာ ဂီတမှူး လုပ်ခွင့်ကြုံခဲ့ရတယ်။ ဂီတအချက်ပြညွှန်တဲ့ တံလေးကို ကောက်ကိုင်လိုက်ချိန်မှာပဲ 'ဒါ လုပ်ဖို့ ငါမွေးလာတာ' လို့ သူသိလိုက်ပါသတဲ့။

ဒါပေမယ့် မိဘတွေကတော့ သူ့ကို လက်တွေ့ကျစေချင်တယ်။ ဒါနဲ့ပဲ စီးပွားရေးလုပ်ငန်း ဘွဲ့တစ်ခု ယူပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုဘဏ် တစ်ခုမှာ အလုပ်ဝင်လုပ်ရတယ်။ လစာကောင်းတဲ့ ရာထူးရပါတယ်။ သို့သော်လည်း ဂီတပိုးက ရှိနေတုန်းပဲ။ ဝေါလမ်းမမှာ တစ်နေ့ ၁၂ နာရီလောက် အလုပ်လုပ်ပြီး ညမှာတော့ ဂီတသင်္ကေတတွေ တကုန်းကုန်း ရေးနေတော့တာပဲ။ အားလပ်ရက်တွေမှာတော့ နယ်တကာလှည့်ပြီး သံစုံတီးဝိုင်းတွေမှာ ဧည့်ဂီတမှူး လုပ်တော့တာပဲ။ တစ်ညတော့ တီးဝိုင်းတစ်ဝိုင်းနဲ့ အလုပ်လုပ်နေတုန်းမှာ ဖခင်ကြီးရဲ့ သတင်းဆိုးကို ကြားလိုက်ရတယ်။ နောက်ဆုံးအဆင့် ကင်ဆာတဲ့။ 'ကိုယ့်အတွက် တကယ်တမ်း အရေးကြီးတာကို လုပ်ဖို့ တောင် ဘဝဆိုတာ တိုလွန်းလှပါလား' လို့ သူခံစားမိလိုက်

ပါတယ်။ နောက်ဆုံးတော့ မိသားစုနဲ့ တိုင်ပင်ပြီး ခွင့်ပြုချက် ရလို့ ဘဏ်အလုပ်က နုတ်ထွက်လိုက်ပြီး အချိန်ပြည့် ဂီတမှူး တစ်ယောက် ဖြစ်လာပါတော့တယ်။ လစာဝင်ငွေကတော့ အရင် အလုပ်ထက် တစ်ဝက်လောက် လျော့ပေမယ့် သူကတော့ အခု လောက် ကျေနပ်ပျော်ရွှင်မှုမျိုး အရင်လုပ်ငန်းမှာ မရခဲ့ပါဘူး တဲ့။

ကိုယ်ဖြစ်ချင်တဲ့ ဘဝကို ရောက်ဖို့ လစာနည်းသည် ထက် နည်းတဲ့အလုပ်တွေ ပြောင်းလုပ်ခဲ့တဲ့ ဆရာကြီး ဦးခင်မောင် လတ်ရဲ့ စကားကိုလည်း နားထောင်ကြည့်ကြပါဦးစို့။ (၁၉၉၄၊ စက်တင်ဘာလထုတ် သင့်ဘဝမှာ ဆရာ ခင်မောင်ညို (ဘောဂ ဗေဒ) ပြန်ရေးပြခဲ့တာပါ)

"ဘဘလတ်ရဲ့ ဘဝမှာ လခ အများဆုံး ရခဲ့တာ ၅၀၀ ကျပ်။ စစ်ပြီးခေတ် **Civil Supplies Board** လို့ခေါ်တဲ့ ပြည်သူ့ ရိက္ခာ ထောက်ပံ့ရေးအဖွဲ့မှာ **Press Liason Officer** လို့ ခေါ် တဲ့ သတင်းဆက်သွယ်ရေး အရာရှိ လုပ်တုန်းက ရခဲ့တာ။ ကံ ဆိုးချင်တော့ အဲဒီ ပြည်သူ့ရိက္ခာ ထောက်ပံ့ရေး အမှုထမ်း အသင်းမှာ ဥက္ကဋ္ဌ ဖြစ်နေတယ်။ ၁၉၄၆ ခုနှစ်မှာ သပိတ် တိုက်ပွဲဝင်လိုက်တာ လခ ၅၀၀/- ရတဲ့ အလုပ်ကလေး တစ်ခါတည်း ပြုတ်ပါရော"

"သံအမတ်ကြီး ဦးဝင်း အိန္ဒိယမှာ သံအမတ်ကြီး ဖြစ် နေချိန် ကိုယ်ကလည်း အလုပ်မရှိတော့ တတိယအတွင်းဝန် လုပ်မလားမေးတယ်။ ဒါပေမယ့် သက်ဆိုင်ရာကို တင်ပြလိုက် တော့ မရဘူး ဖြစ်ရော"

"အဲဒီတော့မှ ကိုယ့်အရေး ကိုယ်သတိရပြီး သက်ကြီး တက္ကသိုလ်တက်ပြီး ဘီအေကို အောင်အောင်ဖြေတယ်။"

"လခ ၄၀ဝိ/–နဲ့ ရတဲ့ အလုပ်တစ်ခု ရပြန်တော့ အဲဒီ အလုပ်က ပင်ပန်းလိုက်တာ နေ့လယ်ထမင်းစားချိန်တောင် မရဘူး။ ပင်ပန်းလွန်းလို့"

"ကိုယ့်ဒူးကိုယ်ချွန်ပြီး စာသင်ဖို့၊ စာကျက်ဖို့ ၄၀ဝိ/– ရတဲ့ အလုပ်တစ်ခုကို စွန့်လွှတ်ပြီး စာပေဗိမာန်က ခေါ်တဲ့ စာပြုလခ ၁၅ဝိ/– နဲ့ လုပ်ခဲ့တယ်။ ကိုယ့်အခြေအနေက လခ ၄၀ဝိ/– ဆိုတဲ့ အလုပ်က ကိုယ့်တက်လမ်းအတွက် ဘာမှ အခြေအနေ မပေးဘူး။ စာပြုစုတာက စာနဲ့ပေနဲ့လည်း နီးစပ်တယ်။ တက္ကသိုလ်မှာ ပညာဆက်သင်ဖို့အတွက် ၄၀ဝိ/– ဆိုတဲ့ အလုပ်ကို စွန့်လွှတ်ပြီး ၁၅ဝိ/– ဆိုတဲ့ အလုပ်ကို ပြောင်းလုပ်ခဲ့တယ်။ အစ်ကိုတွေကဆို ကျွန်တော့်ကို ဆဲတာပဲ"

"ဘီအေ အောင်ပြီးတော့ စာပြုလခ ၁၅ဝိ/– ကနေ ၂၅ဝိ/– အထိ တိုးတော့မယ်။ ဒါပေမယ့် တက္ကသိုလ်မှာ အမ်အေ ဆက်တက်ချင်တော့ ကျူတာလုပ်မှ တက်လို့ရမယ် ဆိုလို့ အဲဒီအလုပ်ကို စွန့်လွှတ်ပြီး ၁၂ဝိ/– ရတဲ့ ကျူတာ အလုပ်ကို ပြောင်းလုပ်ခဲ့တယ်။ ပညာရေးအတွက် ရူးစိုက်ပြီး ကိုယ့်စိတ်က ရည်ရွယ်ချက်ထားတာကိုး။ ပန်းတိုင်က မြင်ထားတာကိုး"

"လူငယ်ဆိုတာ အလုပ်လုပ်တဲ့အခါ **Prospect** ခေါ်တဲ့ တက်လမ်းကို ကြည့်တာပေါ့။ တက္ကသိုလ် ဝင်တဲ့အခါ ကျတော့ အသက် ၃၅ နှစ် ရှိနေပြီ။ ပါမောက္ခက ကျွန်တော့်ကို ကြည့်ပြီး ဘာတက်လမ်းရှိသလဲ။ ဒေါ်သိန်းညွန့်တို့၊ ဒေါ်ခင်မူတို့ဆိုတာ ခင်ဗျားအထက်က ဆိုပြီးပြောတော့ ကျွန်တော် တစ်သက်လုံး ကျူတာလုပ်မယ်။ စာသင်တဲ့ ကိစ္စကို ကျွန်တော်

သိပ်မြတ်နိုးတယ်ဆိုပြီး လုပ်တာ လေးငါးလလောက်ကြာတော့ ရတနာသုံးပါး ဂုဏ်ကျေးဇူးကြောင့် ၂၀ဝိ/– လောက် ရတယ်။ လေးနှစ်လောက်ကြာတော့ အမ်အေလည်း အောင်ရော ၃၅ဝိ/ ရခဲ့တယ်။ ယခင်လို ၅၀ဝ တော့ မရဘူး။ လခအနေနဲ့ စဉ်းစားရင်တော့ စိတ်ညစ်စရာကြီးပဲ။ သို့ပေမယ့် ကျွန်တော် ပျော်တယ်။ စိတ်ချမ်းသာတယ်။ ကိုယ့်ရည်မှန်းချက်ကို မျက်ခြည်မပြတ်လို့ ကျေနပ်မှုရခဲ့တယ်"

ကဲ .... ဆရာကြီး ဦးခင်မောင်လတ်ကတော့ M.A ဘွဲ့ တစ်ခုရဖို့ ၅၀ဝိ/– ကနေ ၄၀ဝိ/–၊ ၄၀ဝိ/– ကနေ ၁၂၅/– ရတဲ့ အလုပ်ကို ပြောင်းလုပ်သွားခဲ့ပါတယ်။ "အဲဒီတုန်းက ၁၂၅/– နဲ့ လူတစ်ယောက်ဟာ နေလို့ထိုင်လို့ ရတာကိုး" လို့ ပြောစရာ ရှိပေမယ့် အခုအချိန်မှာ ကျွန်တော်ဆိုရင် တစ်လ ရှစ်ထောင်ဝင်တဲ့ အလုပ်ကနေ (တစ်စုံတစ်ခုသော တန်ဖိုး အဓိပ္ပာယ်ကြောင့်) လေးထောင်ရမယ့် အလုပ်ကို ပြောင်းလုပ်နိုင် မလုပ်နိုင် အတော် စဉ်းစားရမှာပါ။

ကျွန်တော်တို့က ပိုက်ဆံများများရတာ ပျော်စရာလို့ ထင်ပေသကိုး။

"အပျော် (Pleasure) နဲ့ ချမ်းမြေ့သုခ (Happiness) ဟာ မတူပါဘူး။ အပျော်ဆိုတာ တဒင်္ဂ သာယာမှုလေးပါ။ ချမ်းမြေ့သုခဆိုတာကတော့ လူတစ်ယောက်ယောက်ရဲ့ စိတ်ဓာတ်စွမ်းအင်၊ ခံစားမှုစွမ်းအင်တွေ ရင်းနှီးမြှုပ်နှံထားတဲ့ ဘဝ အတွေ့အကြုံတွေက လာတာ" လို့ စိတ်ပညာ ပါမောက္ခ 'မီဟာလီ' က မှတ်ချက်ပြုလေရဲ့။

အပျော်ဆိုတာ အပြင်က လာတာပါ။ ချမ်းမြေ့သုခကတော့ လူ့စိတ်ရဲ့ အနက်ရှိုင်းဆုံး အရပ်ဆီက စိမ့်ထွက်

လာတဲ့ ငြိမ်အေး တည်ငြိမ်မှု။ ဒီနှစ်ခုကို ခွဲခြားသိဖို့ လိုပါတယ်။ တကယ်တော့ ချမ်းမြေ့သုခဆိုတာ လူတိုင်းက စကားလုံးအဖြစ် ပြောတတ်ကြပြီး လူနည်းနည်းလေးကသာ တကယ်သိရှိခံစားတတ်တဲ့ အရာပါပဲ။

ဒါကြောင့်လည်း 'လူအတော်များများဟာ သေသာသွားကြတယ်။ ဘဝရဲ့ ချမ်းမြေ့သုခကို နားလည်ခံစားမှု သွားကြရဲ့လား' လို့ 'ဟင်နရီသောရိုး'က သံသယဝင်ခဲ့တာပေါ့။ သောရိုးကိုယ်တိုင်က လူတစ်ယောက်ရဲ့ ပိုင်ဆိုင်မှုတွေကို အနည်းဆုံးဖြစ်အောင် လျှော့ချပြီး နေထိုင်သွားခဲ့တဲ့ လူပါ။ စမ်းချောင်းကလေး နံဘေးက တဲငယ်လေးတစ်လုံးမှာ နေထိုင်၊ နည်းပါးလှတဲ့ ဝင်ငွေလေးနဲ့ ရပ်တည်၊ ကမ္ဘာကျော် စာတမ်းတွေ ပြုပြီး ဘဝရဲ့ ချမ်းမြေ့သုခကို ရှာဖွေခဲ့သူပါ။

ဘဝရဲ့ အနှစ်သာရဟာ ပိုင်ဆိုင်မှုတွေ၊ အာဏာတွေ၊ ကျော်ကြားမှုတွေ မဟုတ်ပါဘူး။ စစ်မှန်တဲ့ ချမ်းမြေ့သုခက ဒါတွေနဲ့ မဆိုင်ပါဘူး။ လူဆိုတာ ကိုယ်ရှာတာ ကိုယ်ရတာပါပဲ။ ငွေတွေရှာပြီး ငွေတွေရရုံနဲ့ ဘဝမှာ လူဖြစ်ကျိုးနပ်လှပြီလို့ ကျေနပ်နှစ်သိမ့်နေတတ်သူလောက် သနားစရာကောင်းတာ မရှိပါဘူး။

ဒါပေမယ့် သူကတော့ ကိုယ့်ကိုယ်ကို သနားရကောင်းမှန်း သိလိမ့်မယ် မဟုတ်ဘူး။ သူကပဲ ချမ်းမြေ့သုခနဲ့ နေတဲ့ သူတွေကို 'နုံလှချည့်၊ အ,လှချည့်' လို့ သနားကောင်း သနားနေပါလိမ့်မယ်။ ဒါမဆန်းပါဘူး။ ပိုင်ဆိုင်လိုစိတ် လောဘနဲ့ ကိုယ်ချမ်းသာဖို့ အတွက်သာ လှုပ်ရှားနေထိုင်တဲ့ သူဟာ ဘဝရဲ့ စစ်မှန်တဲ့ သုခတရားကို သိနိုင်ခံစားနိုင်မှာ မဟုတ်ဘူးလေ။ ဒါကြောင့်လည်း 'သူဌေးဆိုတာ ပိုက်ဆံကလွဲပြီး ဘာမှမရှိတဲ့

အကောင်' လို့ ကမ္ဘာကျော် သူဌေးကြီး 'ရော့ဖဲ လား' က ပြော ခဲ့တာပါ။

××× ××× ×××

(၆)

လောကမှာ လူနှစ်မျိုးပဲ ရှိပါတယ်။

ရုပ်ဝတ္ထုပစ္စည်းတွေ များနိုင်သမျှ များများ ပိုင်ဆိုင်နိုင် ရေးကို အဓိက ပစ်မှတ်အဖြစ်ထားပြီး နေထိုင် လှုပ်ရှားတဲ့သူ။ ဒီလိုလူမျိုးမှာ ပိုက်ဆံချမ်းသာပါလိမ့်မယ်။ ပြီးတော့ သောကတွေ လည်း ချမ်းသာပါလိမ့်မယ်။ သူက သူပိုင်ဆိုင်တဲ့ ပစ္စည်းပုံ ပေါ်မှာ ရပ်ပြီး 'ဒါ .. ငါကွ' လို့ ပီတိဖြစ်ဖို့ မျှော်လင့်တယ်။ ဒါပေမယ့် ပီတိအစား အတောမသတ်နိုင်တဲ့ လိုအင်လောဘ တွေရဲ့ ပူပြင်းလောမြိုက်မှုကိုသာ ခံနေရတော့တယ်။

နောက် လူတစ်မျိုးကတော့ လောကအတွင်းမှာ တစ်စုံ တစ်ရာ အဓိပ္ပာယ်ရှိတဲ့ အလုပ်ကို ပြီးမြောက်အောင်မြင်အောင် အဓိက ရည်မှန်းတဲ့သူ။ သူက အဲဒီအလုပ် ပြီးမြောက်အောင် ကြိုးစား ဖြတ်သန်းနေရစဉ်မှာကို ပျော်ရွှင်မှု ရှိနေတယ်။ ပြီး မြောက်အောင်မြင်သွားရင်တော့ အဲဒီ အရသာဟာ သူ့အတွက် ချမ်းမြေ့သုခပါပဲ။ ပြီးရင် နောက်ထပ် အဓိပ္ပာယ်တစ်ခု ထပ်မံ ရှာဖွေပြီး ကြိုးစား လုပ်ဆောင်ပါလိမ့်ဦးမယ်။ နားမလည်နိုင် သူအတွက်တော့ သူဟာ ကျိန်စာသင့်နေသလား အောက်မေ့ ပါလိမ့်မယ်။ အမှန်ကတော့ 'ဗျာဒိတ်' ရဘိသည့်အလား လုပ် စရာရှိတာကို သူ လုပ်နေတာပါ။

ဒေဝူး ဥက္ကဋ္ဌ ကင်ဝူချွန်းဟာ ဒီလိုလူမျိုးပေါ့။

"ကျွန်တော်သည် ကော်ပိုရေးရှင်းကြီးတစ်ခု၏ အမှုဆောင်လူကြီးဖြစ်သောလည်း ပိုင်ဆိုင်ဖို့ ထူးထူးခြားခြား စိတ်မဝင်စားပါ။ ပိုင်ဆိုင်မှု လောဘကြောင့် စွန့်ထွင် လုပ်ငန်းရှင်တစ်ယောက်သည် ကော်ပိုရေးရှင်း တစ်ခုကို စီမံခန့်ခွဲနေသည်ဟူ၍ ထင်နေကြသော လူများသည် လုပ်ငန်းခ်ီးတစ်ရပ် သို့မဟုတ် ကော်ပိုရေးရှင်းကြီး တစ်ခုကို အောင်မြင်အောင်ဆောင်ရွက်နိုင်ရာမှ ရရှိသော သန့်စင်သည့် ပျော်ရွှင်မှုကို ဘယ်တော့မှ နားလည်နိုင်မည် မဟုတ်ပေ။ နှစ်ဆယ့်လေးနာရီရက်များကို တိုလွန်းသည်ဟု ထင်နေသော ကျွန်တော်သည် ကျွန်တော် ကြွယ်ဝချမ်းသာရေးအတွက် အလုပ်လုပ်နေခြင်းမဟုတ်လျှင် အရူးသာ ဖြစ်လိမ့်မည်ဟု သူတို့က ထင်ကြပေလိမ့်မည်။ ငွေဒင်္ဂါးတွေအတွက် အရူးတစ်ယောက်အလားကျွန်တော် အလုပ်လုပ်နေခြင်း မဟုတ်။ ပြီးမြောက်ဆောင်ရွက်နိုင်ရာက ရရှိသော ပျော်ရွှင်သုခအတွက် ကျွန်တော် တစိုက်မတ်မတ် အလုပ်ရူးတစ်ယောက် ဖြစ်နေခြင်းဖြစ်၏။ ကော်ပိုရေးရှင်းကို အောင်မြင်အောင် စီမံခန့်ခွဲရာတွင် ရရှိသော ပျော်ရွှင်သုခနှင့် ကြွယ်ဝပိုင်ဆိုင်မှုကို ဘယ်တော့မှ နှိုင်းယှဉ်လို့မရပေ"

ဒါက သူဘာ့ကြောင့် အလုပ်ကို အငမ်းမရ လုပ်ရသလဲဆိုတာရဲ့ အတွင်းသဘော လှုံ့ဆော်မှုပါပဲ။ အတ္တမဟုတ်။ လောဘမဟုတ်။ ဘဝရဲ့ အဓိပ္ပာယ်ကို သူသိတယ်။ လောဘဆန္ဒသက်သက်ကို ပြည့်စေဖို့သာ အလုပ်လုပ်ခြင်းဟာ အမှားလို့သူက မြင်တယ်။

"လုပ်ငန်းတစ်ရပ်၏ ရည်ရွယ်ချက်မှာ ပိုက်ဆံရှာခြင်းဖြစ်သည်ကို မငြင်းနိုင်ပါ။ သို့သော် ကုမ္ပဏီတစ်ခုသည်

အမြတ်ရရေးသက်သက်အတွက် ရပ်တည်နေသည် မဟုတ်ဟု ကျွန်တော် ထင်မိ၏။ ကျွန်တော့်အတွက်၊ မိသားစုအတွက် လောကကြီးမှာ ကျွန်တော် ပိုက်ဆံရှာနေခြင်း မဟုတ်ပေ။ အကယ်၍ ကျွန်တော်သာ ဤအတွက် ရှာခဲ့လျှင် ကျွန်တော် သိပ်ချမ်းသာသူ ဖြစ်နေပေလိမ့်မည်။ သို့သော် တစ်ချိန်တည်း မှာပင် ဗလာဟောင်းလောင်း ကျွန်တော် ခံစားနေရလိမ့်မည်။ ဒေဝူးကို ကျွန်တော်ပိုင်အဖြစ် ဘယ်တုန်းကမှ မစဉ်းစားခဲ့ဘူး ချေ။ ဒေဝူးကို ကျွန်တော်မပိုင်၊ ဒေဝူးကို စီမံခန့်ခွဲရာတွင် သာ ကျွန်တော် တစ်ဖက်ကမ်းခတ်၏။

ရိုးရိုးလေးပင် ဖြစ်သည်။ ကျွန်တော် ရှာသမျှ ငွေမှာ ကျွန်တော်ပိုင် မဟုတ်။ ထိုငွေများမှာ လူ့အဖွဲ့အစည်း အကျိုး ကို ထမ်းရွက်ကြမည့် စွမ်းရည်ထူးသော ပုဂ္ဂိုလ်များအတွက် သာ ဖြစ်သည်ဟု ကျွန်တော် သဘောထားသည်။ အကျိုးဆက် ကား ဒေဝူးဖောင်ဒေးရှင်းကို ကျွန်တော် တည်ထောင်နိုင်ခဲ့၏။ ထိုအချိန်က တန်ဖိုး ဒေါ်လာ ၃၇သန်း ကျွန်တော်ပိုင်သမျှ နီးနီးနှင့် ဖောင်ဒေးရှင်းကို ထူထောင်ခဲ့သော အကြောင်းရင်းမှာ စီးပွားရေး လုပ်ငန်းနှင့် ပိုက်ဆံကို သည်နည်းသည်ပုံ အတိုင်း သာ သုံးသင့်သည်ဟု တစ်သက်တာလုံး ခိုင်ခိုင်မြဲမြဲ ယုံကြည် ချက်ကြောင့်ပင် ဖြစ်သည်”

မယုံမရှိပါနဲ့။ အဲဒါ အရင်းရှင်လို့ ဟိုတုန်းက ခေါ်ခဲ့ကြ ဖူးတဲ့ လုပ်ငန်းရှင်တစ်ယောက်ရဲ့ သဘောထားနဲ့ လုပ်ဆောင် ချက်တွေပါ။ လွန်ခဲ့တဲ့ နှစ်တစ်ရာလောက်တုန်းက စိတ်ကူး ယဉ် ဆိုရှယ်လစ်အဖြစ် သတ်မှတ်ခံခဲ့ရတဲ့ ရောဘတ်အိုဝင် တို့ကို သတိရမိသေးတော့။ ကင်ဝူချွန်းက ကံကောင်းတယ်။ စွပ်စွဲမယ့်သူတွေ အခုမရှိကြတော့ဘူး။

ကင်ဝူချွန်းဟာ အကျိုးရှိတဲ့ ဓာတ်ပြုမှုတွေကို အတော်များများ ပြုလုပ်ခဲ့သူပါ။

အဲဒီလို ဓာတ်ပြုမှုတွေ လုပ်ဆောင်ရာမှာ ပိုက်ဆံဆိုတဲ့ ဓာတ်ကူပစ္စည်းကို အမြော်အမြင်ရှိရှိနဲ့ ထိထိရောက်ရောက် အသုံးချခဲ့သူလည်း ဖြစ်ပါတယ်။

အခုဆိုရင် ဒေဝူးဖောင်ဒေးရှင်းဟာ ရော့ဖဲလား ဖောင်ဒေးရှင်း၊ ဂျပန် ဖောင်ဒေးရှင်းတွေလိုပဲ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံပညာ၊ ယဉ်ကျေးမှုနဲ့ သုတေသနဆိုင်ရာ လုပ်ငန်းတွေမှာ ထိထိရောက်ရာက် ကူညီဆောင်ရွက်နေပါပြီ။ ဒီလိုစိတ်ဓာတ်၊ ဒီလို လူမျိုးတွေရှိတဲ့ တောင်ကိုးရီးယားဟာ ဒုတိယကမ္ဘာစစ်အပြီး သုညဘဝကနေ နှစ်ပေါင်း (၄၀) အတွင်းမှာ ကမ္ဘာ့အဆင့်မီ နိုင်ငံတစ်နိုင်ငံ ဘဝရောက်လာရတာ ဘာများ ထူးဆန်းပါသလဲခင်ဗျာ။

✕✕✕ ✕✕✕ ✕✕✕

(၇)

ကျွန်တော့်အဘိုး ဦးကြွက်နီက သူ့ခေတ်အခါအလျောက်တော့ လူချမ်းသာ စာရင်းဝင်ပါ။ လယ်ယာချောင်းမြောင်း၊ ဆန်စက်၊ ဆီစက်၊ သစ်စက်တွေနဲ့ ကျွန်တော်တို့ မြို့မှာတော့ မြို့မျက်နှာဖုံးပေါ့။ အသက် ၇၀ ကျော်ပေမယ့် 'ဟဲ့' သံအတော်ပြင်းပါတယ်။ သားသမီးမြေးမြစ်တွေနဲ့ ဆွေမျိုး အသိုင်းအဝိုင်းတွေဆိုတာ သူ့ 'ဟဲ့' သံ တစ်ချက် ထွက်ရင် အားလုံးငြိမ်ရတာပဲ။ ပိုက်ဆံက 'ဟဲ့' သံကို ပြင်းစေသကိုး။

ဦးကြွက်နီက အလှူအတန်းလည်း ဝါသနာပါတယ်။ အထူးသဖြင့် ဘာသာရေး အလှူအတန်းတွေကို အားစိုက်ပြီး

လှူလေ့ရှိတယ်။ ဘုရားဒကာ၊ ကျောင်းဒကာ၊ တန်းဆောင်ဒကာ၊ တံတိုင်းဒကာပါ။ တစ်နေ့တော့ အိပ်မက်ရလို့ ဆိုပြီး ဘုန်းကြီးကျောင်း တစ်ဆောင် ဆောက်လုပ်လှူဒါန်းဖို့ ပြင်ဆင်ပါတယ်။ ရွာပြန်ပြီး တောင်ကျောင်းမှာ ကျောင်းဆောက်မယ်ပေါ့။ ရွာရောက်တော့ တောင်ကျောင်းဆရာတော် ဦးပညာသာမိကို ကျောင်းလှူချင်တဲ့အကြောင်း လျှောက်ထားလိုက်တယ်။ ဦးပညာသာမိက စာတတ်အကျော်။

ဦးကြွက်နီ လျှောက်ထားအပြီးမှာ ဆရာတော်က ...

"ဒကာကြီး ကျုပ်မှာ ကျောင်းမလိုပါဘူး။ အခုနေတဲ့ ကျောင်းကြီးကိုက ကျယ်လှကြီးလှပါပြီ"

"မှန်ပါ ဒါပေမယ့် တပည့်တော်က လှူချင်သဖျာ့"

"လှူချင်ရင် ကျုပ်ကို မလှူနဲ့။ အခုရွာမှာ စာသင်ကျောင်းဆောက်ဖို့ လုပ်နေကြတယ်။ အင်အားမရှိတော့ အတော်ခက်ခဲနေတယ် ကြားရတယ်။ အဲဒီအတွက် တာဝန်ယူလိုက်ပါလား ဒကာကြီးရယ်"

"တပည့်တော် အလှူငွေအများဆုံး ထည့်ထားပါတယ် ဘုရား။ ငွေငါးရာ မတည်ပေးထားပါတယ်"

"ဘုန်းကြီးပြောတာက ကျုပ်အတွက် ကျောင်းဆောက်မယ့်ငွေကို စာသင်ကျောင်းလေး ဖြစ်သွားဖို့အတွက် သုံးဖို့ပြောတာပါ"

"တပည့်တော်ကတော့ ဘုန်းကြီးကျောင်းပဲ လှူချင်တယ် ဘုရား။ တိုက်ကျောင်းကြီးဆောက်ဖို့ တပည့်တော် စိတ်ကူးထားတာပါ။ အရှင်ဘုရားလို ပုဂ္ဂိုလ်မျိုးအတွက် သစ်သားကျောင်းထက် တိုက်ကျောင်းနဲ့ သီတင်းသုံးရတာက ပိုပြီး တင့်တယ်ပါတယ် ဘုရား"

"ဟာ ... ဒကာကြီး ရဟန်းတို့မည်သည် နေရာဌာန မရွေးရဘူး။ လိုအပ်လာရင် သစ်တစ်ပင်ရိပ်၊ ဝါးတစ်ပင်အောက် မှာလည်း သီတင်းသုံးရတာပဲ။ ကျုပ်ကလည်း တိုက်ကျောင်း တွေ ဘာတွေ မနေချင်ပါဘူး"

"တပည့်တော် အသက်ကြီးပါပြီ ဘုရား၊ မသေခင် ကိုယ့်အတွက် ပါသွားအောင်တော့ လုပ်ချင်ပါတယ်"

"အို .. အလှူဒါနဆိုတာ ကိုယ့်အတွက်ပါအောင် လုပ် တာ မဟုတ်ဘူး။ လွတ်လွတ်ကျွတ်ကျွတ် စေတနာသန့်သန့်နဲ့ ကိုယ်ကျိုးစွန့်တာကို ခေါ်တာ။ ကျုပ်အတွက်က ဘယ်မှာ ဘယ်လိုနေရ နေရ အကျိုးမထူးဘူး။ နောင်လာနောက်သား အများအတွက် အကျိုးရှိမယ့် ကိစ္စကိုလုပ်မှ ကိုယ့်အဖို့ရော အများအတွက်ပါ အကျိုးထူးတော့မပေါ့ ဒကာကြီးရဲ့၊ ဒကာကြီး မလှူတတ်သေးပါဘူး"

တစ်သက်လုံး အလှူရေစက် လက်နဲ့မကွာ နေလာခဲ့ တဲ့ ဦးကြွက်နီက ဆရာတော်ရဲ့ 'မလှူတတ်သေးပါဘူး' ဆိုတဲ့ စကားအဆုံးမှာ မျက်နှာမည်းခနဲ ဖြစ်သွားပါတယ်။ "တင်ပါ အလှူကို လက်မခံရင်လည်း မလှူရုံပေါ့ ဘုရား" လို့ ခပ်ပြတ် ပြတ်ပြောပြီး နေရာက စုတ်ခနဲထ ကျောင်းပေါ်က ဆင်းသွား ပါရော။

ဦးကြွက်နီ ဘာလုပ်တယ် ထင်ပါသလဲ။

မြောက်ကျောင်းမှာ တိုက်ကျောင်းကြီး ခမ်းနားကြီးကျယ် စွာ ဆောက်ပြီး လှူလိုက်ပါသတဲ့။

အခုဆိုရင် ဦးကြွက်နီတစ်ယောက် နတ်ဘုံနတ်နန်းမှာ နတ်သမီး တစ်ဖက်ငါးရာ ခြံရံပြီး နတ်စည်းစိမ် ခံစားနေရော ပေါ့။

ဒါပေမယ့် သူ့ရှာကလေးကတော့ အခုအချိန်ထိ အရင်အတိုင်း ဒုံရင်းဒုံရင်းပါပဲ။

✕✕✕ ✕✕✕ ✕✕✕

(၈)

စိတ်ချမ်းမြေ့မှုဆိုတာ အတတ်ပညာတစ်ရပ်ပါ။

ဘာအတတ်ပညာလဲ မေးရင် ဘဝမှာ နေနည်းထိုင်နည်း အတတ်ပညာလို့ ဆိုရပါမယ်။

အဲဒီအတွက် အသိဉာဏ်ပညာ လိုပါတယ်။

စစ်မှန်တဲ့ ဉာဏ်ပညာဟာ စိတ်ချမ်းမြေ့မှုအတွက် အဖိုးအခပါပဲ။

ဘဝမှာ အဓိကနဲ့ သာမညကို ဉာဏ်ပညာက ခွဲခြားပေးတာပါ။ လူတစ်ယောက်အဖို့ ကိုယ့်ဘဝ ကိုယ်ကျေနပ်နိုင်ဖို့ အရေးကြီးပါတယ်။ ဒီလို ဆိုလိုက်ခြင်းဟာ 'ဖြစ်သမျှအကြောင်း အကောင်း' လို့ ဖြေတွေးတွေးဖို့ မဟုတ်ဘူး။ ပေါ်လီယာနာထုံးကို နှလုံးမူတာ မဟုတ်ဘူး။ နိုင်လိုသူကို အရှုံးပေး နှလုံးအေးတဲ့ဆေးကို ညွှန်းနေတာ မဟုတ်ဘူး။ ကိုယ်ရွေးချယ်လိုက်တဲ့ ဘဝပုံစံ အပေါ်မှာ နောင်တတရား မရပါစေနဲ့လို့ ပြောလိုခြင်းသာ ဖြစ်ပါတယ်။ 'ငါတို့က ဘဝကို မရွေးချယ်နိုင်ပါဘူး။ ဘဝကသာ ငါတို့ကို ရွေးချယ်သွားတာပါ' လို့တော့ ဘယ်တော့မှ မယူဆလိုက်ပါနဲ့။ ခင်ဗျား ရွေးချယ်နိုင်တယ်။ ရွေးချယ်နိုင်ဖို့အတွက် ဉာဏ်ပညာလိုတယ်။ ကိုယ့်ကိုယ်ကို သိဖို့လိုတယ်။ သေချာမှုတစ်ခု လိုတယ်၊ ပိုင်းဖြတ်မှုနဲ့ သတ္တိလိုတယ်။ မေတ္တာနဲ့ ပရစိတ်ထားရှိဖို့ လိုတယ်။ စိတ်ချမ်းမြေ့တယ်ဆိုတာ

ဒါတွေအားလုံး စုပေါင်းခံစားမှုရဲ့ အကျိုးသွားတစ်ခုပါပဲ။ ပိုက်ဆံဆိုတာကတော့ ခံစားမှု ထိရောက်မြန်ဆန်အောင် သုံးစွဲတဲ့ ခံစားမှုပစ္စည်းပေါ့။

ပိုက်ဆံနဲ့ စိတ်ချမ်းမြေ့မှုဟာ တစ်ခုရှိရင် တစ်ခု မရှိတဲ့ ဆန့်ကျင်ဘက်အရာတွေ မဟုတ်ပါဘူး။ လူတစ်ယောက်မှာ ဒီနှစ်ခုလုံး ရှိနိုင်သလို တစ်ခုမှ မရှိဘဲလည်း ဖြစ်နိုင်ပါတယ်။ ဆန့်ကျင်ဘက် မဟုတ်သလို ညီမျှခြင်း ချလို့လည်း မရတဲ့ အရာနှစ်ခုပါ။

ပိုက်ဆံမရှိတာ မကောင်းပါဘူး။

ပိုက်ဆံတွေ ရှိရုံရှိနေတာလည်း အလကားပါပဲ။

ဘဝရဲ့ ချမ်းမြေ့သုခဟာ လောကအတွက် အသုံးဝင်သူ တစ်ဦး ဖြစ်ရတဲ့ အဖြစ်ထဲမှာ တည်ပါတယ်။

xxx xxx xxx

(၉)

အခုအထိ ပြောလာခဲ့တဲ့ ချမ်းမြေ့သုခအကြောင်းဟာ လောကီနယ် လောကီကိစ္စထဲမှာ ရရှိအပ်တဲ့ ချမ်းမြေ့သုခ အကြောင်းပါ။

တကယ် စစ်မှန် စိတ်ချရတဲ့ ချမ်းမြေ့သုခကတော့ လောကုတ္တရာ နယ်ပယ်မှာသာ ရရှိအပ်တဲ့ မဂ်ဖိုလ် အငြိမ်းခံစား ကြီးပါပဲ။ သူတော်ကောင်းတို့ရဲ့ ဘဝပန်းတိုင်ကြီးပါ။

xxx xxx xxx

(၁၀)

ကဲ .. ထူးဖေသစ်ဆိုတဲ့ ငတိက လူတတ်ကြီးလုပ်ပြီး ကြီးကြီးကျယ်ကျယ် ပိုက်ဆံအကြောင်း၊ ချမ်းမြေ့သုခအကြောင်း ဆွေးနွေးတာတော့ ဟုတ်ပါပြီ။ မင့်မှာကော ပိုက်ဆံကော ချမ်းမြေ့သုခကော ပြည့်စုံနေပြီလား မေးစရာ ရှိပါတယ်။

ဟုတ်ကဲ့။ ကျွန်တော့်မှာ စိတ်ဝင်စားမိလို့သာ ပြောရ ပါတယ်။ စားဝတ်နေရေးနဲ့ မဂ္ဂဇင်းအလုပ်ကြားမှာ ဗျာများ၊ ဒေါသတွေ၊ မောဟတွေ၊ သောကတွေ ဖိစီးပြီး အဲဒီနှစ်ခုလုံး တစ်ခုမှ မရှိလေတာကြောင့် တစ်ခါတစ်ခါ ကိုယ့်ကိုယ်ကို 'ဟေးလားမောင်ရို .. ဝါး' လို့ အော်အော်ပြီး ကွေးနေအောင် မကမိဖို့ တော်တော်ကြီး သတိထားနေရကြောင်းပါခင်ဗျာ။

၁၉၉၁၊ ဇွန်

-ဖ- -ဖ- -ဖ-

# အံ့သွားနှစ်ချောင်း၏
# အတ္တုပ္ပတ္တိ

တကယ်လို့များ
ဒီရုပ်ကြွင်းတွေရဲ့ သက်တမ်းဟာ
အာဖရိကထက်များ
စောခဲ့မယ်ဆိုတာ သေချာခဲ့ရင်
လူ့ဆင့်ကဲဖြစ်စဉ်သမိုင်းကြီးကို
အသစ်တဖန် ပြန်လည်ရေးသားကြရတော့မှာပါ။

## (၁)

"ဖေဖေ လူတွေ ဘယ်က ဖြစ်လာတာလဲ ဟင်"

ရေးလက်စ ဘောလ်ပင်ကို လွှတ်ချပြီး သားကြီးကို အလန့်တကြား လှမ်းကြည့်လိုက်တော့ အရုပ်တွေကြားမှာ ထိုင်နေတဲ့ ငါးနှစ်အရွယ် သားကြီးရဲ့ ရိုးသားစွာ လေးနက်နေတဲ့ မျက်နှာကို တွေ့လိုက်ရပါတယ်။ မျက်ဝန်းအစုံက သိချင်စိတ်နဲ့ ရွှန်းလက်လို့။

အလို ... ငါ့သားကြီး ဒီမေးခွန်းကို မေးပြီ။ မေးတတ်ပြီ။ မေးရကောင်းမှန်း သိလာပြီ။ ပတ်ဝန်းကျင်ကို စူးစမ်းလာပြီ။ သဘာဝတ္တကြီးကို စိတ်ဝင်စားလာပြီ။ သူ့ကိုယ်သူ ငါဘယ်သူလဲ၊ ဘယ်က လာသလဲ သိချင်လာပြီ။ ကိုယ့်ကိုယ်ကို စူးစမ်းခြင်းနဲ့ ဝန်းကျင်ကို စူးစမ်းခြင်းဆိုတဲ့ အင်မတန် ကြီးကျယ်ခမ်းနားတဲ့ အလုပ်ကို ငါ့သား စလုပ်ပြီ ဆိုပြီး အဲဒီခဏမှာ ဖအေကြီး ကျွန်တော် ဝမ်းသာပီတိ ဖြစ်သွားလိုက်ရတာ။ ရင်ထဲမှာ စိမ့်ခနဲ။

ကျွန်တော့်သားကြီး မစဉ်းစားမှာ၊ မစူးစမ်းမှာ၊ မသိချင်မှာ၊ မတွေးခေါ် မဆင်ခြင်မှာကို ကျွန်တော် အင်မတန်ကြောက်ပါတယ်။ ဘာမဆို သူများခိုင်းတာကိုပဲ နာခံတတ်ပြီး ကိုယ်တိုင် ဖန်တီး တီထွင်နိုင်စွမ်း ကင်းမဲ့သွားမှာ ကျွန်တော် စိုးရိမ်ပါတယ်။ သားဟာ လူညံ့ မဖြစ်စေရဘူး။ ဖအေ့ထက် ထက်မြက်တဲ့ သားမျိုးဖြစ်ရမယ်။

အခု .. အဲဒီသားက အင်မတန် ကြီးကျယ်တဲ့ မေးခွန်းကြီးကို မေးပါပြီ။ လူဘယ်က ဖြစ်သလဲ တဲ့။

ကျွန်တော် ဘယ်လို ဖြေရပါ့မလဲ။

သွားလေသူ ဆရာသိပ္ပံမောင်ဝရဲ့ 'ချိတ်ပုံကြော' ဆောင်းပါးက ခေါင်းထဲကို ဖျတ်ခနဲ ရောက်လာပါသေးတယ်။

ကျွန်တော် ငယ်ငယ်ကလည်း အမေ့ကို ဒီမေးခွန်း မေးခဲ့ဖူးတာပါပဲ။ လူတိုင်းလိုလိုလည်း မေးခဲ့ကြဖူးမယ် ထင်ပါတယ်။ အမေက 'ဗြဟ္မာကြီး လေးဦးက ပေါက်ဖွားလာတာ သားရဲ့' လို့ ဖြေတော့ ဗြဟ္မာဆိုတာ ဘာမှန်းမသိပေမယ့် အမေပြောရင် ဟုတ်မှာပါပဲ ဆိုပြီး ကျွန်တော် ဆက်မမေးခဲ့ပါဘူး။ ဒါပေမယ့် သားကြီးကတော့ ကျွန်တော့်လို ဟုတ်မယ် မထင်ဘူး။ ဗြဟ္မာဆိုတာ ဘာလဲ ဆက်မေးလိမ့်ဦးမယ်။ နားကင်းကြီးနဲ့ မိုးပေါ်က ပုဂ္ဂိုလ်ဆိုရင်လည်း နားကင်းဆိုတာ ဘာလဲ၊ ဘာဖြစ်လို့ မိုးပေါ်ရောက်နေရသလဲ ဆိုတာတွေ ဆက်လာမှာဆိုတော့ အဲဒီလို အလွယ်တကူ ဖြေလို့ မရလောက်ပါဘူး။ အာဒမ်နဲ့ဧဝဘက် လှည့်လို့လည်း မလွယ်လောက်ဘူး။ 'ချိတ်ပုံကြော' ဆောင်းပါးထဲက မောင်လူအေးနဲ့ မောင်လူမွေးတို့ သားအဖထက် ပြဿနာ ပိုကြီးသွားနိုင်ပါတယ်။

ဒီတော့လည်း ကိုယ့်အန္တရာယ် ကိုယ်ကာကွယ်သော အားဖြင့် အမှန်အတိုင်း ပြောဖို့ ဆုံးဖြတ်လိုက်ရပါတယ်။

"အင်း ... ဖေဖေလည်း သားလိုပဲ သိချင်နေတာပါပဲ သားရယ်"

သားကြီးက ကျွန်တော့်အဖြေကို သိပ်ကျေနပ်ဟန် မတူဘူး။ မျက်မှောင်ကုတ်ပြီး စဉ်းစားနေတယ်။ ခဏနေတော့ သူ့အရုပ်တွေဆီ အာရုံပြန်ရောက်သွားတော့တယ်။

ကျွန်တော် စိတ်မကောင်းပါဘူး။ ဒါပေမယ့် ဒီကိစ္စက သက်ဆိုင်ရာ ပညာရှင်တွေတောင် ခပ်ရေးရေးပဲ မှန်းဆနိုင်ကြပြီး အခုထိ ငြင်းကြခုန်ကြတုန်းဆိုတော့ ကျွန်တော့်အဖြေဟာ မလွန်တန်ကောင်းပါဘူး။ ပြီးတော့ ခပ်လွယ်လွယ်နဲ့ ပြီးပြီးရော ဆိုပြီး တွေ့ကရာ အဖြေတွေလည်း ကလေးရဲ့ အသိထဲ ရောက်မသွားစေချင်ဘူး။

အမှန်တကယ် ဖြေချင်တဲ့ အဖြေက ကျွန်တော့်ရင်ထဲမှာ ရှိပါတယ်။

"သားရေ လူအစ ဘယ်ကလဲ ဆိုရင် ဟောဒီ ဖေဖေ တို့ အာရှတိုက်ကြီးက စတာဖြစ်နိုင်သကွ။ အထူးသဖြင့် ဟောဒီ ဖေဖေတို့ မြန်မာနိုင်ငံတော်ကြီးက စတာ ဖြစ်နိုင်သကွ၊ အထူးသဖြင့် ဟောဒီ ဖေဖေတို့ မုံရွာခရိုင်တစ်ဝိုက်က စတာ ဖြစ်နိုင်သကွ" လို့ သားကြီး စိတ်နေမြင့်သွားအောင် အားပါးတရ ကျွန်တော် ပြောချင်လိုက်တာ။

အဲသလို ပြောနိုင်ဖို့ အကြောင်းတွေကလည်း ရှိခဲ့ပေသကိုး။

XXX XXX XXX

(၂)

၁၈၅၉ ခုနှစ်မှာ ချား(စ)ဒါဝင်က 'မျိုးစိတ်တို့၏ မူလ အစ' (The Origin of Spieces) လို့ အမည်ရတဲ့ စာအုပ်ကို ရေးသား ထုတ်ဝေလိုက်တော့ ကမ္ဘာတစ်ဝှမ်းလုံး ရုတ်ရုတ်သဲသဲ ပွက်လောရိုက်သွားလိုက်တာ။ ကဖေးဆိုင်တွေ၊ အရက်ဆိုင်တွေမှာတောင် အာပေါင်အာရင်းသန်သန်နဲ့ မပြီးနိုင် မစီးနိုင် ဆွေးနွေးငြင်းခုန်စရာ ခေါင်းစဉ်တစ်ခု ရသွားခဲ့ကြတဲ့ အထိပါပဲ။ ကန့်ကွက်သံ၊ ရှုတ်ချသံ၊ ထောက်ခံသံတွေနဲ့ ကမ္ဘာကြီးဟာ တော်တော်လေး ဝေဝေစည်စည် စိုစိုပြေပြေလေး ဖြစ်သွားခဲ့ပါတယ်။ လူရယ်လို့ ဖြစ်လာကတည်းက (ဖန်ဆင်းခံရတယ်လို့ ဆိုသူက ဆိုကတည်းက) လက်ရှိပုံသွင်အတိုင်း အခုထိ အပြောင်းအလဲ မရှိဘဲ ဖြစ်တည်နေတယ်ဆိုတဲ့ အစဉ်အလာ ယုံကြည်မှုထဲမှာ နစ်ဝင်နေခဲ့ကြရာက လူဟာ အဆင့်နိမ့်တဲ့ ကျောရိုးရှိသတ္တဝါ တစ်မျိုးကနေ သဘာဝ ရွေးချယ်မှုအရ တဖြည်းဖြည်း ပြောင်းလဲ ဖွံ့ဖြိုးတိုးတက်လာသူ ဖြစ်တယ်လို့ ဒါဝင်က ရဲရဲတောက် ဆိုလိုက်တဲ့အခါ အဟောင်းသမားတွေ ဆတ်ဆတ်ခါသွားကြတော့တာပါပဲ။ ပြင်းပြင်းထန်ထန် ဝေဖန်၊ ကန့်ကွက်၊ ရှုတ်ချ၊ ပုတ်ခတ်ကြတော့တာပါပဲ။

ဒါပေမယ့် လူဟာ ကိုယ်ကိုယ်တိုင်ရဲ့ မူလဇစ်မြစ်ကို သိချင် အံ့ဩချင်သေးတယ်လေ။ အထူးသဖြင့် ပညာရှင်တွေ။

၁၈၅၆ ခုနှစ်က ဂျာမနီမှာ နီယင်းဒါးသဲ (Neanderthat) အရိုးစုကို တွေ့ချိန်က စပြီး ရှေးဟောင်းဗေဒသမားတွေ၊ မနုဿဗေဒ သမားတွေဆိုတာ အာဖရိက၊ ဥရောပနဲ့ အာရှ တစ်လွှား နေရာအနှံ့ တူးကြဆွကြတော့တာပါ။ အဲဒီအချိန်က ဒါဝင်ဟာ သူ့စာအုပ်ကို မထုတ်ဝေရသေးဘူး။ ဆင့်ကဲ ပြောင်း

လဲခြင်း ဖြစ်စဉ်အယူအဆဟာ လက်တစ်ဆုပ်စာ သိပ္ပံပညာရှင်တွေကြားမှာ ခပ်ဝါးဝါးပဲ ရှိနေသေးတာ။ နောက်သုံးနှစ်အကြာ ဒါဝင် သီအိုရီလည်း ထွက်ပေါ်လာရော သက်ဆိုင်ရာပညာရှင်တွေက လေ့လာကြ၊ စူးစမ်းကြ၊ ရှာဖွေကြနဲ့ တဖြည်းဖြည်း ဝေဖန် ငြင်းခုန်သံတွေ ကြီပါးသွားပါတယ်။ ဆင့်ကဲဖြစ်စဉ်ကို ထောက်ခံတဲ့ ကျောက်ဖြစ်ရုပ်ကြွင်း သက်သေတွေ ပေါ်ထွက်လာတာကိုး။

လူရဲ့ အဆင့်ဆင့် ပြောင်းလဲလာပုံကို လေ့လာခဲ့ကြတာ အခုဆိုရင် နှစ် ၂၀၀ လောက်ရှိပါပြီ။ ပရိုင်းမိတ် (Primates) လို့ ခေါ်တဲ့ ကျောရိုးရှိ သတ္တဝါမျိုးနွယ်တစ်ခုဟာ ဒီနေ့ လူ၊ လူဝံ၊ မျောက်၊ မျောက်ဝံတို့ ဖြစ်ပေါ်လာရာ ဆင့်ကဲပြောင်းလဲမှုရဲ့ အစလို့ ပညာရှင်များက ယူဆကြပါတယ်။ ပရိုင်းမိတ်မှာ အဆင့်နိမ့် ပရိုင်းမိတ် (Lower Primates) နဲ့ အဆင့်မြင့် ပရိုင်းမိတ် (Higher Primates) ရယ်လို့ နှစ်မျိုးရှိသတဲ့။ လူ၊ လူဝံ၊ မျောက်၊ မျောက်ဝံတို့ဟာ အဆင့်မြင့် ပရိုင်းမိတ်ကနေ ဆင်းသက်လာကြတာ။ ပရိုင်းမိတ် ရုပ်ကြွင်းတစ်ခုဟာ အဆင့်နိမ့်လား၊ အဆင့်မြင့်လားဆိုတာ အံသွားတွေနဲ့ သွားဖွဲ့စည်းတည်ဆောက်ပုံက အဆုံးအဖြတ် ပေးနိုင်ပါသတဲ့။ အဆင့်နိမ့် ပရိုင်းမိတ်မှာ အံသွား သုံးချောင်းရှိပြီး အဆင့်မြင့်မှာတော့ အံသွား နှစ်ချောင်း ရှိလေရဲ့။

လူတူပရိုင်းမိတ် (Anthropoid Primates) တွေကို ကမ္ဘာသစ်နဲ့ ကမ္ဘာဟောင်းဆိုပြီး ခွဲခြားထားသေးတယ်။ ကမ္ဘာသစ်ဆိုတာက မြောက်နဲ့တောင်အမေရိကတိုက်ပါ။ ကမ္ဘာဟောင်းကတော့ အာရှ၊ ဥရောပနဲ့ အာဖရိကတိုက်တွေပေါ့။ လူ၊ လူဝံ၊ မျောက်၊ မျောက်ဝံတွေဟာ ကမ္ဘာဟောင်းမှာ စတင် ဖြစ်ပေါ်ခဲ့တာပါ။

လွန်ခဲ့တဲ့ နှစ်ပေါင်း သန်း ၂၀၀ လောက်မှာ နို့တိုက် သတ္တဝါရဲ့ အစလို့ဆိုနိုင်တဲ့ 'ပီလိုင်ကိုဆော' လို့ ခေါ်တဲ့ တွားသွားသတ္တဝါငယ်တစ်မျိုး ရှိခဲ့တယ်။ သူက ဥလည်းအု၊ နို့လည်း တိုက်တဲ့ သတ္တဝါ။ အဲဒီကမှ တစ်ဆင့် အကောင်လိုက်သားဖွားတဲ့ 'ရွှေ့' ဆိုတဲ့ နို့တိုက်သတ္တဝါအဖြစ် ကူးပြောင်းခဲ့တယ်။ အဲဒါ ကမ္ဘာပေါ်မှာ ဒိုင်နိုဆောကြီးတွေ နှစ်သန်းပေါင်း ၆၀ ကျော်လောက် လွှမ်းမိုးခဲ့တဲ့ အချိန်မှာပေါ့။ အဲဒီ 'ရွှေ့' ဟာ ဒိုင်နိုဆောကြီးတွေ အကြားမှာ ပြေးလွှားပြီး အစာရှာဖွေရတဲ့ သစ်ပင်နေ သတ္တဝါ ဖြစ်ခဲ့တယ်။ အဲဒီကမှ တစ်ခါ လီမာ (Lemurs) ပြီးတော့မှ တာစီရာ (Tasiers) ဆိုတဲ့ သတ္တဝါတွေ အဖြစ် ပြောင်းလဲပြီး ကမ္ဘာသစ်မျောက် (New World Tasiers) နဲ့ ကမ္ဘာဟောင်းမျောက် (Old World Tasiers) ဆိုပြီး နှစ်မျိုး ကွဲသွားတာပါ။ အဲဒီနှစ်မျိုးထဲက ကမ္ဘာဟောင်းမျောက်များက သာ လူမျိုးနွယ်နဲ့ ဆက်စပ်တယ်လို့ ပညာရှင်တွေက ဆိုပါတယ်။

ကမ္ဘာဟောင်းမျောက်ကမှ တစ်ဆင့် Propliopithecus (လွန်ခဲ့တဲ့ နှစ်သန်းသုံးဆယ်)၊ Dryopithecus (လွန်ခဲ့တဲ့ နှစ် ၂၅ သန်း)၊ Ramapithecus (လွန်ခဲ့တဲ့ နှစ် ၁၂ သန်း)၊ Australopithecus afarensis (လွန်ခဲ့တဲ့ နှစ် လေးသန်း)၊ Australopi-thecus africanus (လွန်ခဲ့တဲ့ နှစ် ၃.၅ သန်း)၊ Homo habilis (နှစ် နှစ်သန်း)၊ Homo erectus (၁.၅ သန်း နှစ်)၊ Homo neanderthalensis (နှစ်ငါးသိန်း) တို့ ဖြစ်ပေါ် ပြောင်းလဲပြီးမှ နောက်ဆုံး Homo apiens ဆိုတဲ့ ဒီနေ့လူတွေ ဖြစ်ပေါ်လာပါသတဲ့။ ဒါအကြမ်းသဘောပေါ့။

လူသားအဖြစ် ခရီးရှည် ချီတက်ပွဲကြီးကို ပွဲကြည့်ပရိသတ်အဖြစ် ကြည့်ရတာ အင်မတန် အံ့သြစရာ၊ ရင်ခုန်စရာကောင်းလှပါတယ်။ 'လူ့ပြည်က အပ်တင်စင်းနဲ့ ဗြဟ္မာ့ပြည်က အပ်တစ်စင်း ထိပ်ဖျားချင်း ထိမိဖို့ လွယ်ကောင်းလွယ်မယ်။ လူဖြစ်ဖို့ မလွယ်ဘူး' ဆိုတဲ့ မြန်မာစကားပုံဟာ လူဆင့်ကဲဖြစ်စဉ် သီအိုရီအတွက်လည်း မှန်နေတာပါပဲ။ လူသားအဖြစ်ဆီကို တန်းတန်းမတ်မတ်၊ ချောချောမွေ့မွေ့ ရောက်လာရတာမှ မဟုတ်ခဲ့တာကလား။ ကမ္ဘာဟောင်း မျောက်ကနေ ဟိုကွေ့သည်ကောက်၊ ဟိုဘက်ဖြာထွက်သွားလိုက်၊ သည်ဘက် ခွဲဆင်းလာလိုက်နဲ့ မျိုးစိတ်တွေ ကွဲကွဲသွားလိုက်တာ တချို့လည်းရောက်တဲ့ နေရာမှာပဲ ရပ်တန့်ပျောက်ကွယ်သွားကြ၊ တချို့လည်း ဆက်လက် ပြောင်းလဲကြနဲ့။ လူစစ်စစ်ဖြစ်လာဖို့အရေးလူနဲ့ မျောက်ဟာ ခွဲရေးတွဲရေးတွေ အများကြီး လုပ်ခဲ့ရတာပဲ။ ခွဲတော့မှာလိုလိုနဲ့ ချော်ထွက်သွားလိုသွား၊ တွဲမှာလိုလိုနဲ့ ရပ်တန့် ပျောက်ကွယ်သွားလိုသွား ဖြစ်ချင်သလို ဖြစ်ခဲ့ရတာမျိုးပါ။

ဒီလိုနဲ့ ကူးပြောင်းလာလိုက်တာ တစ်နေရာ အရောက်မှာတော့ လူနဲ့မျောက်ဟာ ပြတ်ပြတ်သားသား လမ်းခွဲထွက်သွားကြပါတော့တယ်။ ဒါပေမယ့် အဲဒီ ဆောင်ညှိပင်စခန်းကို သုတေသီတွေ ရှာမတွေ့ခဲ့ကြဘူး။ ဒါကြောင့် ဒီနေရာဟာ 'ပျောက်ဆုံးနေတဲ့ ကွင်းဆက်' **(Missing Link)** လို့ နာမည်ရခဲ့တာပါ။ အဲဒီ ပျောက်နေတဲ့ ကွင်းဆက်ကို ၁၉၇၄ ခုနှစ်ကျမှ တွေ့တာလို့ ပြောရပါမယ်။ တွေ့တဲ့နေရာက အီသီယိုးပီးယား။ တွေ့တဲ့လူက အခု ဘာကလေမှာရှိတဲ့ **IHO (Institute of Human Origins)** မှာ ဉက္ကဋ္ဌဖြစ်နေတဲ့ မနုဿဗေဒ ပညာရှင် ဒွန်နယ် ဂျိုဟန်ဆင်။ ထူးခြားတဲ့ ရှေးဟောင်း ပရိုင်းမိတ်

အရိုးစုကို တွေ့ခဲ့တာပါ။ အရိုးစုက ၆၀ ရာနှုန်းလောက် မရှိတော့ဘူး။ ဦးခေါင်းခွံ အစိတ်အပိုင်းကလည်း နည်းနည်းပဲ ကျန်တယ်။ ဒါပေမယ့် ဒီသတ္တဝါဟာ ၁.၀၇ မီတာ (သုံးပေခွဲခန့်) အရပ် မြင့်တယ်လို့ ပညာရှင်တွေ ပြောနိုင်ပါတယ်။ ဒီသတ္တဝါဟာ အရပ်ပုပေမယ့် အရေးကြီးတဲ့ လူ့အသွင်လက္ခဏာတစ်ခု ရှိနေတယ်။ အဲဒါကတော့ အပြည့်အဝ လမ်းလျှောက်နိုင်ခြင်းပါပဲ။ အရင်က တွေ့ခဲ့ရတဲ့ ပရိုင်းမိတ်မျိုးစုတွေနဲ့ ကွဲပြားတာ အဲဒါပဲ။

ဒီသတ္တဝါ လမ်းလျှောက်နိုင်တယ်လို့ ပြောနိုင်တာကတော့ သူ့ဒူးဆစ်တွေ တည်ဆောက်ပုံကို ကြည့်ပြီး သိရတာပါ။ လျှောက် နိုင်တာမှ ဖြောင့်ဖြောင့်ကြီးကို ,လျှောက်နိုင်တဲ့ ခြေထောက်ဖွဲ့စည်း ပုံပါ။ ဒီသတ္တဝါဟာ ဣတ္ထိယမိန်းမသား ဖြစ်မှာပဲလို့ ဂျိုဟန်ဆင် က ယူဆတာနဲ့ 'လူစီ' လို့ နာမည်ပေးလိုက်သတဲ့။ ဒီနာမည် လေး ပေးဖြစ်ပုံကလည်း တဲစခန်းမှာ ဒီရုပ်ကြွင်းကို စမ်းသပ် စစ်ဆေးနေတုန်း ဖွင့်ထားတဲ့ တိပ်ရီကော်တာက ဘီတဲလ်အဖွဲ့ ရဲ့ သီချင်းတစ်ပုဒ်ကို ဆိုနေတယ်လေ။ သီချင်းနာမည်က 'မိုးပေါ်မှာ စိန်ပွင့်တွေနဲ့ လူစီ' **(Lucy in the sky with Diamonds)** တဲ့။

ဒါပေမယ့် ဒါက အလွယ်ခေါ်၊ အရပ်ခေါ်ပါ။ သူ့ရဲ့ သိပ္ပံနာမည်ကတော့ အင်မတန် လျှာခလုတ်တိုက်ချင်စရာ ကောင်းလှပါဘိတယ်။ ဩစတြာလိုပိသီကပ် အဖာရင်းစစ် **(Australopithecus afarensis)** တဲ့။ သူ့သက်တမ်းကို လွန်ခဲ့တဲ့ နှစ် ၃.၉ သန်းလို့ သတ်မှတ်ကြပါတယ်။ ပုံသွင်ကတော့ လူထက်စာရင်း မျောက်နဲ့ ပိုတူနေသေးတယ်။ နောက်ထပ် အရိုးစုတွေ၊ ဦးခေါင်းခွံတွေ ပြည့်ပြည့်စုံစုံ တွေ့ရတဲ့အခါ လူစီဟာ ပျောက်နေတဲ့ ကွင်းဆက် ဖြစ်တယ်လို့ အခိုင်အမာ ဆို

လိုက်ကြပါတော့တယ်။ A. afarersis အထိးကတော့ အရပ်ငါးပေအောက်လောက် ရှိတယ်လို့ ခန့်မှန်းကြပါတယ်။ သူတို့ရဲ့ ခါးတွေ မတ်သွားတာ၊ ခြေနှစ်ချောင်းပေါ်မှာ လမ်းလျှောက်နိုင်တာ၊ လက်တွေ လွတ်လပ်သွားတာ ဒါတွေဟာ ရှင်သန်ကျန်ရစ်ရေးအတွက် သာမက တိုးတက်ဖွံ့ဖြိုးဖို့ကိုပါ အထောက်အကူ အများကြီး ပေးခဲ့တာပေါ့။

လွန်ခဲ့တဲ့ နှစ်သုံးသန်းနဲ့ နှစ်သန်းကြားမှာ A. afarensis (လူစီ) ကနေ သန်စွမ်းတဲ့ အုပ်စုငယ် သုံးမျိုး ထပ်ကွဲသွားပါတယ်။ A. afarensis က တစ်မျိုး၊ နောက်နှစ်မျိုးက Paranthropus boisei နဲ့ P.robustus ။ အဲဒီနှစ်မျိုးက လွန်ခဲ့တဲ့ နှစ်တစ်သန်းလောက်ကပဲ ရပ်တန့်ပျောက်ကွယ်သွားပါပြီ။ အဲဒီမှာ ရှင်သန် ကျန်ရစ်ခဲ့တဲ့ A.afarensis ကနေ လူအဖြစ်ကို စပြီး ပြောင်းတော့တာပေါ့။ လွန်ခဲ့တဲ့ နှစ်တစ်သန်းက အဲဒီ အပြောင်းအလဲဟာ ကမ္ဘာကြီးရဲ့ အနာဂတ် ကံကြမ္မာကို ဖန်တီးလိုက်တာပါပဲ။ A. africanus ကနေ Homo habilis ကို ကူးပြောင်းသွားခြင်းဟာ ကမ္ဘာကြီးအတွက် ကံကောင်းခြင်းလား၊ ကံဆိုးခြင်းလား ဆိုတာကတော့ ကိုယ့်အမြင်နဲ့ ကိုယ်ပဲပေါ့လေ။ ကမ္ဘာဂြိုဟ်ဟာ သူ့ကို လွှမ်းမိုး ခြယ်လှယ်လာတော့မယ့် လူဆိုတဲ့ သတ္တဝါကို အဲဒီအချိန်မှာ စတင် ရရှိလိုက်တော့တာကိုး။

လူစီ မတိုင်ခင် လွန်ခဲ့တဲ့ နှစ် ၂၅ သန်းလောက်က ပေါ်ထွန်းခဲ့တဲ့ Dryopithecus ရဲ့ ဆင့်ကဲမျိုးဆက်တွေကတော့ ဒီကနေ့ တွေ့နေရတဲ့ ဂေါ်ဇီလာ မျောက်တွေ၊ ချင်ပန်ဇီမျောက်တွေပါပဲ။ တကယ်လို့များ Dryopithecus ဟာ Ramapithecus (သူ့ရုပ်ကြွင်းကို အိန္ဒိယမှာ စတွေ့တာ) အဲဒီကမှ A.frarensis

ပြီးတော့မှ A.africanus အဖြစ် မကူးပြောင်းခဲ့ဘူးဆိုရင်ဖြင့် ဒီနေ့ ကမ္ဘာကြီးဟာ ချင်ပန်ဇီတို့ ပျော်စံရာ လောကကြီး ဖြစ်သွားနိုင်မယ်ဆိုရင် ရကောင်းရဲ့။

⋈ ⋈ ⋈

(၃)

လူအဖြစ်ကို ကုန်းရုန်းပြီး လျှောက်လှမ်းခဲ့ရတဲ့ ဖြစ်စဉ်ကြီးထဲမှာ Homo habilis ကို လူဖြစ်ပြီလို့ ဘာ့ကြောင့် သတ်မှတ်ခဲ့ရတာလဲ။

အဖြေကတော့ သူက လက်နက်ကိရိယာတွေ ဖန်တီးတတ်လို့ပါပဲ။ ဒါဆိုရင် ဒီနေ့ ချင်ပန်ဇီတွေလည်း လက်နက်ကိရိယာ သုံးတတ်စွဲတတ်သားပဲ၊ ဦးချိုတွေ အရိုးတွေနဲ့ တူးတတ်ဆွတတ်သားပဲ၊ တုတ်ချောင်းကို သုံးပြီး တွင်းထဲက ပုရွက်ဆိတ်တွေ ထွက်လာအောင် မျှားတတ်သားပဲလို့ ဆက်မေးစရာ ရှိပါတယ်။ ကွာခြားတာက H. habilis ဟာ လက်နက်ကို သုံးစွဲတတ်ရုံမကဘဲနဲ့ အသိဉာဏ် ရှေ့ဆောင်ပြီး လက်နက်ကိရိယာ အသစ်တွေကို တီထွင် ဖန်တီးတတ်တာပါ။ ကျောက်တုံးတွေကို ထုရိုက် ခွဲစိတ်ပြီး ကိုယ်လိုချင်သလို အသုံးချလို့ရအောင် ပုံဖော်တတ်လာပြီလေ။ သူ့ပုံသွင်က ယခင်မျိုးဆက်နဲ့ သိပ်မကွာခြားသေးပေမယ့် ဦးနှောက် ပိုကြီးလာတာ တွေ့ရပါတယ်။ သူက အသီးအရွက်ရော အသားပါ စားတယ်။ ခြသေ့်တွေ၊ ကျားသစ်တွေနဲ့ အစာအတွက်တော့ဖြင့် ယှဉ်ပြိုင်တိုက်ခိုက်တာတွေ မလုပ်တော့ဘူး။ အဲဒီ သားရိုင်းကြီးတွေ သတ်ဖြတ် စားသောက်ထားခဲ့တဲ့ သားကောင်ရဲ့ အသားကို ကျောက်လက်နက်တွေနဲ့ လှီးဖြတ်ယူပြီး ဘေးကင်းရာ ပြေးတော့

တာ။ လူလည်ကျလာပြီ ဆိုရမှာပေါ့။ ဒါကြောင့်လည်း ပညာရှင်တွေက သူ့နာမည်ကို ရှေ့က Homo တပ်ပြီး မှည့်ခေါ်ကြတာပါ။ Homo ဆိုတာ 'လူ' လို့ အဓိပ္ပာယ် ရတယ်လေ။

လွန်ခဲ့တဲ့ နှစ် နှစ်သန်းခွဲလောက်က ပေါ်ထွန်းခဲ့တဲ့ Homo habilis ဟာ ကမ္ဘာပေါ်မှာ နှစ်ငါးသိန်းကျော်လောက် နေသွားခဲ့ပါတယ်။ ဒီအတောအတွင်းမှာပဲ သူတို့ထဲက အုပ်စုတစ်စုဟာ တဖြည်းဖြည်းနဲ့ အရပ်ပိုရှည်လာ၊ ပိုသန်စွမ်းလာ၊ ပုံသွင် ပိုပြီး ပြေပြစ်လာတဲ့ Homo erectus ဘဝကို ရောက်လာပါတော့တယ်။ အရပ် ငါးပေခြောက်လက်မလောက်ရှိပြီး ခေတ်ပေါ်လူနဲ့ သိပ်မကွာခြားတော့တဲ့ ပုံသဏ္ဍာန် ဖြစ်လာပါပြီ။ နဖူးနိမ့်နိမ့်၊ မျက်ရိုးမောက်မောက်၊ မေးရိုးမြင့်မြင့်နဲ့ပါ။ ဦးနှောက်အိမ်ကတော့ နှစ်ကြာလေလေ ကြီးမားလာလေလေပါပဲ။ ဒါပေမယ့် ရှေးအကျဆုံး H. eretus (အရွယ်ရောက်ပြီး)ရဲ့ ဦးနှောက်က ဒီကနေ့ လေးနှစ်သားကလေးလေးရဲ့ ဦးနှောက်ထက် ပိုမကြီးပါဘူး။ ကျိုးကြောင်း ဆင်ခြင်တတ်မှု၊ ဖန်တီးတတ်မှုတွေဟာ လေးနှစ်သား ဦးနှောက်အတိုင်းပဲ ပေါ့။

နာမည်ကျော် ဂျာဗားလူ (Java man) နဲ့ ပီကင်းလူ (Peking man) တို့ဟာ H. erectus တွေပါ။ ဂျာဗားလူကို Eugene Dubois ဆိုတဲ့ ဒတ်ချ်လူမျိုး ဆရာဝန်တစ်ယောက်က အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းပေါ်က ဆိုလိုမြစ်ကမ်းဘေးမှာ တွေ့ခဲ့တာ။ ၁၈၉၀ ခုနှစ်မှာ။ ပီကင်းလူကိုတော့ ၁၉၂၉ ခုနှစ်မှာ တရုတ် မနုဿပညာရှင် Peo Wenshong က ဂူတစ်ခုထဲက တူးဖော် တွေ့ရှိခဲ့တာပါ။ ၁၉၅၀ ခုနှစ်ကျတော့ အာဖရိကမှာ တွေ့ရပြန်ရော။

အခုထိ တွေ့ခဲ့ရတဲ့ ရုပ်ကြွင်းတွေထဲမှာ အာဖရိကမှာ တွေ့ရတဲ့ **H.erectus** က သက်တမ်းအရင့်ဆုံးပါပဲတဲ့။ အာရှ ရုပ်ကြွင်းတွေက အများဆုံး နှစ်တစ်သန်းသာရှိပြီး အာဖရိက ရုပ်ကြွင်းက အနည်းဆုံး နှစ် ၁.၈ သန်း ရှိပါသတဲ့။

အဲဒီလို သက်တမ်းရှေးကျတာရယ်၊ **H.erectus** ရဲ့ လက်ဦး ရှေးဟောင်းမျိုးနွယ် အဆင့်ဆင့် ရုပ်ကြွင်းတွေဟာ အာဖရိကမှာပဲ သီးခြား တွေ့ရတာရယ်ကြောင့် လူမျိုးနွယ်တို့ စတင် ဖြစ်ပေါ်ရာ ဒေသကြီးဟာဖြင့် အာဖရိကတိုက်ကြီးပါပဲ လို့ သိပ္ပံပညာရှင်တွေ ကောက်ချက်ချ ယုံကြည်ခဲ့ကြတာဟာ ဒီနေ့အထိပါပဲ။

✕✕✕ ✕✕✕ ✕✕✕

(၄)

ယုံမယ်ဆိုရင်လည်း ယုံကြည်စရာပါပဲလေ။ လူမျိုးနွယ် ဆင့်ကဲပြောင်းလဲခြင်းဆိုင်ရာ အဓိက အကျဆုံး အထောက် အထားဖြစ်တဲ့ ကျောက်ဖြစ်ရုပ်ကြွင်း အဆင့်ဆင့်တွေက အာဖရိက မှာပဲ အများဆုံး တွေ့ခဲ့ကြရတာကိုး။

ကျောက်ဖြစ်ရုပ်ကြွင်းမျိုးစုံကို ကြုံကြိုက်သလို တွေ့နေ ခဲ့ကြရာက ၁၉၀၆ ခုနှစ်မှာ စိတ်ဝင်စားဖွယ် မေးရိုးတစ်ခုကို အာဖရိကတိုက် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့အနီး ဆာဟာရသဲကန္တာရ အစပ်က ဖယွမ် (**Fayum**) ဆိုတဲ့ ဒေသမှာ အမေရိကန် သဘာဝသမိုင်းပြတိုက်က အော်လ်ဆင် (**Olson**) ဆိုသူက တွေ့ လိုက်ပါတယ်။ အဲဒီရုပ်ကြွင်းရဲ့ သိပ္ပံနာမည်က **Aegy-ptopithecus Zeuxis** တဲ့။

၁၉၆၄-၆၆ မှာတော့ ယေးလ်တက္ကသိုလ်က အယ်ဝင် ဆိုင်မွန် (Elwyn Simons) ဦးဆောင်တဲ့ အဖွဲ့က အဲဒီရုပ်ကြွင်း အမျိုးအစားရဲ့ ဦးခေါင်းခွံနဲ့ အရိုးတွေ၊ မေးရိုးတွေ အပြည့်အစုံ ထပ်ပြီး တွေ့ရှိကြပါတယ်။ အဲဒီ Aegyptopithecus ရုပ်ကြွင်း ဟာ လူနဲ့မျောက်တို့ စတင် ဆင်းသက်ရာ အစောဆုံး ပရိုင်း မိတ် မျိုးနွယ်ပါတဲ့။ သူ့သက်တမ်းက နှစ်သန်းပေါင်း သုံးဆယ် ရှိခဲ့ပေတာကိုး။

အဲသလို အစောဆုံး အင်သရိုပွိုက် ပရိုင်းမိတ် ရုပ်ကြွင်း လည်း ရှိ၊ ခေတ်လူ Homo Sapians) ရဲ့ ရုပ်ကြွင်းတွေလည်း ရှိ၊ ကြားထဲက မျိုးနွယ်အဆင့်ဆင့်ရဲ့ ရုပ်ကြွင်းတွေလည်း ရှိနေ တော့ အာဖရိကတိုက်ကြီးဟာ လူမျိုးနွယ် စတင်ဖြစ်ထွန်းရာ ဒေသကြီးလို့ ပညာရှင်တွေက သတ်မှတ်ကြတာပေါ့။ လူမျိုး နွယ်ရဲ့ ပုခက်ကြီးလို့ တင်စားခေါ်ဝေါ်ခဲ့ကြတာပေါ့။

လူနဲ့မျောက် မျိုးနွယ်ဖြစ်လာမယ့် အစောဆုံး ကျောရိုး ရှိ အဆင့်မြင့် ပရိုင်းမိတ်ကနေ ဆင့်ကဲဆင့်ကဲ ပြောင်းလဲပြီး နောက်ဆုံး ရှေးဦးလူ Homo erectus အဆင့်ထိဟာ အာဖရိက တိုက်ကြီးအတွင်းမှာပဲ ဖြစ်ခဲ့သတဲ့။ အဲဒီအဆင့်ကျမှ ဒီလူတွေ ဟာ အာဖရိကတိုက်ကြီးထဲက ထွက်လာကြပြီး ကမ္ဘာနေရာ အနှံ့အပြား ပြန့်ကျဲရောက်ရှိသွား၊ တဖြည်းဖြည်းနဲ့ ခေတ်လူ (Homo Sapians) အဖြစ် ရောက်သွားတော့တယ်လို့ ဆိုပါ တယ်။ အာဖရိကတိုက်ထဲက H.erectus ထွက်လာတာဟာ လွန်ခဲ့တဲ့ နှစ် ၁.၈ သန်းလောက်ကပါတဲ့။ အာဖရိကတိုက် ထဲမှာပဲ H. Spainans အဆင့် ရောက်သွားတဲ့လူတွေ ကမ္ဘာ ကို ပျံ့နှံ့သွားတာကတော့ လွန်ခဲ့တဲ့ နှစ်တစ်သိန်းလောက်က လို့မှန်းကြလေရဲ့။ ဒါကတော့ ကမ္ဘာမှာ လူတွေပျံ့နှံ့ ရောက်

ရှိလာပုံ ပတ်သက်လို့ ပညာရှင်တွေ တစ်လျှောက်လုံး လက်ခံထားခဲ့ကြတဲ့ 'အာဖရိကမှ လာသည်' သီအိုရီ (Out of Africa Theory) ပါပဲ။

သို့ပေမယ့် နောက်ပိုင်း တွေ့ရှိချက်တွေက ဒီသီအိုရီကို လှုပ်ရမ်းပစ်လိုက်ပြန်ပါတယ်။

လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က တရုတ်ပြည်ထဲမှာ ခေတ်လူနဲ့ တူတဲ့ ဦးခေါင်းခွံကို တရုတ်သိပ္ပံပညာရှင်တွေက တွေ့ရှိခဲ့ကြပါတယ်။ ရုပ်ကြွင်းရဲ့ သက်တမ်းက အနည်းဆုံး နှစ်ပေါင်း နှစ်သိန်းတဲ့။ အဲဒီဒေသမှာ တွေ့ခဲ့ရသမျှ အစောဆုံး H. Sapians ရုပ်ကြွင်း နမူနာတွေရဲ့ သက်တမ်းထက် နှစ်ဆရှိနေတယ်။ ပြီးတော့ ဒီခေါင်းခွံက ခေတ်ပြိုင် အာရှသားတွေနဲ့ ပုံပန်း အတော်တူသတဲ့။ အဲဒီအကြောင်း ၁၉၉၄ ခုနှစ်က ထုတ်ဝေတဲ့ Nature စာစောင်မှာ ပါလာပါတယ်။

Nature ထက် တစ်ပတ်စောထွက်တဲ့ Science ဂျာနယ်မှာလည်း အံ့အားသင့်စရာ သတင်းတစ်ပုဒ် ပါလာပြန်ပါရော။ ဂျာဗားကျွန်းပေါ်က နေရာနှစ်နေရာမှာ အမေရိကန်နဲ့ အင်ဒိုနီးရှား ပညာရှင်တွေ တွေ့ရှိခဲ့ကြတဲ့ ခေါင်းခွံရုပ်ကြွင်းတွေရဲ့ သက်တမ်းကို ပြန်လည် ပြန်ဆင်လိုက်တဲ့ သတင်းပါ။ မူလ သတ်မှတ်ထားတဲ့ နှစ်တစ်သန်းအစား နှစ် နှစ်သန်းနီးပါးလို့ ပြင်ဆင်လိုက်သတဲ့။ အဲဒီ ရုပ်ကြွင်းတွေကတော့ H.erectus ရုပ်ကြွင်းတွေပါ။

ဒီလို အထောက်အထားသစ်တွေလည်း ရလာရော အငြင်းအခုန်တွေလည်း ဖြစ်လာပါလေရော။ အမြင်သစ်တွေလည်း ပေါ်လာကြတယ်။ ပညာရှင်အများစု လက်ခံထားကြသလို ခေတ်ပေါ်လူသားဟာ အာဖရိကတိုက်ထဲမှာသာ တိုးတက်

ဖွံ့ဖြိုးပြီး အပြင်ကို ပျံ့နှံ့တယ်ဆိုတာ မဟုတ်ဘူးတဲ့။ H. Sapians ဟာ ကမ္ဘာ့နေရာ အနှံ့မှာ တစ်ချိန်တည်း တစ်ပြိုင်တည်း ဖြစ်ပေါ်ခဲ့နိုင်တယ်တဲ့။ ဘာကြောင့်လဲဆိုတော့ အထက်ပါ အထောက်အထားတွေအရ H.erectus ဟာ အာဖရိကတိုက်ထဲက မူလထင်မှတ်ထားခဲ့ကြတာထက် နှစ်တစ်သန်းလောက် စောပြီး ထွက်ခဲ့လို့ပါတဲ့။ အဲဒါကတော့ အခုနောက်ပိုင်းမှာ ပေါ်ပေါက်လာတဲ့ 'ဒေသအနှံ့ မှန်းဆချက်' (Multiregional Hypothesis) ပါပဲ။

'အာဖရိကသီအိုရီ' သမားတွေကလည်း အပြင်းအထန်ကာကွယ်ပါတယ်။ အာဖရိကတိုက်က ထွက်လာတဲ့ H.erectus ဟာ နှစ်မျိုးကွဲသွားနိုင်တယ်။ အာဖရိကသား H.erectus နဲ့ အာရှသား H. erectus ဆိုတဲ့ မျိုးစိတ်နှစ်ခု ဖြစ်သွားနိုင်တယ်။ ဒီနှစ်ခုလုံးဟာ H. Sapians အဖြစ် တစ်ပေါင်းတည်း ရောက်မသွားနိုင်ဘူး။ အာရှသားဟာ ကွယ်ပျောက်သွားပြီး အာဖရိကသားကပဲ ခေတ်ပေါ်လူအဖြစ် တိုးတက်ဖွံ့ဖြိုးလာခဲ့တယ်လို့ ဆိုကြလေရဲ့။

နောက်တစ်ခါ H. erectus ဟာ အာဖရိက, က ထွက်ခွာလာပြီး အာဖရိကကိုပဲ ပြန်ဝင်သွားလေရော့သလားလို့ သံသယဝင်ကြတာလည်း ရှိပါသေးတယ်။

ဘယ်လိုပဲဖြစ်ဖြစ် အခု ငြင်းခုန်နေကြတာဟာ အာဖရိကက H.erectus ထွက်ခွာချိန်ကိုသာ ငြင်းခုန်နေကြတာပဲ ဖြစ်ပါတယ်။ လူ့အနွယ်ဝင်ရဲ့ အစမူလ အဆင့်မြင့် ပရိုင်းမိတ်ဟာ အာဖရိကမှာ စတင်ခဲ့တယ်ဆိုတဲ့ အခြေခံသဘော ကြိုက်သီအိုရီကို ငြင်းခုန်ကြတာ မဟုတ်ပေဘူး။

ဒါပေမယ့် 'လူ့အနွယ်ဝင်အစ အာဖရိက,က' ဆိုတဲ့ သီအိုရီကို အခြေခံအုတ်မြစ်က စပြီး ဆွဲကိုင်လှုပ်ရမ်း စိန်ခေါ်လိုက်တဲ့ တွေ့ရှိမှုကြီး တစ်ခုဟာဖြင့် လွန်ခဲ့တဲ့ ၁၇ ခုနှစ်က ဖြစ်ပွားခဲ့ပါတယ်။

တွေ့ရှိခဲ့သူက မြန်မာနိုင်ငံသား ဘူမိဗေဒပညာရှင်။

တွေ့ရှိခဲ့တဲ့ နေရာက မြန်မာနိုင်ငံ အလယ်ပိုင်း ပုံတောင်ပုံညာဒေသ။

✕✕ ✕✕ ✕✕

(၅)

"လူအဖြစ်သို့ ဦးတည်သည့် ပရိုင်းမိတ်သည် ကမ္ဘာကြီး၏ မည်သည့်နေရာမှ စတင် ပေါ်ပေါက်ခဲ့ပါသနည်း။ ယခုအထိ အထောက်အထား အများစုက ညွှန်ပြနေသည်မှာ အာဖရိကတိုက်ဖြစ်၏။ လူနှင့်မျောက်တို့ ဖြစ်ပေါ်ရာ ယေဘူယျအားဖြင့် ယုံကြည်လက်ခံထားကြသော လွန်ခဲ့သော နှစ်သန်း ၂၀ က ဒရိုင်ရိုပိသီကပ် သတ္တဝါ၏ အရိုးများကို အာဖရိက၌ တွေ့ခဲ့ရလေသည်။ ထိုသတ္တဝါ ဆင်းသက်လာရာ မျိုးနွယ်များသည်လည်း အာဖရိက၌ပင် နေထိုင်ခဲ့ကြဟန်တူသည်။ ပမာအားဖြင့် Duke တက္ကသိုလ်မှ မနုဿဗေဒ ပညာရှင် အယ်ဝင်ဆိုင်မွန်သည် လွန်ခဲ့သော နှစ်သန်း ၃၀ က သစ်ပင်နေ အဆင့်မြင့် ပရိုင်းမိတ် ရုပ်ကြွင်းကို တွေ့ရှိခဲ့သည်။ ထိုသတ္တဝါကို အေဂျစ်ပတိုပိသီကပ်ဟု အမည်ပေးခဲ့၏။

မည်သို့ဆိုစေ လွန်ခဲ့သော အပတ်က မြန်မာနှင့် အမေရိကန် သိပ္ပံပညာရှင်များကတော့ မနုဿဗေဒလောကကို မွှေနှောက် လှုပ်ရမ်းလိုက်ပြီဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း

သန်း ၄၀ က အဆင့်မြင့် ပရိုင်းမိတ်ရုပ်ကြွင်းများကို မြန်မာနိုင်ငံတွင် တွေ့ရှိပြီဟု သူတို့က ကမ္ဘာကို ကြေညာလိုက်၏။ လူ၏ မူလဇစ်မြစ်ကို အာဖရိကမှ အရှေ့တောင် အာရှသို့ ပြောင်းရွှေ့စိုက်ထူလိုက်ခြင်းပင် ဖြစ်တော့သည်”

၁၉၇၉ ခုနှစ် မေလ ၂၁ ရက်နေ့ထုတ် တိုင်းမဂ္ဂဇင်းကြီးမှာ ပါရှိတဲ့ သတင်းဆောင်းပါးရဲ့ နိဒါန်းပိုင်းပါ။

မြန်မာနိုင်ငံသား တစ်ဦးအနေနဲ့ ဘယ်လောက်များ ရင်ဖို လှိုက်မောဖို့ကောင်းလိုက်ပါသလဲ။ ဘယ်လောက်များ ဇာတိသွေး ဇာတိမာန်တွေ ဆူဝေလှုံ့ကျဖို့ကောင်းလိုက်ပါသလဲ။

ဒါတင်ကပါရိုးလား။ ၁၉၇၉ မေ ၈ ရက်၊ အင်္ဂါနေ့ထုတ် The Boston Globe အမေရိကန် သတင်းစာကြီးမှာ ခြောက်လိုင်းစာလုံးမည်းကြီးတွေနဲ့ ခေါင်းစဉ် တင်ထားတာက ‘လူ၏ ဇာတိချက်မြှုပ်နေရာ အာရှမှာ တွေ့ပြီ’ တဲ့။ ၁၉၇၉၊ ဩဂုတ်လ ၁၀ ရက်နေ့ထုတ် အာရှအပတ်စဉ် မဂ္ဂဇင်း (Asia week) ကတော့ ‘မြန်မာ့မေးရိုးများက လာရာလမ်းကို ညွှန်ပြပြီ’ တဲ့။ ၁၉၇၉၊ ဩဂုတ်လ ၅ ရက်နေ့ထုတ် တိုင်းမဂ္ဂဇင်းမှာ ထပ်ပြီး ဖော်ပြခဲ့တာက ‘မြန်မာ့အရိုးများက အာဖရိကဇစ်မြစ်ကို စိန်ခေါ်လိုက်ပြီ’ တဲ့။ ဒီကိစ္စကို သတင်းထူး သတင်းဦးအနေနဲ့ အသားပေး ဖော်ပြကြတဲ့ ကမ္ဘာ့စာနယ်ဇင်းတွေ အများကြီး ရှိပါတယ်။ ၁၉၇၉၊ နိုဝင်ဘာလထုတ် ‘နေချား’ မဂ္ဂဇင်းကလည်း ကမ္ဘာ တွေ့ရှိသမျှ အဆင့်မြင့် ပရိုင်းမိတ်ရုပ်ကြွင်းတွေထဲမှာ အစောဆုံးဖြစ်ကြောင်း ဖော်ပြ အတည်ပြုပေးလိုက်ပါတယ်။

ဒီနေရာမှာ သက်တမ်းဖော်တဲ့ကိစ္စ (Geochronology) ရဲ့ ကဏ္ဍဟာ အင်မတန် အရေးကြီးတဲ့ ကဏ္ဍတစ်ခု ဖြစ်ပါတယ်။

သက်တမ်းဖော်တဲ့ နည်းစနစ်တွေကလည်း အများကြီး ရှိပါတယ်။ ကာဘွန် ၁၄ စမ်းသပ်နည်း၊ ပိုတက်စီယမ်အာဂွန် စမ်းသပ်နည်းနဲ့ အခုနောက်ဆုံးပေါ် ရေဒီယိုသတ္တိကြွ **(radio active)** စမ်းသပ်နည်းတွေရယ်လို့ ယေဘူယျအားဖြင့် ရှိကြပါရဲ့။ ကာဘွန် စမ်းသပ်နည်းဟာ နှစ်ခြောက်သောင်းအထိပဲ စမ်းသပ်လို့ ရတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် နှစ်ပေါင်း သန်းချီနေတဲ့ ရုပ်ကြွင်းရဲ့ သက်တမ်းကိုတော့ **radio active** နည်းနဲ့သာ ဖော်ယူလို့ ရတယ်လို့ ဆိုပါတယ်။ အခု ပုံတောင်ဂျီးယားရဲ့ သက်တမ်းကိုတော့ တွေ့ရှိရတဲ့ မြေလွှာသက်တမ်းအတိုင်း တွက်ယူကြတာ ဖြစ်ပါတယ်။ ပိုတက်စီယမ် အာဂွန်နည်းတွေ၊ **radio active** နည်းတွေနဲ့ မစမ်းသပ်ခဲ့ရသေးပါဘူး။ မြေလွှာသက်တမ်းနဲ့ပဲ နှစ်သန်း ၄၀ ဟာ သေချာတယ်လို့ ပညာရှင်တွေက ဆိုကြပါတယ်။

ကမ္ဘာ့စာနယ်ဇင်းတွေရဲ့ တူညီတဲ့ အာဘော်ကတော့ မြန်မာနိုင်ငံ အလယ်ပိုင်း ပုံတောင်ဒေသမှာ တွေ့ရှိခဲ့တဲ့ နှစ်သန်းပေါင်း ၄၀ သက်တမ်းရှိ ပရိုင်းမိတ်ရုပ်ကြွင်း မေးရိုးများက ရာစုနှစ်တစ်ဝက်လောက် အပြင်းအထန် ငြင်းခုန်နေကြတဲ့ လူ၊ မျောက်၊ လူဝံ၊ မျောက်ဝံ မျိုးနွယ် အင်သရိပွိုက်တို့ စတင်ဖြစ်ပေါ်ရာ အရပ်ဟာ အာဖရိကလား၊ အာရှလားဆိုတဲ့ ပြဿနာအပေါ် တစ်နည်းတစ်ဖုံ ဩဇာသက်ရောက်မှာ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံဟာ လူ့ဇစ်မြစ် အင်သရိပွိုက် ပရိုင်းမိတ်တွေ စတင် ဖြစ်ပေါ် ပြန့်ပွားရာ အဓိက ဒေသကြီး **(the main theatre of origin)** ဖြစ်လာဖွယ်ရှိကြောင်း၊ အီဂျစ်မှာ တွေ့ရတဲ့ ပရိုင်းမိတ်ထက် နှစ် ၁၀ သန်း စောနေခြင်းက အာရှ၊ အထူးသဖြင့် မြန်မာနိုင်ငံဟာ လူအပါအဝင် အဆင့်မြင့် ပရိုင်းမိတ်

တွေရဲ့ မူလဇစ်မြစ် ဗဟိုချက်မ ဖြစ်တယ်လို့ အဓိပ္ပာယ် သက်ရောက်နေကြောင်း အစရှိသဖြင့် ဖော်ပြထားကြပါတယ်။

ကျွန်တော့်မှာ ဖတ်ရင်းဖတ်ရင်းနဲ့ ကတ္တီပါစပေါ် လမ်းလျှောက်နေရသလိုလို၊ မိုးတိမ်ကို စီးနင်းနေရသလိုလို၊ ရင်ဘတ်ကြီးက ကော့ကော့ပြီး တက်လာနေသလိုလို၊ မျိုးမည်မသိ ဝေဒနာကို ခံစားနေရတာပါ။ အဲဒါ ပီတိဝေဒနာ။ နိုင်ငံအတွက်၊ မြန်မာအတွက် ဂုဏ်ယူပီတိ ဖြစ်ရတဲ့ ဝေဒနာ။ အလို ... ကမ္ဘာကြီးမှာ လူရယ်လို့ စဖြစ်တာ ငါတို့ဆီကပါလား။ ပုံတောင်ဆိုတာ ငါတို့ မုံရွာနားလေးတင်ပါလား။ ငါနေတဲ့ ဒေသဟာ ကမ္ဘာမှာ လူမျိုးနွယ်တို့ စတင် ဖြစ်ပေါ်ခဲ့တဲ့ နေရာပါလားဆိုပြီး။ တစ်ခါမှ အခုလိုမျိုး ဒေသမာန် ဇာတိမာန်တွေ မတက်ခဲ့ဖူးပါဘူး။

ဒီလို ခံစားရတာ ကျွန်တော်တင်လားဆိုတော့ ဘယ်ဟုတ်လိမ့်မလဲ။ ဒီသတင်း ကြားသိရတဲ့ အချိန်ကစလို့ ဆရာအံ့မောင် (အန်းဒါးဆင်း) နဲ့ ဆရာဝင်းမောင် (သမိုင်း) တို့များဆိုရင် အတိုင်းမသိ ဂုဏ်ယူဝင့်ကြွားကြလွန်းလို့။ ခပ်လှမ်းလှမ်းကများကြည့်ရင် သူတို့ ရင်ဘတ်ကြီးတွေကိုပဲ မြင်ရတဲ့အထိပါ။ ဘဝအကျိုးပေး ကောင်းလွန်းလို့ မုံရွာသား ဖြစ်ရတာတဲ့လေ။

သို့ပေမယ့် ...။

## (၆)

မြန်မာနိုင်ငံ ဘူမိဗေဒတိုင်းတာမှု လုပ်ငန်းတွေကို ဒုတိယ ကမ္ဘာစစ် မဖြစ်မီ အချိန်က အိန္ဒိယနိုင်ငံ ဘူမိဗေဒ တိုင်းတာရေး ဌာနက ဆောင်ရွက်ခဲ့တာပါ။ အဲဒီဌာနက ဘူမိဗေဒ ပညာရှင် ဒေါက်တာ ကော့တာ (G.Dc. P. Cotter) က ၁၉၁၆ ခုနှစ်မှာ ပုံတောင်ဒေသကို ကွင်းဆင်းလေ့လာတော့ အီယိုဆင်း (Eocene) သက်တမ်းမှာရှိတဲ့ ကျောက်ဖြစ်ရုပ်ကြွင်းတွေ ရရှိခဲ့ပါတယ်။ အဲဒီ ရုပ်ကြွင်းတွေကို ဒေါက်တာပစ်လ်ဂရင်း (G.E. Pligrim) က အမျိုးအစားခွဲပြီး ရုပ်ကြွင်းတစ်ခုကို 'ပုံတောင်ဂျီးယားကော့တာရိုင်' (Pondaungia Cotteri) လို့ ၁၉၂၇ ခုနှစ်မှာ ပထမဦးဆုံး ဖော်ထုတ်ခဲ့ပါတယ်။

အဲသလို မဖော်ထုတ်ခင် ၁၉၂၃ ခုနှစ်မှာ အမေရိကန် သဘာဝသမိုင်းပြတိုက်က ဘူမိဗေဒပညာရှင် ဒေါက်တာ ဘာနမ်ဘရောင်း (Barnum Brown) ကလည်း မုံရွာတစ်ဖက်ကမ်း ပုလဲမြို့နယ်၊ မိုးကောင်းရွာအနီးမှာ ပရိုင်းမိတ်ရုပ်ကြွင်းတွေ ထပ်ပြီး တွေ့ခဲ့သတဲ့။ ဒီရုပ်ကြွင်းတွေကို ဒေါက်တာ ကိုးလ်ဘတ် (E.H/ Colbert) က အမျိုးအစားခွဲပြီး မျိုးစိတ်အသစ်တစ်ခု အနေနဲ့ အမ်ဖီပိသိကပ် မိုးကောင်းဂျင်းနစ် (Amphipithecus mogaungensis) လို့ အမည်ပေး ဖော်ထုတ် ဆွေးနွေးခဲ့ပါတယ်။

ဒါပေမယ့် တွေ့ရှိခဲ့ကြတဲ့ ရုပ်ကြွင်းတွေရဲ့ ရှေ့အံသွားတွေဟာ သုံးချောင်း ဖြစ်နေတာကြောင့် အင်သရိုပွိုက် အဆင့်မြင့် ပရိုင်းမိတ် မဟုတ်ဘူးလို့ ပညာရှင်တွေက ငြင်းပယ်ခဲ့ကြသတဲ့။ အဲဒီနောက်ပိုင်းမှာတော့ ရုပ်ကြွင်းတွေနဲ့ ပတ်သက်ပြီး သုတေသနတွေ ဆက်လက်ပြီး ရှာဖွေ လေ့လာတာတွေ

မလုပ်ခဲ့တာဟာ နှစ် ၅၀ လောက် ကြာခဲ့ပါတယ်။ နှစ်ကြာတာကလည်း တစ်ကြောင်း၊ ၁၉၆၄ – ၆၆ ခုနှစ် အီဂျစ်နိုင်ငံမှာ နှစ်သန်း ၃၀ သက်တမ်းရှိတဲ့ အေဂျစ်ပတိုပိသိကပ်ရဲ့ ပြည့်စုံတဲ့ ရုပ်ကြွင်းတွေကို တွေ့ရှိလိုက်တာကလည်း တစ်ကြောင်းဆိုတော့ စောစောက ပုဂ္ဂိုလ်နှစ်ဦးရဲ့ တွေ့ရှိချက်ဟာ တဖြည်းဖြည်း မှေးမှိန်သွားရတော့တယ်။ ထပ်မံ စူးစမ်း ရှာဖွေတာတွေလည်း မရှိခဲ့လေတော့ **Dr.Von Koenigswald** တို့လို ပုဂ္ဂိုလ်တွေက မြန်မာနိုင်ငံမှာ တွေ့ထားပြီး ဖြစ်တဲ့ ပရိုင်းမိတ်တွေရဲ့ အမျိုးအစား ခွဲခြားမှုဟာ မမှန်ကန်ဘူးလို့ ၁၉၆၆ ခုနှစ်တုန်းက ထုတ်ဖော်ပြောဆိုခဲ့တဲ့ အထိ မျက်နှာငယ်ခဲ့ရတာပါ။

ဒီလိုနဲ့ နေလာလိုက်ကြတာ ၁၉၇၈ ခုနှစ်မှာတော့ ပုံတောင်ဒေသဟာ ပြန်လည် ခေါင်းမော့လာခဲ့ပါတော့တယ်။ ကမ္ဘာ့ပညာရှင်တွေ သမင်လည်ပြန် ပြန်ကြည့်လာရုံသာမက ကမ္ဘာ့ စာနယ်ဇင်းတွေကပါ အုတ်အော်သောင်းတင်း ထုတ်ဖော် ကြေညာခဲ့ကြပါတယ်။ အဲဒီနှစ်မှာ ပုံတောင်ရုပ်ကြွင်းတွေကို ထပ်ပြီး တွေ့ခဲ့ရတာကိုး။ 'ပုံတောင် ပြန်လာပြီ' လို့ ဆိုရမယ့် အချိန်ပါပဲ။

မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာနက ၁၉၇၆ ခုနှစ်မှာ မြိုင်နဲ့ ပုလဲမြို့နယ်ထဲက ပုံတောင် တောင်တန်းတစ်လျှောက် အရင်က တွေ့ရှိချက်တွေအပေါ် မူတည်ပြီး ဘူမိဗေဒ လေ့လာရေးနဲ့ ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေမှုတွေ စတင်ခဲ့ပါတယ်။ အဲဒီနှစ်က ထူးထူးခြားခြားရယ်လို့ ဘာမှ မတွေ့ခဲ့ရပါဘူး။

၁၉၇၈ ခုနှစ်၊ ဧပြီလမှာတော့ မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာနက ကထိက ဦးဘမော်နဲ့ အဖွဲ့ဟာ ပုံတောင်ဒေသ မိုးကောင်းရွာအနီး သံတောင်အရပ်မှာ ပုံတောင်ဂျိုးယားကော်တာ

ရိုင်နဲ့ အမ်ဖီပိသိကပ် မိုးကောင်းဂျင်းနစ် ရုပ်ကြွင်းတွေကို ထပ်မံ တွေ့ရှိပါတော့တယ်။ 'ဧပြီလ ၁၂ ရက်မှာ ပုံတောင်ဂျီးယား ရုပ်ကြွင်း အံသွားကို တွေ့ခဲ့ပြီး ဧပြီ ၁၃ ရက်မှာ မိုးကောင်းဂျင်းနစ် ရုပ်ကြွင်း အံသွားကို တစ်ဆက်တည်း တွေ့ခဲ့တာဗျ၊ ကော့တာတို့၊ ဘာနမ်ဘရောင်းတို့ တွေ့ခဲ့တဲ့ မေးရိုးထက် ပိုပြီး ပြည့်စုံတယ်။ စားထားတဲ့ သစ်ရွက်အစအနလေးတွေတောင် ဒီအတိုင်း ကျောက်ဖြစ်နေတာ' လို့ ဦးဘမော်က ပြောပါတယ်။ အဲဒီတုန်းက ဦးဘမော်ရဲ့ ရင်ထဲမှာ သကြိန်ရေထက် အေးမြနေမလားဘဲ ။

အဲဒီနှစ် စက်တင်ဘာလမှာလည်း မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာန ကထိက ဦးသော်တင့်ကလည်း ပုံတောင်ဂျီးယား မေးရိုးအပိုင်း သုံးခု ထပ်တွေ့ခဲ့ပါသေးတယ်။

ရုပ်ကြွင်းတွေက အီယိုဆင်းသက်တမ်းက မြေလွှာမှာ တွေ့ရတာဆိုတော့ နှစ်သန်းပေါင်း ၄၀ ရှိပြီလို့ ပညာရှင်များ သတ်မှတ်ကြပါတယ်။ လောလောဆယ် ကမ္ဘာက လက်ခံထားတဲ့ သက်တမ်းအရင့်ဆုံး အဆင့်မြင့် ပရိုင်းမိတ် အေဂျစ်ပတိုပိသိကပ်က နှစ်သန်းပေါင်း ၃၀ ပဲ ရှိတာကြောင့် ပုံတောင်ရုပ်ကြွင်းတွေက နှစ် ၁၀ သန်း စောနေတယ်။ ဒါဟာ မနုဿဗေဒ လောကကို 'တုန်' သွားစေတဲ့ အချက်ပါပဲ။ ပုံတောင်ကို ပညာရှင်တွေ ပြန်လည် စိတ်ဝင်စားလာကြပါတယ်။ 'ပုံတောင် ရုပ်ကြွင်းတွေကို ပြန်တွေ့တော့ ကျွန်တော့်ကို **"Rediscoverer"** (တွေ့ပြီးသားကြီးကို ပြန်တွေ့သူကြီး) လို့ ပြောကြတာ ရှိတယ်။ ဒါနဲ့ ကျွန်တော်က **"Rediscovery is better than nindiscover"** (ပြန်တွေ့တာဟာ ဘာမှ မတွေ့တာထက်တော့ အများကြီး ပိုကောင်းပါတယ်) လို့ ပြန်ပြော

လိုက်ရတယ်' တဲ့။ ဦးဘမော်က ပြန်ပြောင်းအောက်မေ့ပါတယ်။

အမှန်တော့ ကျောက်ဖြစ်ရုပ်ကြွင်း တစ်ခု တွေ့ရဖို့ဆိုတာ အင်မတန် ခဲယဉ်းတဲ့ ကိစ္စပါ။ ဘယ်နေရာမှာ ရှိနေမှန်း မသိရတဲ့ အရိုးစုကို မိုင်များစွာ ကျယ်ဝန်းတဲ့ ဒေသတစ်ခုမှာ လိုက်ရှာဖို့ဆိုတာ တွေးကြည့်ရုံနဲ့ သွေးပျက်စရာကြီးပါ။ 'ဒီအလုပ်က ကောက်ရိုးပုံထဲက အပ်ကို လိုက်ရှာရသလိုမျိုးပါဗျာ။ ကံလည်းလိုတယ်' လို့ အငြိမ်းစားဘူမိဗေဒ ပါမောက္ခ ဒေါက်တာ ဦးသိန်းက ဆိုပါတယ်။ ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခု တွေ့ရှိဖို့ဆိုတာ ရုပ်ကြွင်းဖြစ်ဖို့ အခြေအနေ (Fomation) လည်း ပေးပါဦးမှ ရုပ်ကြွင်း ဖြစ်ရင်တောင် မြင်သာတဲ့ နေရာမှာ ပေါ်နေပါဦးမှ၊ ပေါ်နေရင်တောင် တွေ့ပါဦးမှ၊ တွေ့ရင်တောင် တွေ့သူဟာ ကျွမ်းကျင်သူ ပညာရှင်ဖြစ်ပါဦးမှ။ (ဥပမာ ကျွန်တော်သာ ရုပ်ကြွင်းတစ်ခုကို ကံကောင်းထောက်မလို့ အမှတ်မထင် တွေ့လိုက်မိရင် ရုပ်ကြွင်းမှန်း သိမှာမဟုတ်ဘဲ ရှုပ်လိုက်တဲ့ ကျောက်ခဲဆိုပြီး ကန်ပစ်လိုက်မိမှာပဲ။) ပညာရှင်က တွေ့ရင်တောင်မှပဲ ရုပ်ကြွင်းကို အပြည့်အစုံရဖို့ အလွန်ခဲယဉ်းပါတယ်။ များသောအားဖြင့် မေးရိုးတစ်စိတ်တစ်ပိုင်း၊ ခေါင်းခွံတစ်ခြမ်း စသည်ဖြင့် မပြည့်မစုံ အကျိုးအပဲ့တွေကိုသာ တွေ့ရတတ်လေ့ရှိတာပါ။

ဒါပေမယ့် ချားစ်ဒါဝင် စတင် ပုံကြမ်းလောင်းခဲ့တဲ့ မပြီးဆုံးသေးသော လူ့ဖြစ်စဉ် ပန်းချီကားကြီးကို ဖြည့်စွက်ကြဖို့ ကမ္ဘာ့ပညာရှင်တွေကတော့ စိတ်ထက်သန်နေကြလေရဲ့။ ငွေကုန်ခံ လူပင်ပန်းခံပြီး ရတတ်သမျှ ရုပ်ကြွင်းတွေကို ရှာဖွေကြပါတယ်။ **Leaky Foundation** က ပညာရှင်တွေဆို

ရင် ဒီဘာသာရပ်မှာ နာမည်ကြီးပေါ့။ ပါရဂူမြောက်အောင် တော်ကြ၊ ကျွမ်းကျင်ကြ၊ ဩဇာ ကြီးကြပါတယ်။ ကမ္ဘာ တစ်ဝှမ်း ပညာရှင်တွေ လေ့လာရှာဖွေခဲ့ကြတာ အခုဆိုရင် ရာစုနှစ် တစ်ခုတောင် ကျော်ခဲ့ပြီပေါ့။ ဒါပေမယ့် ရတတ်သမျှ ရှပ်ကြွင်း အထောက်အထားတွေက စိတ်ပျက်ဖို့ ကောင်း လောက်အောင် နည်းပါးလွန်းလှတယ်။ ဒါကြောင့်လည်း ဆင့်ကဲ ဖြစ်စဉ်နဲ့ ပတ်သက်ပြီး ထင်မြင်ချက်အမျိုးမျိုး၊ အယူအဆ အဖုံဖုံနဲ့ ငြင်းခုန်နေကြရတာပါ။ ရုပ်ကြွင်းများများ တွေ့ပါမှ လူ့အစ ဇာတ်ရှုပ်ကြီးဟာ ရှင်းတန်သလောက် ရှင်းမှာပါ။ အခု တော့ အထောက်အထား နည်းနည်း၊ စိတ်ကူးစိတ်သန်း များ များ (data-poor imagination -rich) ဖြစ်နေတယ်လို့ တိုင်း မဂ္ဂဇင်းက အားမလိုအားမရ ဖြစ်လေရဲ့။

သို့သော် သဘာဝရဲ့ မျက်နှာသာပေးမှုကလေးတော့ ရှိ ပါတယ်။ ကျောက်ဖြစ်ရုပ်ကြွင်းတွေဟာ သဲချောင်းကမ်းဘေး၊ မြစ်ဘေးလို နေရာမျိုးတွေမှာ တွေ့ရတတ်သတဲ့။ ပုံတောင် ပရိုင်းမိတ်တွေဆိုရင် ယမားချောင်းဘေးနားက တွေ့ခဲ့ရတာပါ။ 'ရုပ်ကြွင်း ရှာဖွေတယ်ဆိုတာ ဘူမိဗေဒ အခြေခံနဲ့ ရှာဖွေကြ ရတာပဲဗျ။ ကျွန်တော့် အတွေ့အကြုံအရတော့ မြန်မာအခေါ် 'ကျစ်ချောင်' လို့ ခေါ်တဲ့ မြေနေရာမျိုးတွေမှာ တွေ့ရတတ် တယ်" လို့ ဦးဘမော်က ရှင်းပြပါတယ်။ 'အသည်းယားစရာ ကြီးပါဗျာ၊ ပုံတောင် ပရိုင်းမိတ်တွေဆိုရင် ယမားချောင်းကမ်း ဘေးမှာ ပေါ်နေတာတဲ့၊ ချောင်းရေကျချိန်ရောက်တာနဲ့ တစ်ခါ တည်း ပါသွားတော့မှာ' လို့ ဒေါက်တာ ဦးသိန်းက ပြော တော့ အမယ်လေးလေး ကံသီလို့ပါလားဆိုပြီး ရင်တမမ ဖြစ်ရ ပါတယ်။ အတွေ့ဦးပေလို့သာပေါ့။ ချောင်းရေထဲ များ ပါသွား

ခဲ့ရင်ဖြင့် အာဖရိကကို ကျော်တက်နိုင်ဖို့ နေနေသာသာ မနုဿဗေဒ မြေပုံမှာ မြန်မာဟာ မထင်မရှား နေရာလေးတောင် ရမှာ မဟုတ်ပါဘူး။ အခုတော့ လူမျိုးနွယ်အစရဲ့ ဗဟိုချက်မလေလား ဆိုပြီး ပညာရှင်တွေ မျက်စိဖြံ ကြည့်ကြရပြီလေ။

သို့ပေမယ့် ပုံတောင်ပရိုင်းမိတ်တွေကို ပညာရှင်အားလုံးက တစ်ညီတညွတ်တည်း လက်ခံကြတာ မဟုတ်ပါဘူး။ ပညာရှင်တို့ ထုံးစံအတိုင်း အလွယ်တကူ လက်မခံတတ်ကြဘဲ လုံလောက်တဲ့ အထောက်အထားတွေ တောင်းဆိုကြပါတယ်။ 'အမေရိကန် ပညာရှင်တွေက လက်ခံတယ်ဗျ။ ပုံတောင်ဟာ အစောဆုံး ပရိုင်းမိတ်ဆိုတာ၊ ဒါပေမယ့် ဥရောပ အထူးသဖြင့် ပြင်သစ်က သိပ်လက်မခံချင်သေးဘူး။ အခုထိ ရတဲ့ ရုပ်ကြွင်းတွေကို သူတို့ အားမရလှသေးဘူး။ မေးရိုးဆိုရင်လည်း တစ်ခုလုံးရတာ မဟုတ်ဘဲ အစိတ်အပိုင်းကလေးတွေဆိုတော့။ နောက်ထပ် အထောက်အထားတွေ သူတို့ လိုချင်ကြတယ်" တဲ့။ ဒေါက်တာဦးသိန်းက ဆိုပါတယ်။ ဒီဘာသာရပ်မှာ ပြင်သစ်ပညာရှင်တွေဟာ အလွန် အစဉ်အလာ ကြီးပါသတဲ့။ ဩဇာ ကြီးပါသတဲ့။

"ပုံတောင် ပရိုင်းမိတ်တွေမှာ အဆင့်နိမ့် ပရိုင်းမိတ် လက္ခဏာတွေလည်း ရှိတယ်။ အဆင့်မြင့် ပရိုင်းမိတ် လက္ခဏာတွေလည်း ရှိတယ်။ နှစ်မျိုး ရောနေတာဗျ။ အဆင့်နိမ့်ကနေ အဆင့်မြင့်ကို ကူးပြောင်းနေဆဲနဲ့ တူပါတယ်။ ရှေ့အံသွား သုံးချောင်းပါလို့ အဆင့်နိမ့် သတ္တဝါပဲ ဖြစ်တယ်။ အင်သရိုပွိုက် ပရိုင်းမိတ် မဟုတ်ဘူးလို့ ယူဆကြဟန် တူပါရဲ့" ရဲ့ ဦးဘမော်က ဆိုပါတယ်။

ဘယ်လိုပဲ ဖြစ်ဖြစ် ပုံတောင်ပရှိင်းမိတ်တွေရဲ့ သတင်းကို ကမ္ဘာက သိသွားခဲ့ပါပြီ။ ပုံတောင်ဒေသကိုလည်း စိတ်ဝင်စားလာကြပါပြီ ၁၉၇၈ နှစ်ကုန်ပိုင်းလောက်မှာ မြန်မာနိုင်ငံပုံတောင်ပုံညာဒေသနဲ့ ပခုက္ကူဘက်တစ်ဝိုက် ရှေးလူ့အရိုးတွေရှာဖွေ စုဆောင်း သုတေသနပြုလိုတဲ့အကြောင်း ပြင်သစ်နဲ့ အမေရိကန်ပညာရှင် အဖွဲ့နှစ်ဖွဲ့က ကမ်းလှမ်းလာပါတော့တယ်။ ပြင်သစ်အဖွဲ့က ပုံတောင်ပုံညာမှာ သုံးလလောက် လုပ်ငန်းဆောင်ရွက်ပြီး ရရှိတဲ့ ရုပ်ကြွင်းတွေကို အသေးစိတ် လေ့လာဖို့ ပြင်သစ်ကို ယူသွားမယ်။ လေ့လာပြီးရင် မြန်မာနိုင်ငံကို ပြန်ပြီး အပ်မယ်လို့ အဆိုပြုခဲ့ပါတယ်။ အမေရိကန် အဖွဲ့ကတော့ ပုဂံ၊ ပခုက္ကူနဲ့ ရခိုင်ပြည်နယ် အရှေ့ပိုင်းတွေမှာ တစ်ကြိမ် ခြောက်လနဲ့ နှစ်ကြိမ် လာရောက်လိုတဲ့အကြောင်း၊ ရုပ်ကြွင်းတွေ ရခဲ့ရင် အမေရိကန် ယူသွားပြီး မူရင်းရုပ်ကြွင်းတွေရဲ့ ပုံသွန်း (Plaster Cast) တွေကို ပြန်ပေးမယ်။ ပြီးတော့ သူတို့မှာ ရှိပြီးဖြစ်တဲ့ တခြားရုပ်ကြွင်းတွေကိုလည်း မြန်မာနိုင်ငံအတွက် ပေးဦးမယ်လို့ ကမ်းလှမ်းခဲ့ကြပါတယ်။ အဲဒီအဖွဲ့တွေကို စမစ်ဆိုနီယံ အင်စတီကျူ၊ လီကီဖောင်ဒေးရှင်း အစရှိတဲ့ အဖွဲ့အစည်းကြီးတွေက ကမကထပြုပြီး ရန်ပုံငွေထောက်ပံ့တာပါ။ ဒါပေမယ့် အဲဒီအချိန်တုန်းက ချမှတ်ထားခဲ့တဲ့ သုတေသနလုပ်ငန်းများဆိုင်ရာ မူဝါဒက မြန်မာနိုင်ငံအတွင်း ရုပ်ကြွင်းများ ရှာဖွေ လေ့လာခြင်းကိစ္စကို မြန်မာနိုင်ငံကသာ ဆောင်ရွက်မယ်လို့ ချမှတ်ပြီး ဖြစ်နေပါတယ်။ ဆောင်ရွက်ဖို့ အစီအစဉ်တွေလည်း ရေးဆွဲခဲ့ကြပါတယ်။ ဒီတော့ ပုံတောင်ဒေသကို နိုင်ငံတကာ ပညာရှင်တွေ လာရောက်လေ့လာဖို့ အခွင့်မသာခဲ့ပါဘူး။ အဲ ... မြန်မာပညာရှင်တွေ သွားရောက်

လေ့လာဖို့လည်း အခွင့်မသာတော့ပြန်ဘူး ဖြစ်သွားပြန်တယ်တဲ့။ အဲဒါကတော့ တော်တော်လေး ထူးဆန်းတယ် ဆိုရမှာပါ။

ပညာရပ်တစ်ခုဟာ လူသားအားလုံးနဲ့ သက်ဆိုင်ပါတယ်။ အခုအချိန်မှာ ပညာရပ်တွေဟာ သီးခြားစီ မဟုတ်တော့ပါဘူး။ တစ်ခုနဲ့တစ်ခု ဆက်စပ်ပြီး အကျိုးပြုနေကြတာပါ။ တွေ့ရှိချက် အသစ်တစ်ခုဟာ ရှိရင်းစွဲ အသိပညာကို တိုးတက်ပြောင်းလဲစေပါတယ်။ ဒါကြောင့်လည်း အသစ်တစ်ခု တွေ့လိုက်တာနဲ့ ကမ္ဘာကို အသိပေးကြေညာရစမြဲ ဖြစ်ပါတယ်။ အဲဒီ တွေ့ရှိချက်ကို ဝိုင်းဝန်းလေ့လာ ဆွေးနွေး ဝေဖန် ငြင်းခုန်ကြရင်းနဲ့ အသိသစ် အမြင်သစ်တွေ တိုးပွားပြီး လူ့ဘောင်လောက တိုးတက်ကျယ်ပြန့်လာရတာပါ။ ပညာဟာ လွတ်လပ်မှုကို ကြိုက်ပါတယ်။ လောင်းရိပ်အောက်က ပညာဟာ တဖြည်းဖြည်း ကြုံလှီ သေဆုံးသွားတတ်ပါတယ်။ ပညာကို အညွန့်တလူလူနဲ့ ဝေဆာပွင့်လန်းစေချင်ရင်တော့ ပညာရဲ့အထက်မှာ ဘာမှ မရှိစေရပါဘူး။

✕✕ ✕✕ ✕✕

(၇)

၁၉၇၉ ခုနှစ် နှစ်ဆန်းပိုင်းလောက်မှာ အမေရိကန် မနုဿဗေဒ ပညာရှင်နှစ်ဦး မြန်မာနိုင်ငံကို ရောက်လာကြပါတယ်။ ကမ္ဘာလှည့် ခရီးသည်တွေအဖြစ် ရောက်လာကြတာပါ။ ကယ်လီဖိုးနီးယား တက္ကသိုလ်က ပါမောက္ခ ဒေါက်တာ Donald Savage နဲ့ မြောက်ကာရိုလိုင်းနား တက္ကသိုလ်က ဒေါက်တာ ရပ်ဆယ်စီကွန်း (Russel Ciochon) တို့နှစ်ဦးဟာ မန္တလေးကို ရောက်လာပြီး ဦးဘမော်ကို တွေ့ဆုံကြပါတယ်။ ပုံတောင်ပရိုင်းမိတ်

ကို လေ့လာကြည့်ရှုကြပါတယ်။ ပြီးတော့ ပုံတောင်ဒေသကို ရက်အနည်းငယ် သွားရောက် လေ့လာကြပါတယ်။ ရုပ်ကြွင်း မရခဲ့ပေမယ့် ပုံတောင်ပရိုင်းမိတ်တွေအကြောင်း ဦးဘမော်နဲ့ ပူးတွဲပြီး စာတမ်းပြုစု ရေးသားနိုင်ခဲ့ကြပါတယ်။ အဲဒီစာတမ်း ဟာ ၁၉၇၉၊ နိဝင်ဘာလထုတ် နေးချားမဂ္ဂဇင်းမှာ ပါရှိခဲ့ပါတယ်။ ဒါပေမယ့် အထက်ရဲ့ ခွင့်ပြုချက်မရဘဲ ဒီလို တွေ့ဆုံ၊ လုပ် ဆောင်ခဲ့တဲ့အတွက်ကြောင့် မူဝါဒဆိုင်ရာ အကြောင်းနဲ့ ငြိစွန်း တဲ့အတွက် ဦးဘမော်ဟာ လေးလလောက် ခေတ္တ ရာထူးချခံ ရပြီး စုံစမ်းစစ်ဆေးခြင်း ခံခဲ့ရပါသတဲ့။

ပါမောက္ခနှစ်ဦး အမေရိကန် ပြန်ရောက်တော့ စာနယ် ဇင်းတွေ၊ ရုပ်မြင်သံကြား အစီအစဉ်တွေကနေပြီး မြန်မာ့ ပုံတောင်ပရိုင်းမိတ်တွေအကြောင်း အသေးစိတ် ဆွေးနွေးကြ ပါတယ်။ မြန်မာရုပ်ကြွင်းတွေဟာ ကမ္ဘာမှာ တွေ့ခဲ့သမျှထဲက အစောဆုံး ပရိုင်းမိတ်တွေ ဖြစ်တယ်။ လူမျိုးနွယ်ဟာ မြန်မာ နိုင်ငံထဲက စပြီး အာရှအနောက်ပိုင်း ဒေသကတစ်ဆင့် အာဖရိက ကို ရောက်သွားတာ ဖြစ်နိုင်တယ်။ မြန်မာနိုင်ငံက ပုံတောင် မြေလွှာမျိုးမှာ ရှေးကျတဲ့ ပရိုင်းမိတ်တွေ ပေါများကြွယ်ဝတဲ့ အခြေအနေမျိုး ရှိတယ်။ ဒါကြောင့် မြန်မာပညာရှင်တွေနဲ့ အတူ လေးနှစ်လောက် စူးစမ်းလေ့လာ အလုပ်လုပ်ချင်တယ်ဆို တာတွေ ပြောပြကြသတဲ့။

ဒါပေမယ့် အဲဒီကာလ မူဝါဒအရ သူတို့ မလုပ်နိုင်ခဲ့ ကြပါဘူး။ ဘယ်သူကမှလည်း ဆက်လက်ပြီး ဘာမှ မလုပ်နိုင် ခဲ့ကြပါဘူး။

၁၉၄၃ ခုနှစ်တုန်းကလည်း အရေးကြီးတဲ့ တွေ့ရှိချက် တစ်ခု တွေ့ခဲ့ရသေးတယ်ဗျ။ ဒေါက်တာ ဒီတားရား (Hellmut

de terra) နဲ့ အဖွဲ့က မြန်မာပြည်အလယ်ပိုင်း မိုးခေါင်ရေရှား ရပ်ဝန်းဒေသတစ်ဝိုက်မှာ ကျောက်ခေတ်ဦးပိုင်း လူသားတွေ အသုံးပြုခဲ့တဲ့ အသုံးအဆောင်တွေ၊ ကျောက်လက်နက်တွေ တစ်ပုံတစ်ပင် တွေ့ရှိခဲ့ကြတယ်။ အဲဒါကို သူတို့က 'အညာသား ယဉ်ကျေးမှု' (Anyarthian Culture) လို့ ခေတ်ကာလတစ်ခု သတ်မှတ်ခဲ့ကြတယ်။ မြန်မာနိုင်ငံမှာ ကျောက်ခေတ်ဦး လူသား တွေ နေထိုင်ခဲ့ကြပါလားဆိုတာ သေချာသွားတာပေါ့" လို့ ဦးဘမော်က အမှတ်ရပါတယ်။

ဒါဖြင့် ပုံတောင်ဂျီးယားဟာ မြန်မာနိုင်ငံထဲမှာပဲ 'အညာ သား' အဖြစ် ဆင့်ကဲပြောင်းလဲခဲ့တာ မဖြစ်နိုင်ဘူးလား။

"မဖြစ်နိုင်သေးဘူးလို့ ပြောလို့ မရပါဘူး။ ပုံတောင် ဂျီးယားနဲ့ အညာသားအကြား ဆင့်ကဲ ပြောင်းလဲခဲ့ကြတဲ့ ရုပ်ကြွင်းတွေသာ ရှာတွေ့ခဲ့ရင် ကိစ္စပြတ်သွားမှာပဲ" တဲ့။ လက်ရှိ တာဝန်ထမ်းဆောင်နေတဲ့ ဘူမိဗေဒပညာရှင် တစ်ဦးက မျှော်လင့်ပါတယ်။ ဒီဖြစ်စဉ်ကြီး တကယ်ဖြစ်ခဲ့ပါတယ်လို့ သေချာပေါက် ပြောနိုင်ဖို့က ရုပ်ကြွင်း အထောက်အထား အများကြီး လိုပါတယ်။ Proplithecus, Dyopithecus, Ramapcus, Homo eretus, Neandertal, Cro Magnon အစရှိတဲ့ ဆင့်ကဲပြောင်းလဲနေတဲ့ ရုပ်ကြွင်းတွေ ရှိမှ ပြော နိုင်မှာပါ။

"တွေ့ဖို့ဆိုတာကလည်း ရှာဖွေကွင်းဆင်းလေ့လာနိုင် မှ ဖြစ်နိုင်တဲ့ ကိစ္စဗျ။ ဒီမှာက ကျောရိုး ရုပ်ကြွင်းတွေကို စနစ် တကျ လေ့လာနိုင်သူ မရှိသလောက်ကို နည်းသေးတယ်။ တကယ်လို့ ပြင်ပက နာမည်ကျော် အဖွဲ့အစည်းကြီးတွေက ပညာရှင်တွေနဲ့ ပူးပေါင်းလုပ်ဆောင်ခွင့်ရရင် သိပ်ကောင်း မယ်။ သူတို့ ဆောင်ရွက်ပုံ နည်းစနစ်တွေ။ ပညာတွေ၊

အတတ်ပညာအသစ်တွေ ကျွန်တော်တို့ ရတာပေါ့။ ပူးတွဲစာတမ်းတွေ ပြုစုနိုင်ရင် ပိုပြီး အကျိုးရှိ အမြတ်ထွက်ပါတယ်” လို့ အဲဒီဆရာက လှုငယ်ပီပီ အားမာန်တက်ပါတယ်။

အဲဒီအားမာန်မျိုးဟာ အကောင်အထည် မပေါ်နိုင်တာမျိုး မဟုတ်ပါဘူး။ ပညာရပ်နဲ့ ပတ်သက်ရင် ငွေကြေး၊ ပညာရှင် အကူအညီ ပေးချင်တာတွေ ရှိပါတယ်။ ဒါပေမယ့် အဲဒီကာလက ပညာရပ်ဆိုင်ရာ ကိစ္စနဲ့ နိုင်ငံရေးကိစ္စကို ရောထွေးစဉ်းစားလေ့ရှိခဲ့တာကြောင့် အဲဒီပညာရှင်ရဲ့ အိပ်မက်မျိုးတွေ ပျက်ပြယ်ခဲ့ရတာပါ။

လူအစ အာရှကလား၊ အာဖရိကလား ဆိုတာ သေသေချာချာ ရှင်းလင်းဖို့ လိုနေပါပြီ။ ဒါပေမယ့် လောလောဆယ်မှာတော့ အာရှဘက်က အထောက်အထား နည်းနေပါသေးတယ်။ ပြင်ပ ပညာရှင်တွေကတော့ မြန်မာနိုင်ငံမှာ ရုပ်ကြွင်းတွေ အတော်များများ ရှိနေနိုင်တယ်လို့ မျှော်လင့် ယုံကြည်နေကြလေရဲ့။ ကျွန်တော်တို့မှာ အတတ်ပညာနဲ့ အတွေ့အကြုံ အားနည်းနေသေးတယ်ဆိုရင် အားကောင်းသူနဲ့ ပူးပေါင်းရမှာပါပဲ။ ပြီးတော့ ဒီကိစ္စဟာ ပိုက်ဆံကိစ္စ၊ စီးပွားရေးကိစ္စ မဟုတ်ပေဘူး။ ပညာရပ်ကိစ္စ ဖြစ်တယ်။ ပြီးတော့ နိုင်ငံရဲ့ကိစ္စ ဖြစ်တယ်။ လူမျိုးရဲ့ ကိစ္စဖြစ်တယ်။ ခြုံပြီး ပြောရရင် ကမ္ဘာ့ကိစ္စလည်း ဖြစ်သလို မြန်မာ့ကိစ္စလည်း ဖြစ်ကြောင်းပါ။

“ဘာမှ မတတ်နိုင်ပါဘူးလေ ဆိုပြီး မေ့မေ့လျော့လျော့ နေကြမယ်ဆိုရင်တော့ ပုံတောင်ကိစ္စဟာ ဟိုတုန်းကလိုပဲ မေးမှိန်ပျောက်ကွယ်သွားဦးတော့မှာပဲ” လို့ ဘူမိဗေဒ ဆရာငယ်တစ်ယောက်က စိုးရိမ်ဝမ်းနည်းလိုက်ပါတယ်။

✕✕✕ ✕✕✕ ✕✕✕

(၈)


ဒါပေမယ့် ၁၉၈၁၊ ဧပြီလမှာ မြန်မာဘူမိဗေဒလောက ကို လှုပ်ခနဲ ဖြစ်သွားစေတဲ့ ဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာပြန် ပါတယ်။ မုံရွာခရိုင် ရွှေမြင်တင် တောင်တန်းနားမှာ ရှေးဦး လူလို့ ယူဆရတဲ့ မေးရိုးတစ်ခု တွေ့ရပြန်ပြီတဲ့။

တွေ့ရှိသူကတော့ ပုံတောင်ပရိုင်းမိတ်ကို တွေ့ခဲ့တဲ့ ကထိက ဦးဘမော်ပါပဲ။

ဦးဘမော်က အညာသား။ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ မုံရွေး ကြေးမုံအနီး ကြာပိုင်ရွာဇာတိ။ ချောင်းဦးမှာ အလယ် တန်းအထိ ပညာသင်ခဲ့ပြီး မုံရွာကနေ ဆယ်တန်းအောင်တာ ပါ။ ရန်ကုန်တက္ကသိုလ်က ဘူမိဗေဒဘွဲ့ ရပါတယ်။ ဘာသာ ရပ်ကို စိတ်ဝင်စားသူ တစ်ဦးလည်း ဖြစ်တယ်။ သူတွေ့ခဲ့တဲ့ ပုံတောင်ဂျိုးယား ကိစ္စကြောင့် ခေတ္တ ရာထူးချခံရ၊ စစ်ဆေးခံ ရတာတွေ ဖြစ်ခဲ့ပြီး စိတ်ဝမ်းမချမ်းမြေ့ ဖြစ်နေခဲ့ရာက စတုတ္ထနှစ် ဘူမိဗေဒ ကျောင်းသားတွေကို ကွင်းဆင်းသင်ပြဖို့ သူ့နယ်မြေ ဖြစ်တဲ့ နွယ်ခွေရွာတစ်ဝိုက်ကို သွားရောက်ခွင့်တောင်းတော့ ခွင့်ပြုချက် ရခဲ့ပါတယ်။ (ပုံတောင်ဒေသကတော့ ဘာကြောင့် မှန်းမသိ ကန့်သတ်နယ်မြေလို ဖြစ်နေပြီး နောက်ထပ် ကွင်းဆင်း လေ့လာမှုတွေ မလုပ်ကြဘူးတဲ့)

အဲဒီလို ကွင်းဆင်းလေ့လာကြရင်းနဲ့ နွယ်ခွေရွာရဲ့ အနောက်မြောက်ဘက် တစ်မိုင်လောက်အကွာ ဒဂါးကုန်းလို့ ခေါ်ကြတဲ့ ယာကွက်ထဲကနေ ရှေးဦးလူရဲ့ ကျောက်ဖြစ်ရုပ်ကြွင်း မေးရိုးအစိတ်အပိုင်းကို တွေ့ခဲ့ရတာပါ။

"ယာကွက်က ရွှေမြင်တင် တောင်တန်းရဲ့ တောင်ဘက် စွန်း တောင်စွယ်ပေါ်မှာဗျ။ ကျောက်စရစ်နဲ့ မြေနီ ရောနေတဲ့




**DUELING IDEAS** The "out of Africa" theory holds that there were two great migrations of African-born species, first *Homo erectus*, then *Homo sapiens*. "Multiregionalism" says that many complex movements allowed interbreeding and enabled *Homo sapiens* to evolve in a number of places at once.




အင်ဗီဝီးသီးကပ်(စ)မိုးကောင်းအဲန်စစ်(စ)
ဘယ်မေးရိုး (အပေါ်မှမြင်ကွင်း)



အင်ဗီဝီးသီးကပ်(စ)မိုးကောင်းအဲန်စစ်(စ)
ဘယ်မေးရိုး (အပြင်မှမြင်ကွင်း)

ပုံတောင်ပရိုင်းမိတ်မျိုးစုအသစ် ညာမေးရိုး
(အပေါ်မှမြင်ကွင်း)







ပုံတောင်ပရိုင်းမိတ် ဘယ်မေးရိုး
ပုံတောင်ဂျီးယားကောဘ္ဘရိုင်း
(အပေါ်မှမြင်ကွင်း)

ပုံတောင်ပရိုင်းမိတ် ဘယ်မေးရိုး ပုံတောင်ဂျီးယားကောဘ္ဘရိုင်း
(အတွင်းမှမြင်ကွင်း)



မြေပေါ်မှာ ပေါ်နေတာ။ နေကလည်း ပူလိုက်တာဗျာ ကျက်နေတာပဲ။ ကျွန်တော်က ညှပ်ဖိနပ် စီးထားတော့ ခြေထောက်က သိပ်မလုံဘူး။ အဲဒီမှာ တစ်ခုခုနဲ့ ခလုတ်တိုက်မိလိုက်တယ်။ နာသွားလို့ ငုံ့ကြည့်လိုက်တော့မှ ကျောက်ဖြစ်နေတဲ့ အရိုးကို တွေ့လိုက်တာဗျ"

ပြုံးနေတဲ့ ဦးဘမော်ရဲ့ မျက်နှာဟာ အတိတ်ဖြစ်စဉ်တွေကို ပြန်မြင်ရင်းက နုပျိုသွားသလိုပါပဲ။ အဲဒီ မေးရိုးအံသွားတွေကို စစ်ဆေးကြည့်ပြီး အနည်းဆုံး နှစ်နှစ်သိန်း သက်တမ်းရှိတဲ့ **Homo eructus** ရဲ့ အရိုးဖြစ်တယ်။ အိမ်နီးချင်းနိုင်ငံတွေမှာ တွေ့ခဲ့ပြီးဖြစ်တဲ့ ပီကင်းလူနဲ့ ဂျာဗားလူဆိုတဲ့ **Homo eructus** တွေနဲ့ အဆက်အစပ် ရှိနိုင်တယ်လို့ ယူဆပြီး သူတွေ့ခဲ့တဲ့ အရိုးကို **Burma man** လို့ နာမည်ပေးလိုက်ပါတယ်။ အခုကာလဆိုရင်တော့ **Myanmar man** ပေါ့။

အဲသလို တွေ့ရှိလိုက်တဲ့ သတင်းဟာ မြန်မာ့စာနယ်ဇင်းတွေထဲမှာ သတင်းထူးကြီးတစ်ခု ဖြစ်သွားခဲ့ပါတယ်။ ဦးဘမော်ဟာ ဒါဝင်သီအိုရီရဲ့ အစနဲ့အဆုံးကို တွေ့ရှိခဲ့တာကလား။ ၁၉၇၈ ခုနှစ်က သူတွေ့ခဲ့တဲ့ ပုံတောင်ဂျီးယားဟာ လူအဖြစ်မကူးပြောင်းသေးဘူး။ အခုတွေ့တဲ့ 'မြန်မာလူ' ကတော့ ပီကင်းလူထက် ပိုပြီးရှေးကျသတဲ့။ အဲဒါ သိပ်စိတ်ဝင်စားစရာကောင်းပါတယ်။ ပုံတောင်ဂျီးယားနဲ့ အညာသားအကြား ကြားအဆင့်တစ်ခုဖြစ်တဲ့ **Homo eructus** ရုပ်ကြွင်းကို တွေ့တာဖြစ်တယ်လို့ ဆိုနိုင်လေမလား။

မြန်မာပညာရှင်အချို့က ဒါကို လက်မခံကြသေးပါဘူး။ ဒီရုပ်ကြွင်းဟာ လုံးဝ ကျောက်ဖြစ်ရုပ်ကြွင်း မဟုတ်သေးဘဲ တစ်ဝက်တစ်ပျက် ကျောက်ဖြစ်ရုပ်ကြွင်း **(Semi-fossil)** သာ

ဖြစ်တယ်။ ဒါကြောင့် နှစ်ပေါင်းသောင်းဂဏန်းလောက်ပဲ ဖြစ်နိုင်တယ်။ ဒါကြောင့် **Homo erectus** မဖြစ်နိုင်ဘဲ **Homo sapians** ရုပ်ကြွင်းသာ ဖြစ်နိုင်တယ်လို့ ယူဆကြပါတယ်။

ဦးဘမော်က ဒီရုပ်ကြွင်းကို အကြောင်းပြုပြီး ကောက်ချက်ဆွဲရာမှာ မြန်မာရဲ့ အစဟာ ပါမောက္ခ လု(စ်)တို့ ပြောခဲ့သလို မြန်မာ တိဘက်တိုဘားမင်းက ဆင်းသက်လာတယ်ဆိုတာ သံသယ ဖြစ်စရာ ရှိလာပြီ။ မြန်မာဟာ မြန်မာကပဲ စတယ်လို့ ယူဆပြီး 'မြန်မာအစ မြန်မာက' လို့ ကျယ်ကျယ်လောင်လောင် ပြောလိုက်ပါတော့တယ်။

ဦးဘမော်ရဲ့ 'မြန်မာအစ' ကိုလည်း မြန်မာပညာရှင်အားလုံးက လက်မခံကြသေးပါဘူး။ ဒီလို ပြောနိုင်ဖို့ လုံလောက်တဲ့ အထောက်အထားတွေ အများကြီး လိုနေတယ်လို့ ဆိုကြလေရဲ့။ 'ဒီမှာက ရုပ်ကြွင်း အထောက်အထားလို့ ပြောစရာ ပြစရာ သိပ်နည်းလွန်းနေသေးတယ်။ ရုပ်ကြွင်း အရိုးစု တစ်ခုလုံး အပြည့်အစုံရမှ ကောင်းမှာ။ ဒါတောင် အလောင်းတစ်လောင်းနဲ့တင် မပြည့်စုံသေးဘူး။ ၁၄– ၁၅ လောင်းလောက်ကို တွေ့ရမှ' လို့ အငြိမ်းစား သမိုင်းပါမောက္ခ ဒေါက်တာ သန်းထွန်းက တောင်းဆိုပါတယ်။

ဒေါက်တာသန်းထွန်းဟာ မကြာခင်က ဦးဘမော် ရုပ်ကြွင်းတွေ့ခဲ့တဲ့ နွယ်ခွေကျေးရွာကို သွားရောက်ခဲ့ပါသေးတယ်။ ကျောက်လက်နက် အချို့လည်း ရရှိခဲ့သေးတယ်။

"ကမ္ဘာမှာ ဘယ်လောက် စီးပွားရေးအရ အရေးကြီးတဲ့ အဆောက်အဦတွေ ဆောက်ဆောက် ရှေးဟောင်း မနုဿဗေဒ ပညာရှင်၊ သမိုင်းပညာရှင်တွေက ဒီနေရာဟာ ပညာရပ်အရ တန်ဖိုးကြီးတယ်လို့ ဆိုလိုက်ရင် အားလုံးနောက်ဆုတ်ပေးရ

တာပဲ၊ လုံးဝ မထိရဘူး။ ကျွန်တော် နှယ်ခွေသွားတာက တော့ ရေလှောင်တမံဆည်ကြီး ဆောက်တော့မယ်ဆိုလို့ အဲဒီ နေရာကို နောက်ဆုံးအနေနဲ့ ပြေးကြည့်တာပါပဲ" လို့ ဒေါက်တာ သန်းထွန်းက ရယ်ရယ်မောမော ပြောပါတယ်။

ဦးဘမော်ရဲ့ အဆိုကို ငြင်းခုန်ကြခဲ့ပေမယ့် ဒီရုပ်ကြွင်း ကို ဒေါက်တာ ဦးသိန်းတစ်ယောက်ပဲ ကြည့်ခွင့်ရလိုက်ပါသတဲ့။ ငြင်းဆိုသူ ပညာရှင်အများစုဟာ ဓာတ်ပုံကိုပဲ ကြည့်ပြီး ကောက် ချက်ချကြရတာပါ။ မြန်မာပညာရှင်တွေရော၊ ပြည်ပ ပညာရှင် တွေပါ ကြည့်ခွင့် မကြုံလိုက်ရတော့ပါဘူး။ ဒီတစ်ခါမှာတော့ ဦးဘမော်က သူ နှယ်ခွေက ရခဲ့တဲ့ ရှေးလူရဲ့ မေးရိုးရုပ်ကြွင်း ကို အဲဒီတုန်းက အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သန်းညွန့်လက်ထဲ အပ်ခဲ့ပါတယ်။ တိုင်းမှူးက လည်း အဲဒီတုန်းက မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ကို မန္တလေးမှာ ပြသခဲ့ပြီး ဦးဘမော်ကို ဖိတ်ကြားလို့ သုံးယောက် သား ညစာ စားခဲ့ကြပါသေးတယ်။

"ဒါဖြင့် ဆရာ ... အဲဒီသွားတွေ ကျွန်တော်တို့ ဘယ်မှာ ကြည့်နိုင်မလဲ" လို့ မေးတော့ ဦးဘမော်ကိုယ်တိုင်လည်း မသိ ပါဘူးတဲ့။ မြန်မာနဲ့ နိုင်ငံတကာပညာရှင်တွေရဲ့ အတည်ပြု ချက် လိုအပ်နေသေးပေမယ့် ဒီသွားတွေဟာ မြန်မာတစ်မျိုး သားလုံးအတွက်၊ ကမ္ဘာ့လူသားမျိုးနွယ်ရဲ့ ဖြစ်စဉ်ခရီးအတွက် တန်ဖိုး မဖြတ်နိုင်လောက်တဲ့ ပစ္စည်းတွေ ဖြစ်ကောင်း ဖြစ် နိုင်တာမို့ နိုင်ငံတော်ရဲ့ လုံခြုံ စိတ်ချရတဲ့ နေရာမှာ ထိန်း သိမ်းထားရှိလိမ့်မယ်လို့တော့ ကျွန်တော်တို့ ယုံကြည်ပါတယ်။

ဦးဘမော်က သူ့ 'မြန်မာလူ' အကြောင်း စာတမ်းကို ဟောင်ကောင် တက္ကသိုလ်ထုတ် (The East Asian Tertiary/

Quaternary Newsletter) စာစောင်ကို ပေးပို့လိုက်တော့ ၁၉၉၃ ခုနှစ်ထုတ် စာစောင်မှာ ပါရှိလာပါတယ်။ မြန်မာလူအကြောင်း ကမ္ဘာက ဘယ်လောက် စိတ်ဝင်တစား တုန့်ပြန်လာမလဲဆို တာကတော့ စောင့်ကြည့်ရမှာပါ။

မြန်မာလူရဲ့ တန်ဖိုးအစစ်အမှန်ကို တညီတညွတ် မဆုံး ဖြတ်နိုင်သေးပေမယ့် အဲဒီ တွေ့ရှိချက်ကို မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ သုတေသနဌာနက ဒုတိယအကြိမ် ပြင်ဆင် ရိုက်နှိပ်တဲ့ အခြေပြ မြန်မာနိုင်ငံရေးသမိုင်း ပထမတွဲမှာ ရေး သား ဖော်ပြခဲ့ပါတယ်။ ဒါတင်မက မုံရွာမြို့ ရာပြည့် ကျောက်စာမှာလည်း မြန်မာလူ၏ မူလအစကို ဤဒေသမှ စတင် တွေ့ရှိခဲ့သည်လို့ ရေးထွင်းမော်ကွန်းတင်ထားပြီးပါပြီ။ မုံရွာသားတွေကတော့ အဲသည်အတိုင်းပါပဲ။ လုပ်ချင်ရင် လုပ် လိုက်တာပဲ။ ကျန်တာ နောက်မှကြည့်ရှင်း။ အင်း ...။

ⅩⅩⅩ ⅩⅩⅩ ⅩⅩⅩ

(၉)

ဟုတ်ကဲ့။ ကျွန်တော့သားကြီး မေးတဲ့ လူဘယ်နေရာ က စသလဲမေးခွန်းကို ကျွန်တော် မဖြေနိုင်တာ အဲဒါတွေကြောင့် ပါ။

ကျွန်တော်တို့မှာ အထောက်အထားတွေ လိုနေတယ်။ ဒါပေမယ့် ရှိသမျှသော အထောက်အထားလေးတွေတောင် ဘယ်နေရာ ရောက်နေမှန်း မသိရပါဘူး။ ပုံတောင်ကျီးယား မေးရိုး လေးခုကို ပကတိအတိုင်း ကြည့်ဖူးချင်လို့ မေးမြန်းတဲ့ အခါ အ – ဆ – ည ကပဲ သိမ်းထားသလိုလို အမျိုးသားပြတိုက်

ပို့လိုက်သလိုလိုနဲ့ ရေရေရာရာ မသိခဲ့ရပါဘူး။ နွယ်ခွေမေးရိုးလည်း ထိုနည်းအတိုင်းပါပဲ။

ကျွန်တော်ကတော့ ဇာတိမာန် တက်ချင်သူပါ။

ကမ္ဘာမှာ လူအစ မြန်မာကဟော့လို့ ကြွေးကြော်ပြီး ဇာတိမာန် တထောင်းထောင်း လက်ခမောင်း တဖြောင်းဖြောင်း ခတ်ချင်သူပါ။

အမေရိကန်တို့၊ ဂျပန်တို့ကို 'ဩော် ... ငါတို့နောက် မှ လူဖြစ်ခဲ့ကြရရှာတာပါလား' လို့ သနားစိတ်ကလေးနဲ့ အပေါ်စီးက ကြည့်လိုက်ချင်သူပါ။

အဲဒီလို ကျွန်တော်တို့ ခံစားနိုင်ဖို့ဆိုတာ အခုလက်ရှိ အထောက်အထားတွေကို သက်ဆိုင်ရာ ကမ္ဘာပညာရှင်တွေ ကိုယ်တိုင် ကြည့်ရှုစစ်ဆေး လေ့လာပြီး လိုအပ်ရင် ရေဒီယို အက်တစ်နည်းကဲ့သို့သော သက်တမ်း ထုတ်ဖော်ပုံမျိုးနဲ့ ဆောင်ရွက်ကြပြီး သေချာတဲ့ အဖြေတစ်ခုကိုတော့ဖြင့် သိချင်လှပါပြီ။ တကယ်လို့များ ဒီရုပ်ကြွင်းတွေရဲ့ သက်တမ်း အာဖရိကထက်များ စောခဲ့မယ်ဆိုတာ သေချာခဲ့ရင် လူဆင့်ကဲဖြစ်စဉ် သမိုင်းကြီးကို အသစ်တစ်ဖန် ပြန်လည် ရေးသားကြရတော့မှာပါ။

အဲဒီအတွက် ရှိပြီးသမျှ အထောက်အထားလေးတွေရဲ့ တန်ဖိုးအစစ်အမှန်ကို သေချာအောင် ဖော်ထုတ်နိုင်စေကြောင်းနဲ့ နောက်ထပ် အထောက်အထားများလည်း များများနဲ့ မြန်မြန် ရရှိကြပါစေကြောင်း ကျွန်တော်က ဆုတောင်းလိုက်ရပါတယ်။

၁၉၉၅၊ စက်တင်ဘာ

# အပြောင်းအလဲ

အတွေးတွေ၊ အမြင်တွေ
ပြောင်းပစ်ဖို့ အချိန်တန်ပါပြီ။
အရာရာ အဆင်ပြေပြည့်ကျော်ညောင်နေရုံနဲ့
မလုံလောက်တော့ပါဘူး။
ရှင်သန်တည်မြဲရေးဟာ
သတ္တိနဲ့ စိတ်ကူးတို့အပေါ် တည်နေပါတယ်။

# ၁၅၇

*တည်ငြိမ်အောင် ထိန်းထားတဲ့ ကမ္ဘာလောကကြီး*
*ပြောင်းလဲသွားလို့တော့ဖြင့် မငိုကြွေးပါလေနဲ့။*
*ပြောင်းလဲမှု ကင်းမဲ့တဲ့ အနေအထားကသာ*
*တကယ် ငိုရဖို့ အကြောင်းဖန်လာမှာ။*
**(ဝီလျံ ကူလင် ဘရိုင်းယင်)**

ပြောင်းနေတယ်။

အရာအားလုံး ပြောင်းနေတယ်။

ဖြစ်ပျက် ပြုပြင်နေတဲ့ သင်္ခါရ လောကကြီးထဲမှာ အရာရာဟာ ပြောင်းလဲနေတာကြောင့် အနိစ္စတဲ့။ ဘာမှ မမြဲတာကြောင့် အနတ္တတဲ့။ ပြောင်းလဲခြင်းမှ တစ်ပါး တည်မြဲသော အရာမရှိပါဘူးတဲ့။ ပြောင်းလဲခြင်းဟာ ဗုဒ္ဓတရားတော်ရဲ့ အခြေခံအုတ်မြစ်ပါ။ ရှင်တော်ဗုဒ္ဓ နောက်ပိုင်း ပေါ်ထွန်းခဲ့တဲ့ ဂရိတွေးခေါ်ပညာရှင် 'ဟီရာကလိတပ်' ကလည်း ဒီသဘောကို ရိပ်စားမိခဲ့ပါတယ်။ 'လူတစ်ယောက်သည် မြစ်တစ်မြစ်အတွင်းသို့ နှစ်ကြိမ်မဆင်းနိုင်' ဆိုတဲ့ သူ့စကားဟာ အခုထိ ကျော်ကြားနေဆဲပါပဲ။

ပြောင်းလဲခြင်းဟာ ကျွန်တော်တို့ အားလုံး လိုက်နာနေကြရတဲ့ မဟာဥပဒေကြီးပါ။ တန်ခိုးအကြီးဆုံး သဘာဝဓမ္မလည်း ဖြစ်ပါတယ်။ သဘာဝဓမ္မတို့မည်သည် လူ့စိတ်ဆန္ဒနဲ့ ကင်းလွတ်ပြီး သူ့သဘောသူ ဆောင်နေတာကြောင့် ကျွန်တော်တို့ သဲဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ သူကတော့ ဖြစ်တည်ပျက် ခရီးကို မှန်မှန်ကြီး သွားနေလေရဲ့ ဒီလိုနဲ့ ၁၉၉၅ ခုနှစ် နှောင်းပိုင်းအထိ ရောက်လာကြပြီပေါ့။

ဟော ရှေ့မှာ။

တံခါးဝကြီးတစ်ခု။

အပေါ်မှာ စာတမ်းကြီးနဲ့။

"၂၁ ရာစုက ကြိုဆိုပါတယ်" ဆိုပါလား။

ဩော်.. ဘာလိုလိုနဲ့ နောက်ငါးနှစ်ကျော်ရင် ၂၁ ရာစုထဲ ကျွန်တော်တို့ ဝင်ကြရတော့မှာပါလား။ ငါးနှစ်ဆိုတာ ခဏလေး။

၂၁ ရာစုကို ကျွန်တော်တို့ ဘယ်လို ဝင်ကြမလဲ။

ခေါင်းမော့ ရင်ကော့ပြီး ဝင်ကြမလား။

ကုတ်ချောင်း ကုတ်ချောင်းနဲ့ ဝင်ကြမလား။

××× ××× ×××

ငါငယ်ငယ်ခိုက်ကယ်က
မိုက်မိတယ် စောကြွယ်ရယ်
ဒွေးစိန်ရဲ့တူ သောမြတ်ကယ်နဲ့
သနပ်ကန် ဘောင်ယာထဲမှာ
ကျွဲကျောင်းရတယ်၊ အိုလေးအဝေး
(တကြော့တမော့။ အကျွန်ကန်တော့ပါရဲ့

အပေါ့လေးများ သည်တွင်သွားရင်ဖြင့်
တောဖျားကနတ်၊
ဘမ်းစားတတ်သည်) ဟု
သောမြတ် သူက ပြောသောအခါ
တောထဲမှာ စောကြွယ်ရယ်
တကယ် ငါယုံမိသေး။
(တကြော့တမော့၊
အကျွန် ကန်တော့ပါရဲ့
အပေါ့ပေါက်ရန်၊ အိမ်ကိုပြန်လျှင်
နှင့်ထံတွင်တဲ့၊ ငါ့ဟာကို
ဆိတ်စာထည့်လိုက်ပါရစေ) တဲ့
တကယ်အေရယ်
သောမြတ် နှစ်ခါတွယ်လို့
သက်နှစ်ဆယ် အရွယ်ရှိခါမှ
ငါသိတယ်လေး။

(မူရင်းသတ်ပုံအတိုင်း)

အဲဒါကတော့ မြန်မာသတင်းစာ ဆရာတို့ရဲ့ ဘိုးအေကြီး ဘိုးဝဇီရရဲ့ "တောသားက တောသူကို မတရားလှည့်ဖြား သတင်း" ဆိုတဲ့ သတင်းအရေးအဖွဲ့ပါ။ ရတနာပုံ သတင်းစာမှာ ရေးခဲ့တာ။ ဘိုးဝဇီရတို့ခေတ်က တစ်ခါတစ်ရံ သတင်းကို ဒီလိုပဲ ရေးဖွဲ့ခဲ့ကြဟန် တူပါရဲ့။ ဒီအရေးအဖွဲ့ကို စာပေဗိမာန် ထုတ် 'ဟာသစာပေစာတမ်းများ' ဆိုတဲ့ စာအုပ်မှာ ဖတ်လိုက်ရတော့ ပါးစပ်က အသံထွက်လောက်အောင် ရယ်လိုက်ရပါတယ်။ ဪ_ 'အ'လိုက်တဲ့ တောသူနှယ်ဆိုပြီးပေါ့။ စာတမ်း

ရှင် ဆရာ ဦးညိုမြကတော့ အရိုင်းကို အယဉ်ဖြစ်အောင် ရေးတတ်ဖွဲ့တတ် ပါပေတယ်လို့ မှတ်ချချခဲ့လေရဲ့။

စဖတ်မိတုန်းကတော့ သာမန်ရယ်ရရုံပါပဲ။ ဘိုးဝဇီရ ပေးခဲ့တဲ့ ဟာသရသရဲ့ နောက်ကွယ်က ကြီးမားပြီး အင်မတန် ကြောက်စရာကောင်းတဲ့ သဘောတစ်ခုကို မမြင်ခဲ့မိ၊ မခံစား ခဲ့မိဘူး။ အသက်ကလေးလည်း အတော်ရ၊ အတွေ့အကြုံ ကလေးလည်း အတော်ဝ၊ ဘဝမှာ ခံရချက်တွေကလည်း အတော်လေး လှလာတဲ့အချိန်ကျမှ ဘိုးဝဇီရဲ့ 'တောသူ' ကို ဖျတ်ခနဲ ပြန်လည် အမှတ်ရမိတဲ့အခါ အသိဉာဏ်ထဲမှာ လင်း ခနဲ တစ်ချက် လက်သွားပါတော့တယ်။ အလို ‗ အဲဒီတောသူ ဟာဖြင့် ငါကိုယ်တိုင်ပါပဲလားလို့လည်း မြင်လိုက်ရော စိတ် ထဲမှာ ဖြစ်သွားလိုက်တဲ့ အောင့်သီးအောင့်သက် တစ်ဆို့ဆို့ ခံစားမှုကြီးခင်ဗျာ။ ကိုယ့်အလှည့်ကျတော့ ဩော် 'အ' လိုက် တဲ့ ငါ့နှယ်ဆိုပြီး ဝါးလုံးကွဲ မရယ်နိုင်ပေဘူးခင်ဗျ။ အသာ ကလေး တိတ်တိတ်ကျိတ်ပြီး ပြုးတမဲ့မဲ့ ဖြစ်ရပါတယ်။ တစ်ချိန်တည်းမှာ ဆက်တွေးလိုက်မိတာက တောသူကမှ အသက် နှစ်ဆယ်မှာ အဖြစ်မှန်ကို 'သိ' သေး၊ ငါ့မှာဖြင့် အသက်သုံးဆယ် က အတော်ကလေး ကျော်တာတောင် အခုမှ 'ရိပ်' မိရုံရှိ၊ အောင်မယ် မင်း ... တောသူထက် ငါက ပိုပြီး 'အ' နေပါ ပေါ့လားလို့ ရင်ဘတ်ကြီး ထုထုပြီး ငိုချင်းချဖို့သာ ကောင်း တော့တာပဲ။

ဟုတ်ကဲ့။ ငသာမြတ်ဆိုတာ ခေတ်တိုင်းမှာ ရှိပါတယ်။ ခေတ်အဆက်ဆက်မှာ ငသာမြတ် ရှိပါတယ်။ သိပ်ကြောက်ဖို့ ကောင်းတဲ့ ငသာမြတ်ပါ။ ညှဲ့သူအ,သူတိုင်းဟာ ငသာမြတ် လှည့်ဖြားချင်တိုင်း လှည့်ဖြားဖို့အတွက် သားကောင်တွေပေါ့။

သိသူတတ်သူ ကျွမ်းကျင်သူတွေသာ သောမြတ်ရဲ့ စက်ကွင်း ထဲက ပညာပါပါ လှလှပပ ခုန်ပျံရှောင်ထွက်သွားနိုင်ကြတာ ပါ။ ဒါတင်မက သူတို့ကတောင် သောမြတ်ကို ဂုတ်ခွစီးနိုင် ကြသေးရဲ့။

ဒါဖြင့် သောမြတ်ဆိုတာ ဘယ်သူလဲ။ ဘယ်ကကောင် လဲ။ သူဘာလဲ။

ကျွန်တော် ပြောချင်တဲ့ သောမြတ်၊ ကျွန်တော့်ကို နလန် မထူအောင် အကြိမ်ကြိမ် နှိပ်စက်တတ်တဲ့ သောမြတ် ဆိုတာ ကတော့ တခြားလူ မဟုတ်ပါဘူး။ ကျွန်တော်တို့ ကိုယ်တိုင်ရဲ့ 'အတွေး' ပါပဲ။ အထူးသဖြင့် 'တွေးရိုးတွေးစဉ် အတွေး' တွေပါပဲ ။

"ငါတွေးတယ်၊ ဒါကြောင့် ငါဖြစ်တယ်" (I think, Therefore I am) တဲ့။ တွေးခေါ်ရှင် 'ဒေးကား' ရဲ့ ကမ္ဘာကျော် စကားပါ။

လူတစ်ယောက်ရဲ့ ဘဝကို သူ့ရဲ့ တွေးပုံတွေးနည်းတွေ က ပြဋ္ဌာန်းတာပါ။ တစ်စုံတစ်ရာသော အခြေအနေထဲ မှာ နေရတဲ့အခါ အခြေအနေက ခွင့်ပြုသမျှသာ တွေးလေ့တောလေ့ စဉ်းစားလေ့ ရှိတာကြီးက အကျင့်ဖြစ်သွားပါတယ်။ ဒီအကျင့် ဟာ ကြာလေလေ ကြီးထွားနက်ရှိုင်းလေလေ ဖြစ်လာပြီး ကျွန်တော်တို့ရဲ့ တွေးရိုးတွေးစဉ် ဖြစ်သွားတော့တာပါပဲ။ တွေး ရိုးတွေးစဉ် တွေးတဲ့လူဟာ လုပ်ရိုးလုပ်စဉ်တွေကိုသာ လုပ်တတ် ပါတော့တယ်။ လုပ်ရိုးလုပ်စဉ်လုပ်တဲ့ ကိစ္စရပ်တိုင်းဟာ ရေရှည် အတွက် စိတ်မချရပါဘူး။ ထက်မြက်ထိရောက်တဲ့ အကျိုး အာနိသင်ကိုလည်း ဘယ်တော့မှ မရနိုင်ပါဘူး။ နောက်ဆုံး ပြီးရိုးပြီးစဉ်နဲ့သာ ပြီးသွားမယ်၊ ဘယ်သူ့အတွက် ဘာအကျိုး

မှ ကျန်ရစ်ခဲ့မှာ မဟုတ်ပါဘူး။ အချိန်၊ လုပ်အား၊ ငွေအား၊ တွေ အကျိုးမဲ့ ဆုံးရှုံးသွားတာကလွဲလို့ပေါ့။

အရာရာတိုင်းဟာ အချိန်နဲ့အမျှ ပြောင်းလဲနေတယ်။ ကမ္ဘာကြီးပေါ်က အပြောင်းအလဲတွေဟာ နေ့စဉ်နဲ့အမျှ ကျွန်တော့် အိမ်ရှေ့က ဖြတ်သွားနေကြတယ်။ ဒါပေမယ့် ကျွန်တော့်ရဲ့ အတွေးတွေကတော့ မပြောင်းကြသေးဘူး။ စိတ်အခံတွေက မပြောင်းကြသေးဘူး။ ဖောက်ထွက်စဉ်းစားဖို့၊ ဖြန့်ကျက်စဉ်းစား ဖို့ သတိမရနိုင်သေးဘူး။ အစဉ်အလာကြီးထဲမှာပဲ တွေးလို့ ကောင်းတုန်း၊ လုပ်လို့ကောင်းတုန်း၊ အငွေ့ဖြစ်သွားတဲ့ ပြီးဆုံး မှုမျိုးတွေ ပြီးလို့ကောင်းတုန်း။ နောက်ဆုံး အားကုန်ငြိမ်သက် ဘုန်းဘုန်လဲသွားတဲ့ အခါကျတော့ ကျွန်တော်က အံ့ဩသေး သတဲ့။

××× ××× ×××

(၂)

သွားလေသူ အဘွားရဲ့ ကျေးဇူးကြောင့် အမွေကလေး ထုပ်ထုပ်ပိုက်ပိုက် ရလိုက်တဲ့အခါ လုပ်ငန်းတစ်ခု လုပ်ဖို့ ကျွန်တော် စဉ်းစားရပါတယ်။ ဘာလုပ်ငန်းများ လုပ်ရပါ့မလဲ ။ စီးပွားရေးဆိုတာလည်း တစ်ခါမှ မလုပ်ဘူး မလုပ်တတ်။ ကိုယ်ကိုယ်၌ကလည်း စာကလေးဘာကလေး မတောက်တခေါက် ရေးသားနေသူဆိုတော့ မဂ္ဂဇင်းတစ်စောင်ထုတ်ရရင် ကောင်း မယ်လို့ စိတ်ကူးရပါတယ်။ နီးစပ်ရာ စာပေ အသိုင်းအဝိုင်းနဲ့ တိုင်ပင်ကြည့်တော့ သိပ်ကောင်းတာပေါ့လို့ ပြောကြတယ်။ ဒါနဲ့ပဲ ထုတ်ဝေခွင့် ကျထားပြီး မထုတ်နိုင်သေးတဲ့ မဂ္ဂဇင်း တစ်စောင်ကို ငှားရမ်းဖြစ်သွားတယ်။

မဂ္ဂဇင်းလုပ်တော့မယ်လို့ စတင် စဉ်းစားကတည်းက မဂ္ဂဇင်းရဲ့ ပေါ်လစီကို ကျွန်တော် မစဉ်းစားပါဘူး။ ဘယ်မှ ဘယ်လမ်းကြောင်း ဘယ်လို အမျိုးအစားဆိုတာ ကျွန်တော် မစဉ်းစားဘူး။ မဂ္ဂဇင်းလို့ ဆိုလိုက်တာနဲ့ပဲ ကဗျာပါမယ်၊ ကာတွန်းပါမယ်၊ ဝတ္ထုပါမယ်၊ ဆောင်းပါးပါမယ်၊ ဝေဖန်ရေး ပါမယ်၊ ရုပ်ရှင်၊ ဂီတ၊ ဗီဒီယိုပါမယ်၊ နိုင်ငံတကာ သတင်း တွေ ထည့်ရမယ်၊ အနုပညာလောကရဲ့ သတင်းဝလင်းတွေ ထည့်ရမယ်၊ ထူးဆန်းထွေလာလေးတွေလည်း ပါရလိမ့်ဦးမယ်၊ စီးပွားရေး အောင်မြင်ရေး တက်ကျမ်းတစ်ပုဒ်လောက်လည်း ထည့်ဦးမှ။ ပူပူစပ်စပ် ဝေဖန်ရေးတွေလည်း ပါမယ်လေ စသည်ဖြင့် အလိုအလျောက် တွေးလိုက်ပြီးသားပါ။ ဟော ဗေဒင်ပါ ထည့်လိုက်တော့ ဖောင်နှစ်ဆယ် ပြည့်ရောပေါ့။ မဂ္ဂဇင်းလုပ်တာ လွယ်ပါတယ်။

လွယ်မှာပေါ့။ ကျွန်တော်က တွေးရိုးတွေးစဉ် တွေးတာ ကိုး။ လုပ်ငန်း စ,မလုပ်ခင်ကတည်းက ငါဘာလဲဆိုတာ ကျွန်တော် မတွေးဘူး။ ငါ့ရဲ့ 'ဓ' ဟာ ဘာလဲ၊ ငါ ဘာလုပ် နိုင်သလဲ ဆိုတာ မတွေးဘူး။ ငါ ဘာဖြစ်လို့ မဂ္ဂဇင်း ထုတ်ချင် ရတာလဲ၊ ပရိသတ်ကို ပြောချင်တာ၊ ပြောစရာ ငါ့မှာ ဘာ တွေ ရှိသလဲ မတွေးဘူး။ ဘာမှ မတွေးပါဘူး။ ကျွန်တော့် အသိထဲမှာ အစဉ်အလာအရ မဂ္ဂဇင်းဆိုတာ ဒါမျိုးပဲလို့ သိနေတော့တာ။ လမ်းကြောင်းသစ်ရှာဖို့ မကြိုးစားဘူး။ ဖောက် ထွက်ဖို့ မကြိုးစားဘူး။ ကိုယ်ကိုယ်တိုင် အသိအမြင် ကျယ်ပြန့် ဖို့ မကြိုးစားဘူး။ ဒီလိုသာ မကြိုးစားတယ် ကျွန်တော့် မဂ္ဂဇင်း ကို စီးပွားရေးအရ အောင်မြင်ချင်သေး။ ဩဇာသိက္ခာလည်း ရှိချင်သေး။

'သီးသန့် အမျိုးအစားခေတ်' ဟာ လာနေပြီဆိုတာ ကျွန်တော်မှ မသိဘဲ။ အမျိုးအစားတူတွေ ယှဉ်ပြိုင်မှုကြီးထဲမှာ ရောယောင်ညပ်ပါရင်း ခနလိုလည်း မလုပ်နိုင်၊ မဟေသီလိုလည်း မပီပြင်၊ ဟန်သစ်လိုလည်း မော်ဒန်မဖြစ်နဲ့ လေးအုပ်မြောက်မှာ အောင်မြင်စွာ ရပ်နားလိုက်ပါတော့တယ်။

ငါ ဘာတွေ ညံ့ခဲ့သလဲ လို့ ကျွန်တော်ကိုယ့်ကိုယ်ကို မမေးပါဘူး။

ဩော် ငါနဲ့ ဒီအလုပ်နဲ့ အကျိုးမပေးပါလားလို့ ကျွန်တော်က နောက်ဆုံး ကောက်ချက်ချခဲ့တာပါ။

နောက်ဆုံးထုတ် ကျွန်တော့် မဂ္ဂဇင်းမှာ ဝေဖန်ရေး ဆောင်းပါးတစ်ပုဒ် ကျွန်တော် ရေးလိုက်သေးတယ်။ ဝတ္ထုတစ်ပုဒ်ကို ဝေဖန်တာပါ။ ရပ်ရည် သိပ်မလှရှာတဲ့ ရုံးစာရေးမ တစ်ဦးရဲ့ စိတ်လှုပ်ရှားပုံတွေကို အသေးစိတ် ရေးထားတဲ့ ဝတ္ထုပါ။ ကျွန်တော် ပက်ပက်စက်စက် ဝေဖန်ပစ်လိုက်တယ်။ အင်မတန် ဖောက်ပြန်တဲ့ ဝတ္ထု၊ အဆိပ်အတောက် ဝတ္ထု၊ မဖတ်သင့်တဲ့ ဝတ္ထု၊ မရှိသင့်တဲ့ ဝတ္ထု၊ ပိတ်ပင်ပစ်ရမယ့် ဝတ္ထု အစရှိသည်ဖြင့် စကားလုံးပြောင်ပြောင်တွေ သုံးစွဲပြီး ဘာဖတ်သူ အကျိုးအတွက် ကျွန်တော် တိုက်ခိုက်ပါတယ်။ တစ်ဖက်လူ ခေါင်းမထောင်သာအောင် နှိပ်နယ်နင်းချေပါတယ်။

ဝေဖန်ရေးဆိုတာ ဒါမျိုး၊ ဝေဖန်ရေး လေသံဆိုတာ ဒါမျိုးလို့ ကျွန်တော် ထင်ခဲ့တာကိုး။ ဝတ္ထုဟာ တမင် စေတနာ ပါပါ ရည်ရွယ်ချက် ရှိရှိကြီးနဲ့ ညစ်ညမ်းစိတ်ပေါ်လာအောင် ရေးတာလား၊ လူ့အတွင်း စိတ်သဘောကို တင်ပြချင်တာလား။ လူ့စိတ်ကို ပြောချင်တယ်ဆိုရင် ညစ်ညမ်းတယ်ဆိုတဲ့ စာသားတွေဟာ ဝတ္ထုသဘောအရ တကယ် လိုအပ်သလား၊ မလိုအပ်

ဘူးလား။ လူ့အဖွဲ့တွက်ကို ပေါ်လွင်အောင် ဖော်ရာမှာ ဘယ်လောက် ထိရောက်အသုံးဝင်သလဲ အစရှိသဖြင့် ကျွန်တော် ခွဲခြား မပြောခဲ့ဘူး။ လူ့နလုံးသားကို ပကတိအတိုင်း သွေးစိမ်းရှင်ရှင်နဲ့ လှပ ထိရောက် အနုပညာမြောက်စွာ ဖွဲ့ဆိုနိုင်သလား ကျွန်တော် မသုံးသပ်ခဲ့ဘူး။ ကျွန်တော် အခိုင်အမာ ပြောခဲ့တာက မြန်မာဝတ္ထုတွေဟာ ဒီကိစ္စကို လုံးဝ မရေးသင့်ဘူး။ မြန်မာ့ လူ့အဖွဲ့အစည်းနဲ့ လုံးဝ မအပ်စပ်ဘူး။ ပြည်သူကို ဘာအကျိုးမှ မပြုဘူး ဆိုတာပဲ။ စာရေးဆရာ တစ်ယောက်ကို ဘာကိုဖြင့် မရေးရဘူး၊ ဘာကိုပဲ ရေးရမယ်လို့ ကန့်သတ်ခွင့် ရှိမရှိ ကျွန်တော် မတွေးမိဘူး။ 'ကျွန်တော့်ကို ဘာရေးပါလို့ ဘုရားသခင် အပါအဝင် ဘယ်သူကမှ လာမပြောဘူး' ဆိုတဲ့ အီမာဆင်ရဲ့ စကားကိုလည်း ကျွန်တော် မကြားဘူး။ အဆိုးဆုံးကတော့ ဒီဝတ္ထုမျိုးကို ထုတ်ဝေခွင့် မပြုသင့်ဘူးလို့ ပြောလိုက်မိတာပါပဲ။ ကန့်သတ်ပိတ်ပင်မှုဟာ လုပ်ရိုးလုပ်စဉ်လို့ ဘဝက သင်ကြားပေးထားတော့ ကျွန်တော့် စိတ်ထဲမှာ အဲဒီအတိုင်း စွဲဝင်နေပြီလေ။

"စိတ်ဓာတ်တွေ ဖွင့်ထားနိုင်မှ တော်ကာကျတဲ့ အပြောင်းအလဲ ခေတ်ကြီးမှာ စာဖတ်သူကို ပွင့်အောင် ဖွင့်ပေးမယ်ဆိုတဲ့ မင်းတို့ စာပေသမားတွေ ကိုယ်တိုင်က မပြောင်းလဲကြပါလား။ အရင်အတိုင်းပဲ" လို့ မိတ်ဆွေတစ်ယောက်က မှတ်ချက်ပြုတော့ ကျွန်တော်က အင်မတန် စိတ်ဆိုးခဲ့တာ။

xxx xxx xxx

(၃)

ခေတ်တစ်ခေတ်အတွက် ပြန်လှန် မေးခွန်းထုတ်စရာ မလိုတဲ့ ယုံကြည်လက်ခံမှု တချို့နဲ့ သေချာမှုတချို့ဟာ နောက်ခေတ် အတွက်ကျတော့ ရှင်းရခက်တဲ့ ပြဿနာတွေ ဖြစ်လာတတ်ပါတယ်။ ခေတ်ကုန်နေပြီဖြစ်တဲ့ အစွဲအလမ်းတွေ၊ အတွေးအယူတွေ၊ လုပ်ဟန်ကိုင်ဟန်**တွေ**နဲ့တော့ ပြောင်းလဲနေတဲ့ ကမ္ဘာကြီးထဲ တိုးဝင်ဖို့ မလွယ်လှပါဘူး။ **ခေတ်ဟောင်း** အစွဲမဖျောက်နိုင်ကြတာကြောင့် အာဏာရှင် အုပ်ချုပ်ရေးပြဿနာ၊ အစွန်းရောက် ဘာသာရေး အခြေခံဝါဒီ ပြဿနာတွေ ပေါ်နေရတာပါ။ ပြောင်းလဲနေတဲ့ အနာဂတ်ကို ကြည့်မြင်ရာမှာ ကိုယ့်နေရာကိုယ် ကွက်ကွက်ကလေး ကြည့်နေလို့ မရတော့ပါဘူး။ တစ်ကမ္ဘာလုံး အတိုင်းအတာ၊ အားလုံးရဲ့ အနာဂတ်အဖြစ် ကြည့်နေကြတဲ့ အချိန် ဖြစ်နေပါပြီ။ ကမ္ဘာ့အနာဂတ်ထဲမှာ ကိုယ်က ဘယ်လိုဘယ်ပုံ ပြောင်းလဲပါဝင်နိုင်မလဲလို့ စဉ်းစားကြရတဲ့ အခြေအနေပါ။ ဆက်သွယ်ရေး ခေတ်ကြီးထဲမှာ ကိုယ်ပိုင်နေရာဒေသဆိုတာ နာမည်သဘောပဲ အဓိပ္ပာယ် ရှိတော့တာပါ။ ကျွန်တော်တို့အားလုံး ကမ္ဘာကြီးပေါ်မှာ နေထိုင်ကြပါတယ်။ ကမ္ဘာသားတွေ ဖြစ်ကြပါတယ်။

"ပျင်းလိုက်တာကွာ၊ ပါရီသွားပြီး ကော်ဖီသောက်ရအောင်၊ ပြီးတော့ နယူးယောက်မှာ ရုပ်ရှင်ဝင်ကြည့်မယ်။ စပီးဘတ်ရဲ့ ဇာတ်ကား ရုံတင်နေပြီတဲ့။ အပြန်ကျ ပီကင်းဝင်ပြီး အမေ့ဖို့ ဘဲကင်ဝယ်ရမယ်။ ဟာ ... မေ့နေလိုက်တာ တိုကျိုက စာအုပ်အဟောင်းတန်းမှာလည်း စာအုပ်ဝင်မွှေရဦးမယ်ဟေ့" အစရှိသဖြင့် သူငယ်ချင်းတစ်ယောက်က ရေရွတ်တဲ့အခါ ကျွန်တော်က ရယ်ပါတယ်။

ဘာဖြစ်လို့ ကျွန်တော် ရယ်သလဲ။ သူပြောနေတာတွေဟာ တကယ် မဖြစ်နိုင်လို့လား။ ဖြစ်နိုင်တာပေါ့။ ဒါပေမယ့် ကျွန်တော့်ရဲ့ လက်ရှိစိတ်အခံက ဒါကို ဖြစ်နိုင်တယ်လို့ လက်မခံတော့ ရယ်မိတာပေါ့။ ကျွန်တော်က ဖြစ်နိုင်တဲ့ဘက်က ပြောင်းပြီး မတွေးဘူးလေ။

ဒါပေမယ့် ပြောင်းစရာရှိတာတွေကတော့ ပြောင်းနေတာပါပဲ။

ဗိုင်းကောင်းကျောက်ဖိလို့ ပြောကြတဲ့ မိန်းကလေးတစ်ယောက်ဟာ ဟိုတုန်းကတော့ တန်ဖိုးပေါ့။ ငရုတ်သီးကို သပ်သပ်ရယ်ရယ် ထောင်းတတ်တာနဲ့ မယားဝတ္တရားတွေ ကျေပွန်တတ်မြောက်တာဟာ အရည်အချင်းပဲ။ အခုအချိန်မှာတော့ ကျုံ့ကျုံ့လေးထိုင်၊ ခေါင်းငုံ့ပြီး ဖျာကို လက်သည်းနဲ့ခြစ်နေတတ်တဲ့ မိန်းကလေးထက် ဉာဏ်ရည်မြင့်၊ ပညာတတ်၊ သွက်လက် ချက်ချာတတ်သိ လိမ္မာပြီး ရဲရင့်သေချာတဲ့ ခြေလှမ်းတွေနဲ့ နိုင်ငံတကာအထိ လှမ်းစဉ်းစားနိုင် ကြည့်နိုင် စိတ်ကူးနိုင်တဲ့ မိန်းကလေးမျိုးကို ခေတ်ကြီးက တောင်းဆိုနေပါပြီ။

ကမ္ဘာကြီးမှာတော့ လူမှုရေးတွေ ပြောင်းတယ်။ စီးပွားရေး လုပ်ဟန်တွေ ပြောင်းတယ်။ နိုင်ငံရေး အမြင်တွေ ပြောင်းတယ်။ နောက်ကျ မကျန်ရစ်ချင်ရင်တော့ အပြောင်းအလဲဟာ လုပ်ကို လုပ်ရမယ့် ကိစ္စပါ။

ဦးဆုံး ပထမ ကျွန်တော်တို့ ဘာတွေကို ပြောင်းကြရမလဲ။

စိတ်ပိုင်းဆိုင်ရာတွေကို ဦးဆုံး ပြောင်းရမှာပါ။

**အားမဲ့တဲ့ စိတ်အခံကိုပြောင်း**

စောစောက ကျွန်တော်ပြောခဲ့သမျှဟာ စိတ်အခံကိစ္စပါ။ သိမ်ငယ်စိတ်၊ ကြောက်စိတ်၊ ကိုယ့်ကိုယ်ကို ဘာတန်ဖိုးမှ မရှိဘူးလို့ ထင်တဲ့စိတ်၊ ငါ့ဘာမှ မလုပ်နိုင်ဘူးလို့ ထင်တဲ့စိတ်၊ အစရှိတဲ့ အားမဲ့တဲ့ စိတ်အခံတွေကို ပြောင်းပစ်ရမှာ။

**တွေးပုံတွေးနည်းကို ပြောင်း**

ထောင့်ကွေးထဲမှာ ပိတ်မိနေတဲ့ အတွေးမျိုး မဖြစ်ပါစေနဲ့။ အစဉ်အလာ တွေးရိုးတွေးစဉ် မတွေးမိဖို့ သတိပြုပါ။ ထောင့်စုံအောင် တွေးပါ။ အတွေးဟာ အတားအဆီး တစ်ခု နဲ့တွေ့ရလို့ အဲဒီနေရာမှာတင် ရပ်မပစ်လိုက်ပါနဲ့။ တွေးလမ်းရှာပါ။ ဖောက်ထွက်တွေးပါ။ ဖြန့်ကျက် တွေးပါ။ အဖြူရဲ့ ဆန့်ကျင်ဘက်လို့ ဆိုလိုက်တာနဲ့ အမည်းလို့ တစ်ခါတည်း အလိုအလျောက် တွေးမိတတ်ကြတယ်။ အခြား အခြားသော အရောင်များလည်း ရှိသေးကြောင်း သတိရပါ။ ထည့်စဉ်းစားပါ။

**သမားရိုးကျ အမြင်ကိုပြောင်း**

ဘက်စုံမြင်ပါ။ ဖောက်ထွင်းမြင်ပါ။ ကျော်လွှားမြင်ပါ။ တစ်နေရာထဲက ကြည့်တဲ့ မှုသေအမြင် မဖြစ်ပါစေနဲ့။ နေရာရွှေ့ကြည့်ပါ။ ကန့်သတ်ခြင်း ခံရတဲ့အမြင်ဟာ သိပ်အန္တရာယ်ကြီးနိုင်ကြောင်း အမြဲသတိရပါ။ ဒီလို မဖြစ်နိုင်ရင် ဟိုလိုကော ဖြစ်နိုင်သလား မြင်ကြည့်ပါ။

အဲသလို ကိုယ့်စိတ်၊ ကိုယ့်အတွေး၊ ကိုယ့်အမြင်ကို ပြောင်းလဲပစ်ပြီး အတွေးသစ်၊ အမြင်သစ်၊ စိတ်ကူးစိတ်သန်း

အသစ်၊ သတ္တိအသစ်တွေ ပေါ်ပေါက်လာတဲ့အခါကျမှ ကျွန်တော်တို့ လူအသစ်တွေ ဖြစ်ကြတော့မှာ။

⋈ ⋈ ⋈

(၄)

သူတစ်ပါး ရပ်ရွာတွေမှာတော့ လုပ်ငန်းတွေ၊ အဖွဲ့အစည်းတွေ အရှည် တည်တံ့ဖို့ အပြောင်းအလဲ ဆိုတာ လုပ်ရကောင်းမှန်း သိကြလို့ ဟောတစ်မျိုး ဟောတစ်မျိုးပါပဲ။ စီမံခန့်ခွဲရေးဘာသာရပ်ဟာ နယ်ပယ်တိုင်းမှာ ရေ့က ရောက်လာတယ်။ အာရှက 'ကျား' နိုင်ငံတွေမှာ စီမံခန့်ခွဲမှု ကျွမ်းကျင်သူ ပညာရှင်တွေအတွက် ရွှေလမ်းငွေလမ်း ပွင့်ပါတယ်။

အဲဒီ စီမံခန့်ခွဲမှုဆိုင်ရာ ပညာရှင်တွေရဲ့ လေ့လာချက်အရဆိုရင် လူ့အဖွဲ့အစည်း အပါအဝင် အဖွဲ့အစည်းတိုင်းဟာ သန္ဓေတည်ခြင်း၊ ကြီးထွားခြင်း၊ ဗျူရိုကရေစီ ကြိုးနီစနစ် ဝင်လာခြင်း၊ အထွတ်အထိပ်ကို ရောက်ခြင်း၊ လိုက်ပျက်စီးလာခြင်း၊ ပြိုကွဲပျက်စီးခြင်းဆိုတဲ့ 'ဘဝစက်ဝန်း' Life Circle ပြောင်းလဲခြင်း အဆင့်ဆင့်ကို တွေ့ရပါသတဲ့။ တကယ်လို့ ပြောင်းလဲရမယ်ဆိုတဲ့ အသိသာ ခေါင်းဆောင်တွေမှာ မရှိခဲ့ရင် အဲဒီအတိုင်း သွား၊ အဲဒီအတိုင်း ပြိုကွဲပျက်စီးသွားတာကို တွေ့ရပါသတဲ့။

ဒါကြောင့် လူ့အဖွဲ့အစည်း အပါအဝင် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး အစရှိတဲ့ အဖွဲ့အစည်း အသီးသီးကို ဦးဆောင်နေကြသူတွေဟာ ပြင်ပအကြောင်း အချက်များ ပြောင်းလဲမှုကို မျက်ခြည်အပြတ်မခံရသလို ကိုယ့်အတွင်း အကြောင်းအချက်များ ပြောင်းလဲမှုကိုလည်း မျက်ခြည်အပြတ်မခံဖို့ အထူး

လိုအပ်ပါတယ်။ ဦးဆောင်သူ အများစုဟာ ဒီသဘောကို သဘောတူ လက်ခံကြပေမယ့် လက်တွေ့မှာတော့ ပြောင်းလဲဖို့ တောင်းဆိုနေတဲ့ 'ပကတိဖြစ်ရပ်အသစ်' **New Reality** ကို အသိအမှတ်ပြုဖို့ သိပ်ဝန်လေးကြပါသတဲ့။ ဒါ အပြောင်းအလဲကို တောင့်ခံမိလျက်သားဖြစ်တဲ့ ပထမအကြောင်းအရင်းပါ။

ဒုတိယ အဲဒီ ပကတိဖြစ်ရပ်ကို အသိအမှတ်ပြုဦး။ လုပ်နည်းလုပ်ဟန် အဟောင်းတွေနဲ့ ဆက်လုပ်လို့ အလုပ်မဖြစ်တော့ဘူးဆိုတာကို လက်ခံဖို့ ခက်နေတတ်ပါတယ်။ အဓိကအကြောင်းကတော့ ကိုယ်လုပ်တတ်တဲ့ နည်းက အဲဒီ စီမံခန့်ခွဲမှု ပုံစံအဟောင်း ဖြစ်နေတယ်ဆိုတာရယ်၊ စီမံခန့်ခွဲမှု ပုံစံအသစ်ဟာ ဘယ်လိုလဲ ဆိုတာ သိကို မသိတာရယ်ကြောင့်ပါ။

အဲဒီလို အခါမျိုးမှာ ကုမ္ပဏီ ဦးဆောင်သူတွေဟာ ပြောင်းလဲဖို့ စိတ်ဓာတ်ရေးရာ မလုံမခြုံဖြစ်ပြီး ကိုယ့်ရှိရင်းစွဲ ဥခွံထဲ ကိုယ်ပြန်ဝင်သွားတတ်ကြခြင်းပါပဲ။ ဒီလိုနဲ့ ပြောင်းလဲနေတဲ့ ကမ္ဘာကြီးနဲ့ ဝေးကွာပြီး အထီးကျန် **(Isolation)** ဖြစ်လာပါတယ်။ အထီးကျန်မှု တာရှည်လာတာနဲ့ အမျှ အဲဒီလို အထီးကျန် ဖြစ်မှုကိုလည်း မှန်ကန်တယ်လို့ ပြောဆိုလာတတ်ပြန်ပါတယ် **(Justification)**။ အဲဒီအခါ မိမိအုပ်စုမှတစ်ပါး အခြားအုပ်စုများအပေါ် ယုံကြည်စိတ်ချမှု ကင်းလာပြီး ကိုယ့်ဝေလေ့ ထုံးစံကိုပဲ ကိုယ်တွယ်၊ ကိုယ့်လုပ်နည်းလုပ်ဟန်အတိုင်းပဲ ဆက်လုပ်၊ ပြင်ပကမ္ဘာထဲ တိုးဝင်လို့ မရနဲ့ နောက်ဆုံးအကျပ်အတည်းကာလ **(Crisis)** ကို ရောက်ပါတယ်။ အဲဒီအခါမှ အဖွဲ့အစည်းတွေဟာ မပြောင်းမဖြစ် ပြောင်းရတဲ့ ကိန်းဆိုက်တတ်ပါတယ်။ ဒီအခါမှ ကိုယ့်အဖွဲ့၊ ကိုယ့်ကုမ္ပဏီကို အလုံးစုံ

ပြောင်းလဲမှု လုပ်ကြရတာပါ။ ဒါကို Reengineeering လို့ စီမံခန့်ခွဲမှု ဘာသာရပ်မှာ သုံးနှုန်းပါတယ်။

ဒါကြောင့် အပြောင်းအလဲတစ်ခု ဖြစ်ချင်တဲ့ ကုမ္ပဏီ၊ ဒါမှမဟုတ် အဖွဲ့အစည်းတစ်ခုဟာ ဖြစ်စဉ် သုံးရပ်ကို ဖြတ်သန်းကြရတယ်လို့ ဆိုပါတယ်။

၁။ အဖွဲ့အစည်းဟာ ပကတိဖြစ်ရပ်အသစ်တွေကို အသိအမှတ်ပြု နိုးထလာရပါမယ်။ လုပ်ရိုးလုပ်စဉ်နဲ့တော့ အလုပ်မဖြစ်နိုင်တော့ဘူး ဆိုတာကို အသိအမှတ် ပြုရပါတယ်။

၂။ ဒုတိယအဆင့်အနေနဲ့ အဖွဲ့အစည်းဟာ အမြင်သစ်တစ်ရပ်ကို ဖွဲ့စည်း ဆုပ်ကိုင်ရပါတယ်။ အဲဒီအမြင်သစ်တစ်ရပ်ကို ဆောင်ရွက်နိုင်အောင် လိုအပ်တာတွေကို စုစည်းရပါတယ်။

၃။ တတိယအဆင့်အနေနဲ့ သဘောထားအသစ်၊ လုပ်နည်းလုပ်ဟန်အသစ်နဲ့ ပေါ်လစီအသစ်တွေကို သူ့နေရာနဲ့သူ အံဝင်နေသားတကျ ဖြစ်အောင် ကျစ်ကျစ်လစ်လစ်ဖြစ်အောင် ဆောင်ရွက်ရတာပါပဲ။

Harvard Business School က ပါမောက္ခ မော့စ်ကန်တာက 'အပြောင်းအလဲနှင့် ရင်ဆိုင်ခြင်း' ဆိုတဲ့ ဆောင်းပါးမှာ ပြောင်းလဲမှုပြုသူ စီးပွားရေးခေါင်းဆောင်တွေ၊ အဖွဲ့အစည်းခေါင်းဆောင်တွေ လိုက်နာကြတဲ့ အပြောင်းအလဲဆိုင်ရာ 'ပညတ်တော် ဆယ်ပါး' ကို ဖွင့်ဆိုထားလေရဲ့။

၁။ မိမိအဖွဲ့အစည်းမှာ ပြောင်းလဲမှု လိုအပ်နေပြီလား ဆိုတာ ထောင့်စေ့အောင် ခွဲခြမ်းစိတ်ဖြာကြည့်ပါ။

(အမိပ္ပာယ်ကတော့ အဖြစ်မှန်ကို ရဲရဲကြည့်ခိုင်းတာပဲ။ လူဆိုတာ အစွဲ ရှိတတ်တယ် မဟုတ်လား။ အစွဲခံနေတဲ့အခါ အမှန်အတိုင်း မမြင်နိုင်တော့ဘူး။ ဒီတော့ ရှေ့ဆက်ပြီး လုပ်ရမယ့် အလုပ်တွေဟာ အမှားတွေ ဖြစ်သွားမယ်။)

၂။ ကိုယ့်ရဲ့ သဘောအမြင်ကို သေသေချာချာ ရှင်းပြပြီး သဘောပေါက်အောင် လုပ်ပါ။ ဘယ်ကို သွားကြမယ်လို့ သိထားပါစေ။

(အဖွဲ့အစည်းထဲမှာ လူတိုင်း လူတိုင်း စိတ်ပါလက်ပါ ပါဝင်လုပ်ဆောင်ဖို့ဆိုတာ သိပ်ခက်တဲ့ အလုပ်ပါ။ သူတို့ဆီမှာ ဒါကို အတတ်ပညာတစ်ခုလို့ သဘောထားတယ်။)

၃။ အတိတ်နဲ့ အဆက်ဖြတ်ပါ။

(သိပ်ခက်တယ်။ အတိတ်ရဲ့ လွှမ်းမိုးမှုအောက်က လွတ်မြောက်ဖို့ဆိုတာ တော်ရုံတန်ရုံ စိတ်ဓာတ်အင်အားမျိုးနဲ့ မလွယ်ပါဘူး။ အတိတ်အဖြစ်အပျက်ကိုပဲ စွဲလမ်းနေမိတာကြောင့် စီးပွားရေး၊ နိုင်ငံရေး နယ်ပယ်တွေမှာ ရှေ့ဆက်လုပ်ဖို့ အခက်တွေ့ရတာ ဆုံးဖြတ်ချက် အမှားချမိတာတွေ အများကြီး ရှိတတ်ပါသတဲ့။)

၄။ ချက်ချင်း ထလုပ်တဲ့ အကျင့် ပျံ့နှံ့အောင် ဖန်တီးပါ။

(နောက်ကျရင် ခံပေရော့ပဲ။ မြန်မြန်လုပ်နိုင်မှ။ လက်ဦးမှ။)

၅။ ခိုင်မာထက်မြက်တဲ့ ခေါင်းဆောင်မှုကဏ္ဍကို ထိန်းပါ။

၆။ နိုင်ငံရေး ကျောထောက်နောက်ခံတွေကို လျာထားပါ။

၇။ လက်တွေ့ အကောင်အထည်ဖော်ရမယ့် စီမံကိန်းကို ဆွဲပါ။
၈။ အကောင်အထည် ဖော်ရာမှာ အထောက်အပံ့ပြုမယ့် ကိရိယာ ဆောင်ရွက်ဖွယ်ရာတွေကို ပျိုးထားပါ။
၉။ ရင်းနှီးစွာ ဆက်ဆံ၊ အပြန်အလှန် ရိုးသားသူတွေပါဝင် ဆောင်ရွက်အောင် လုပ်ပါ။
၁၀။ အပြောင်းအလဲ စိတ်အခံကို ပွားများပါ။

စိတ်ကူးသစ်တွေ သားဖျက်ခံရတဲ့ အကြောင်းကိုလည်း ပြောပြထားပါသေးတယ်။ စိတ်ကူးအသစ် အမြင်အသစ်တွေအတွက် အဟန့်အတား အခုအခံတွေဟာ ဟောဒီအချက်တွေကြောင့် ဖြစ်နိုင်သတဲ့။

၁။ အကြောက်တရား
(က) ကုန်ကျစရိတ် များပြားမှာကို ကြောက်လို့။
(ခ) စွန့်စားရမှာ ကြောက်လို့။
(ဂ) လက်ရှိ အခြေအနေကို ပြောင်းလဲပစ်ဖို့ ကြောက်ရွံ့ ဝန်လေးနေလို့။

၂။ မလောက်ငမှု
(က) အချိန် လုံးဝ မရတော့လို့
(ခ) စိတ်ကူးသစ်အပေါ် လုံလောက်တဲ့ စိတ်ဝင်စားမှု မရှိလို့

၃။ လိုအပ်မှု
(က) အများရဲ့ ယုံကြည်မှု မရလို့
(ခ) အများရဲ့ ထောက်ခံမှု မရလို့

စိတ်ဝင်စားစရာကောင်းတဲ့ အချက်တွေပါပဲ။

✕✕✕ ✕✕✕ ✕✕✕

(၅)

မြန်မာမှာ 'ထိုင်နေအကောင်းသား ထသွားမှ ကျိုးမှန်းသိ' ဆိုတဲ့ စကားရှိတယ်။ အဲဒီ 'ထိုင်နေအကောင်းသား စိတ်ဓာတ်' ဟာ တော်တော် ဒုက္ခပေးပါတယ်။ ကိုယ် 'ကျိုး' မှန်းမသိစေချင်တော့ ခပ်တည်တည်နဲ့ ထိုင်နေ၊ အဲသလို အဖြစ်မှန်ကို ရဲရဲရင်မဆိုင်ဝံ့ဘဲ ဖုံးကွယ်ရင်းနဲ့ ကြာလာတဲ့အခါ ကိုယ်ကိုယ်တိုင် 'ကျိုး' နေတဲ့ အဖြစ်ကို မေ့သွားတတ်ပါတယ်။ အမှားကြာ အမှန်ထင်သွားတတ်ပါတယ်။

ဘာဖြစ်သလဲ။ ရဲရဲတင်းတင်းပေါ့။ ဟုတ်တယ်၊ ငါ 'ကျိုး' နေတယ်လို့ တည့်တည့်မြင်ပါ။ ကျိုးလို့ ထိုင်နေတာ ဘာမှ အရာမရောက်ဘူး။ ထပြီးလျှောက်ပါ။ ထော့နင်း ထော့နင်း ဖြစ်ချင်ဖြစ်စမ်းပါစေ။ လျှောက်ရင်းလျှောက်ရင်းနဲ့ ခြေထောက်တွေ သန်စွမ်းလာနိုင်ပါတယ်။

လက်ရှိအတိုင်း နေသာထိုင်သာ ရှိနေသေးရင် လူအတော်များများဟာ ပြောင်းလဲဖို့ သတိမရတတ်ပါဘူး။ ဒါကြောင့်လည်း လုပ်ငန်းတွေ ကျဆုံးသွားတတ်ကြတာပါ။ စီမံခန့်ခွဲမှုမှာ စဉ်းစားမှု အားကောင်းခဲ့ကြတဲ့ နိုင်ငံတွေမှာတော့ အဆင်ပြေနေစဉ်မှာကို အပြောင်းအလဲ စလုပ်ပါတယ်။ အဆင်ပြေနေသားပဲဆိုပြီး ငြိမ့်နေပါဘူး။ အရာရာဟာ မျဉ်းကွေးတွေပါ။ ပထမ အဆင်ပြေလာတယ်။ နောက် အောင်မြင်တယ်။ အောင်မြင်တယ်။ ထိပ်ဆုံးမှာ ရှိနေတယ်။ တဖြည်းဖြည်း ပြန်ကျ၊ ပြန်ကျ၊ နောက်ဆုံး မထိန်းနိုင်ရင် နောက်တစ်ဖန် ဆက်မတက်နိုင်ရင် ဘုန်းဘုန်းလဲပေတော့၊ ဒါ ဓမ္မတာပါ။

ကမ္ဘာကျော် ဂျင်နရယ်အီလက်ထရစ် (GE) ဥက္ကဋ္ဌ ဂျက်ဝဲ့လ်ချ်၊ မိုတိုရိုလာ ကုမ္ပဏီ ဥက္ကဋ္ဌ ဘော့ဂယ်လ်မင်တဲလ်

အတ္တလန်တစ် ကုမ္ပဏီ ဥက္ကဋ္ဌ ရေမွန်စမစ် အစရှိတဲ့ လုပ်ငန်းရှင် အကြီးအကဲတွေဟာ သူတို့လုပ်ငန်းတွေ ကြီးထွားအောင်မြင်နေစဉ်မှာကိုပဲ အပြောင်းအလဲ လုပ်ရမယ်ဆိုတာ သဘောပေါက်ထားကြတာ၊ အောင်မြင်နေတဲ့ ကုန်ပစ္စည်းကို ပုံစံပြောင်းဖို့ဆိုတာ တွေးရိုးတွေးစဉ်အရ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒါပေမယ့် လက်တွေ့မှာတော့ အသစ်အသစ် ပြောင်းနေလေ အောင်မြင်တည်တန့်လေ ဖြစ်နေတယ်လို့ စီမံခန့်ခွဲရေး ပညာရှင်တွေက ဆိုကြပါတယ်။

"လက်ရှိအတိုင်းလည်း နေရတာ ဟုတ်နေသားပဲဆိုတဲ့ စိတ်ကူးကို ကြီးထွားအောင် မွေးမြူထားတဲ့အတွက် ကျွန်မတို့မျိုးဆက်မှာ ကြီးစွာသော အန္တရာယ် ကျရောက်လာမှာ စိုးမိပါတယ်။ နေသာထိုင်သာ အခြေအနေလောက်ကိုသာ မျှော်လင့်ထားကြရင် ကျွန်မတို့ ဘာမှရမှာ မဟုတ်ဘူး။ သိပ်နောက်မကျလှသေးခင် အားလုံး သိထားရမှာက ပြောင်းလဲမှုကို ရဲရင့်စွာ လက်ခံပြီး အတွေးအမြင် စိတ်ကူးသစ်တွေ ဖန်တီး ဖော်ဆောင်ခြင်းကသာ အမြင့်မားဆုံး တာဝန်ကို ထမ်းရွက်ရာ ရောက်မယ်ဆိုတာပဲ' တဲ့။ ကမ္ဘာကျော် မျက်မမြင် အမျိုးသမီး ဟယ်လင်ကဲလား ပြောခဲ့တဲ့ စကားပါ။

✕✕✕ ✕✕✕ ✕✕✕

(၆)

ကျွန်တော်တို့လည်း ပြောင်းလဲဖို့ အချိန်တန်ပါပြီ။

အရာရာ အဆင်ပြေ ညက်ညောနေရုံနဲ့ မလုံလောက်တော့ပါဘူး။ ရှင်သန် တည်မြဲရေးဟာ သတ္တိနဲ့ စိတ်ကူးတို့အပေါ် တည်နေပါတယ်။

အဆင်ပြေရုံ ပြေနေခြင်း ပုံစံတွေကို စိန်ခေါ်ရတဲ့ သတ္တိ။

ဝန်ဆောင်မှု အသစ်တွေ၊ ကုန်စည်အသစ်တွေ၊ ဈေးကွက် အသစ်တွေကို တီထွင်ဖန်တီးနိုင်တဲ့ စိတ်ကူးစိတ်သန်း။

ဒါပေမယ့် လူ့အဖွဲ့အစည်း တစ်ရပ် ပြောင်းလဲတယ် ဆိုတာ ခေါင်းဆောင်တွေ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေက ပြောင်းလဲရုံနဲ့ ရနိုင်တာမျိုး မဟုတ်ပါဘူး။

လမ်းပေါ်က သာမန်လူတစ်ဦးစီရဲ့ ရင်ထဲမှာ ပြောင်းမှ ဖြစ်မယ်ဆိုတဲ့ စိတ်အခံ မရှိသေးသမျှတော့ ဘာမှ အပြောင်း အလဲ ရှိမှာ မဟုတ်ပါဘူး။

၁၉၉၅၊ နိုဝင်ဘာ

-ဒ-ဇ- -ဒ-ဇ- -ဒ-ဇ-

## မုံရွေးစာအုပ်တိုက်မှ ထုတ်ဝေပြီးစာအုပ်များ။


| | |
|---|---|
| (၁) ကိုတာ၏ ဖြန့်ထွက်တွေးခြင်းနှင့် အခြားစာတမ်းများ | ၁၂၀ ကျပ် |
| (၂) ပါရဂူ၏ ယယာတိ | ၃၀၀ ကျပ် |
| (၃) ခင်မောင်ရင် – ဇော်ဇော်အောင်၏ အနုပညာစံ | ၁၂၀ ကျပ် |
| (၄) ကိုတာ၏ ရယ်ရှင်ဖွယ်နှင့် အခြားစာတမ်းများ | ၁၃၅ ကျပ် |
| (၅) ပါရဂူ၏ တကိုးဝတ္ထုတိုများ | ၄၀၀ ကျပ် |
| (၆) ဒေါက်တာသန်းထွန်း၏ မင်းဒုက္ခနဲ့မင်းနှင့် ကဗျာများ | ၁၁၀ ကျပ် |
| (၇) ဒေါက်တာသန်းထွန်း၏ အရင်ဧကရာဇ်အခုလူ | ၄၅၀ ကျပ် |
| (၈) မြင့်သန်း၏ သူရေး၍သူကြိုက်သော ဝတ္ထုတိုများ | ၁၂၀ ကျပ် |
| (၉) ပါရဂူ၏ ပရကထာ | ၄၀၀ ကျပ် |
| (၁၀) ကိုကိုမောင်၏ အာကာကို လွှာပုံပြုပါလို့ | ၁၇၅ ကျပ် |
| (၁၁) ကိုကိုမောင်၏ မဟာအချစ်ခရီးသည် | ၂၅၀ ကျပ် |
| (၁၂) ဗန်းမော်တင်အောင်၏ အိန်းစတိန်းနှင့် သူ၏ဓမ္မတရားများ | ၂၈၀ ကျပ် |
| (၁၃) မောင်ဖြူး၏ တကိုးစာပဒေသာ | ၂၂၀ ကျပ် |
| (၁၄) English Grammar by Win Pe | ၂၂၀ ကျပ် |
| (၁၅) ဝမ်းမြောက်ဝမ်းသာ စာတမ်းများ (ဒေါက်တာသန်းထွန်း ၇၅ နှစ်မြောက် အထိမ်းအမှတ်) | ၂၅၀ ကျပ် |
| (၁၆) ဝင်းဖေ၏ မြကန်သာ (*Emerald Lake*) | ၂၅၀ ကျပ် |
| (၁၇) မြဇင်၏ ကဗျာ့နရီနှင့် နိမိတ်ပုံ | ၂၅၀ ကျပ် |
| (၁၈) အံမောင်၏ (အန်းဒါးဆင်း) အရုပ်မပါတဲ့ အရုပ်စာအုပ် | ၁၈၀ ကျပ် |
| (၁၉) ပါရဂူ၏ စာပေခရီးသည် | ၃၇၀ ကျပ် |
| (၂၀) ဇော်ဇော်အောင်၏ စာပေသဘောတရားအခြေခံကျမ်း | ၁၈၀ ကျပ် |
| (၂၁) တက္ကသိုလ်မောင်မောင်ကြီး၏ မွန်ဂိုစစ်ဘုရင် ဂျင်ဂစ်ခန် | ၂၅၀ ကျပ် |
| (၂၂) ဇော်ဇော်အောင်၏ စာပေဝေဖန်ရေးသဘောတရား အခြေခံကျမ်း | ၁၈၀ ကျပ် |

( ၂၃ ) မောင်သစ်ဆင်း၏ ကြောက်စိတ်

## ဆက်လက်၍

( ၂၄ ) တက္ကသိုလ်မောင်မောင်ကြီး၏ စစ်ဘုရင် တိမူး
( ၂၅ ) ကိုတာ၏ ပြတင်းပေါက်မှ ကြည့်သူ၏ စိတ်ကူးများ
( ၂၆ ) အံ့မောင်၏ (အန်းဒါးဆင်းပုံပြင်များ) ခင်စိတ္တ
( ၂၇ ) အံ့မောင်၏ (အန်းဒါးဆင်းပုံပြင်များ) အဖွါးအိုယော်ဟန်နာပြောသောပုံပြင်
( ၂၈ ) လူထုစိန်ဝင်း၏ စာနယ်ဇင်း အရေးအသား ပုံစံသစ်
( ၂၉ ) လူထုစိန်ဝင်း၏ အရက်နဲ့တန်ဖိုး
( ၃၀ ) ဒဂုန်တာရာ၏ အလှဗေဒ
( ၃၁ ) ဖွင့်ထားသောစိတ်
(သင့်ဘဝ – ဖန်တီးသူတို့ အကြိုက်ဆုံး ကဗျာ၊ ဝတ္ထု၊ ကာတွန်းများ)
( ၃၂ ) ဒေါက်တာသန်းထွန်း၏ အိုးသမိုင်း
( ၃၃ ) ဒေါက်တာသန်းထွန်း၏ တတိယမျက်လုံး
( ၃၄ ) ခင်မောင်ရင်၏ ပေါ်ဦးသက် အလည်လာခြင်း
( ၃၅ ) အောင်မောင်း၏ ပညာရှင်များနှင့် တွေ့ဆုံခြင်း
( ၃၆ ) မောင်ထွန်းသူ၏ မျှော်တလင့်လင့်
( ၃၇ ) ပါရဂူ၏ တမ္ဗပဏ္ဏိ
( ၃၈ ) ဆရာ့ဆရာတို့၏ ထူးထူးခြားခြား အမှာများ
( ၃၉ ) ဂျွှဝင် မြန်မာကဗျာများ
( ၄၀ ) ဂျွှဝင် ဝတ္ထုတိုများ
( ၄၁ ) တင်မိုး၏ ကန္တာရနှစ်များ